
www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

**ရတနာပုံစာအုပ်တိုက်**

အမှတ် ၁၀၀ (D)၊ အင်းယားလမ်း၊

ကမာရွတ်မြို့နယ်၊ ရန်ကုန်။

ဖုန်း - ၅၄၈၀၅၈

www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စုမပြိုကွဲရေး
ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး
ဒို့အရေး
အချုပ်အခြာ အာဏာ တည်တံ့ ခိုင်မြဲရေး
ဒို့အရေး

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

BURMESE CLASSIC .com

www.burmeseclassic.com

# မဟာသေနာပတိ

ချစ်ဦးညို

ရတနာပုံစာအုပ် - ၂၁
[ ၂၀၀၂ ခုနှစ်၊ မတ်လ ]

www.burmeseclassic.com


| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | - | ၁၄၆၈/၂၀၀၁ (၁၂) |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | - | ၃၀/၂၀၀၂ (၁) |

| | | |
|---|---|---|
| စီစဉ်သူ | ■ | ဦးသိမ်းစိုး၊ မင်းထွဋ်ဝင်း |
| ပုံနှိပ်မှတ်တမ်း | ■ | (ဒုတိယအကြိမ်)<br>အုပ်ရေ - ၁၀၀၀<br>၂၀၀၂ ခု၊ မတ်လ |
| ထုတ်ဝေသူ | ■ | ဦးသန်းဆွေ<br>(စစ်သည်တော်စာပေ)<br>၁၁၃၁/က၊<br>ဥယျာဉ်လမ်း၊ ဒဂုံတောင် |
| မျက်နှာဖုံးနှင့် | ■ | ဒေါ်ခင်အေးမြင့် |
| အတွင်းပုံနှိပ် | ■ | (ရာပြည့်အော့ဖ်ဆက်)<br>၁၉၉၊ လမ်း ၅၀၊<br>ပုဇွန်တောင် |
| မျက်နှာဖုံးပန်းချီ | ■ | ကိုဆန်း |
| စာအုပ်ချုပ် | ■ | ကိုမြင့် |
| တန်ဖိုး | ■ | |

www.burmeseclassic.com

# အခန်း (၁)

သူနှင့် စတင် တွေ့ဆုံသိကျွမ်းခဲ့ရသည့် ပထမဆုံးအကြိမ်မှာပင် သူသည် ထူးခြားသော စိတ်နေသဘောသဘာဝရှိသူ ဖြစ်ကြောင်း ကျွန်ုပ် သိသိမှတ်မှတ် သတိထားခဲ့မိလေသည်။

ထိုနေ့က နှင်းတွေ ဝေနေသည်။

အမရပူရ ရွှေမြို့တော်၏ ကျုံးရေပြင်ထက်တွင် နှင်းတို့ သိပ်သည်းစွာ ဆို့ဆီးနေကြသောကြောင့် ရေပြင်ကိုပင် ကောင်းစွာ မမြင်ရ။ နီညိုရင့်ရင့် မြို့ရိုးအုတ်တံတိုင်းကြီးသည်ပင် နှင်းငွေ့တို့အကြား၌ ဝိုးတဝါးဖြစ်နေသည်။ ကျုံး၏ အခြားဘက်မှ နေပြည်တော် လမ်းမကိုမူ မမြင်ရတော့။

ဆီးနှင်း တဖောက်ဖောက် ကျသံများကလည်း မိုးစက် မိုးပေါက်များလိုပင် ထင်ရတော့သည်။ ကျွန်ုပ်



BURMESE CLASSIC .com

www.burmeseclassic.com



လက်ထဲတွင် ဆုပ်ကိုင်ထားသော လှံရှည်အရိုးသည် ပကတိအေးစက်နေသည်။ ကင်းတဲအတွင်းမှာ မီးဖိုထားသော်လည်း တကယ်တမ်း အေးလှသော အမရပူရ ဆောင်းရာသီဝယ် မီးလှုံ၍ အချမ်းမပြေ၊ မီးတောက်နှင့် နီးသော အပိုင်းမှာသာ ပူနွေးပြီး အခြားနေရာများတွင်ကား ဆောင်းဒဏ်ကို သိသိသာသာ ခံစားနေရသည်။

ကိုယ်တွင်း အနွေးဓာတ်ကို ကျွန်ုပ်တောင့်တမိချေသည်။

သည်လို ချမ်းချမ်းစီးစီး နံနက်အစောကြီးမှာ ထန်းလျက်အရက်ကလေး တစ်ခွက်တစ်ဖလားလောက် မိုက်ထဲ လောင်းထည့်လိုက်ရရဖြင့်····။

သို့သော် အတွေးကို ချက်ချင်းပင် ဖယ်ရှားလိုက်ရသည်။

အမှုတော် ထမ်းနေရသည့် အချိန်၊ အရှေ့ဘက် မြို့ရိုးမုခ်တွင် ကင်းအလှည့် တာဝန်ယူနေရသည့်အချိန်၊ ကင်းအလှည့်ကျ ရဲမက်၏ တဝန်မှာ ကြီးမားလှသည်။ မပြတ်မလပ်သော နားမျက်စိအာရုံကို အစွမ်းကုန် နိုးကြားစေလျက် ကင်းစောင့်နေရသည်။

သန်းခေါင်ယံအချိန်မှ စ၍ ကင်းအလှည့်ဝင်ခဲ့

www.burmeseclassic.com



ရသော ကျွန်ုပ်၏ တာဝန်ချိန်မှာ နံနက် အုံးမောင်းခေါက်ချိန်ရောက်မှ ပြီးဆုံးမည်ဖြစ်သည်။ ကျွန်ုပ်နှင့်အတူ ကင်းစောင့်တာဝန်ကျသော သွေးသောက်ကြီး ရဲမင်းထင်မှာ ကောင်းစွာ ကျန်းမာသူမဟုတ်၊ အထူးသဖြင့် ယခုလို အအေးဓာတ် လွန်ကဲလှသော ဆောင်းရာသီမျိုးဝယ် သူ့ပန်းနာရောဂါက ဆိုးဆိုးရွားရွား ဖြစ်လာတတ်သည်။ သူချောင်းတစ်ချက် ဆိုးပြီဆိုလျှင် အရပ်အနားမရှိတော့။ ပင်ပန်းကြီးစွာ ရှိုက်ငင်လျက် ချောင်းဆိုးနေရရှာသော သူ့ခမျာ အသက်ရှူချိန်မှ ရပါလေစဟု ကျွန်ုပ်ထင်မိသည်။ ထို့ကြောင့် ကင်းတဲအတွင်းရှိ မီးဖိုနားတွင် သူ့ကို အိပ်ရာပြင်ပေးပြီး တစ်ချိန်လုံး အနားယူစေခဲ့ရသည်။ စင်စစ် သွေးသောက်ကြီး ရဲမင်းထင်သည် မြို့စောင့်တပ်တွင် အမှုတော်ထမ်းဖို့ မသင့်တော်ပေ။ ခမျာမှာ ပန်းနာရောဂါအတွက် သက်သာရာ သက်သာကြောင်းရှာရင်း ဘိန်းလည်း စွဲနေရှာပြီ။

ကင်းတာဝန်ကျချိန် ဖြစ်သောကြောင့် သူ ဘိန်းလည်း မမျိုသာ။

ရင်ခေါင်းထဲမှ တရှဲးရှဲးမြည်သံကြီးဖြင့် အသက်ရှူရင်း ရဲမင်းထင်သည် ဝေဒနာ ခံစားနေရရှာလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



နွေးနွေးထွေးထွေးရှိစေရန် လုပ်ပေးဖို့မှအပ ကျွန်ုပ်လည်း ဘာမျှ မတတ်နိုင်သဖြင့် သူ့အိပ်ရာ၏ တစ်ဘက်တစ်ချက်စီတွင် မီးဖိုနှစ်ခု မွှေးပေးလိုက်ရသည်။

ယခုမူ ရဲမင်းထင်သည် ဒူးနှင့်ရင်ဘတ် ထိကပ်အောင်ကွေးကာ မီးဖိုနှစ်ခုအကြား အိပ်ပျော်နေလေပြီ။

မြေကရားထဲက ရေနွေးကြမ်းလည်း သူ ချွဲရှင်းအာလုပ်ကျင်းသည်နှင့် ကုန်လေပြီ။ အေးစက်နေသောလုံရိုးကို ဆုပ်ကိုင်ကာ ကျွန်ုပ်တစ်ဦးတည်း ကင်းတဲအဝတွင် ကင်းဆောင့်နေရသည်။ နှင်းစက်များကြောင့် ကျွန်ုပ်၏ 'မောက်တို'လည်း ရွဲရွဲစိုနေသည်။ ခြုံထည်ဝတ်ရုံကို ရဲမင်းထင်အား ပေးထားရသောကြောင့် ကျွန်ုပ်၏ ကိုယ်ပေါ်တွင်လည်း နှင်းစက်များ ရွှဲနေသည်။

ကျင့်သားရနေပြီဖြစ်သောကြောင့် အိပ်ငိုက်ခြင်းအလျင်းမရှိစေကာမူ အအေးဒဏ်၏ ရိုက်ခတ်မှုဖြင့် မျက်ခွံများ ကျိန်းစပ်နေသည်။

နွေးထွေးစွာ အိပ်ပျော်နေသည့် သွေးသောက်ကြီး ရဲမင်းထင်။

အကင်းသေစ ပြုနေပြီဖြစ်သည့် မီးဖို။

တဖောက်ဖောက်ကျနေသည့် နှင်းစက်များ။



BURMESE CLASSIC .com

www.burmeseclassic.com



အငွေ့ခြောင်းခြောင်း ထနေသည့် ကျုံးရေပြင်။

မြူအထပ်ထပ် ဆို့ဆီးနေသော မြင်ကွင်း။

အမရပူရ ရွှေမြို့တော်၏ ပြင်းထန်သော ဆောင်းရာသီအောက်ဝယ် ကျွန်ုပ်တစ်ယောက်တည်း ဖြစ်နေသည်။

လုံရိုးကို ဆုပ်ကိုင်ထားသည့် လက်ချောင်းများ ထုံကျင်လာသည်။ ခြေသလုံးသားများ နာကျင်ကိုက်ခဲ လာသည်။ နှာသီးဖျားနှင့် မျက်ခွံစများတွင် အအေးဒဏ်ကို ပို၍ ခံစားနေရသည်။

အချိန်တို့ ကုန်ခဲလှဘိခြင်းဟု တွေးနေမိစဉ်မှာ ပင် အုံးမောင်းခေါက်သံကို ကြားလိုက်ရလေသည်။ အုံးမောင်းခေါက်သံကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး နွေးသွားသည်ဟုဆိုလျှင် စကားကြွယ်လှချည့်ဟု ထင်ကြမည်။

စကား မကြွယ်ပါချေ။ အမှန်ပင် နွေးထွေးသွားချေသည်။

ကျွန်ုပ်၏ ကင်းအလှည့်တာဝန် ပြီးဆုံးသွားပြီးနောက် အလှည့်ကျသည့် ရဲမက်များ ရောက်လာကြတော့မည်။ နားနေအိပ်စက်ခွင့် ရမည်။

တဲအတွင်း မီးဖိုနှစ်ခုကြားတွင်မူ ရဲမင်းထင်



BURMESE CLASSIC .com

www.burmeseclassic.com



သည် အိပ်ကောင်းနေဆဲ။

ထိုအချိန်မှာပင် ဆီးနှင်းငွေ့များ၏ တစ်ဘက် မမြင်ရသော နေရာဆီမှ လူသံများ ကြားလိုက်ရသည်။

"ရပ်… ဘယ်သူလဲ"

ကျွန်ုပ် အော်၍မေးရင်း လှံရှည်ကို အသင့်ပြင် ထားလိုက်လေသည်။

"သေစ်… ငါတို့ပါ၊ ကင်းအလှည့်ပြောင်း ရဲမက်တွေ"

"နာမည်ပြော"

"ငတေနဲ့ ငခါး"

ရဲမက်ငတေ၏ အသံကြောင့် စိတ်ချသွားသည်။ မကြာခင်မှာပင် ဆီးနှင်းမြူငွေ့များကြားထဲမှ ငတေ ပေါ်လာသည်။ သူ့နောက်မှာ ငခါး။

"ချမ်းလိုက်တာကွာ၊ ကိုယ့်မေးစေ့ ကိုယ် တောင် ထိန်းလို့ မရတော့ဘူး"

မေးချင်းခတ် သွားချင်းရိုက်နေသော အသံဖြင့် ငတေက ညည်းသည်။ သူ့ပါးစပ်မှ အငွေ့ဖြူဖြူများ ထောင်းထောင်းပျံ့လွင့်နေပေသည်။

"ငါ့များ အားနာပါဦးတော့၊ သန်းခေါင်ကနေ



BURMESE CLASSIC .com

www.burmeseclassic.com



အခုထိ''

''ရဲမင်းထင်ကော ....''

ရဲမင်းထင် အိပ်နေရာဆီသို့ မေးငေါ့ပြလိုက်ရသည်။

''ဒီပန်းနာရောဂါနဲ့ ကင်းစောင့်နဲ့တော့ မကိုက်ပါဘူးကွာ''

ရဲမင်းထင်ကို နှိုးရသည်။ ကယောင်ကတမ်း ထလာကာ မီးဖိုကို မီးဆွနေလေသည်။

''ကင်းအလှည့် ပြောင်းပြီ သွေးသောက်ကြီးရဲ့၊ ကိုယ့်အိမ်ကိုယ်ပြန်၊ ဘိန်းမျိုနိုင်ပြီ၊ ထ...ထ''

ငခါးက ရဲမင်းထင်ကို ဆွဲထူပေးသည်။ ရဲမင်းထင်ဆီမှ ခြုံထည်ဝတ်ရုံကို လှမ်းယူကာ ကျွန်ုပ်တစ်ကိုယ်လုံးကို ပတ်လိုက်ရသည်။ ရဲမင်းထင်၏ ကိုယ်ငွေ့၊မီးဖိုမှ အပူငွေ့တို့ဖြင့် နွေးနေသော ခြုံထည်ဝတ်ရုံကို လွှမ်းလိုက်ရသည်မှာ အရသာရှိလှပေသည်။

''ဘာအကြောင်းထူးသေးလဲဟေ့ ငသစ်''

''မထူးဘူး၊ အားလုံးအေးချမ်းငြိမ်သက်''

''တပ်မှူး လာစစ်သေးလား''

''မလာဘူး''



BURMESE CLASSIC .com

www.burmeseclassic.com



ထုံးစံအတိုင်း ကင်းအလှည့်ပြောင်းတာဝန်ကို လွှဲကြပြီးနောက် ရဲမင်းထင်ကိုတွဲကာ ကင်းတဲမှ ကျွန်ုပ် ထွက်လာခဲ့သည်။ ငတေနှင့်ငခါးတို့ နှင်းဖြူထု၏ တစ်ဘက်တွင် ပျောက်ကွယ်ကျန်ရစ်ခဲ့ကြလေသည်။

"သွေးသောက်ကြီး ဘယ့်နှယ့်နေသေးလဲ"

"အခုတော့ သက်သာသွားပါပြီ၊ ဒီရောဂါမျိုး ဆိုတာကလည်း အေးလေလေ ပိုဆိုးလေလေကိုးကွာ။ စောစောကများဆိုရင် ချောင်းဆိုးရင်းနဲ့ အသက်ထွက်သွားတော့မလား အောက်မေ့ရတယ်"

ရဲမင်းထင်သည် ကျွန်ုပ်ထက် ရှစ်နှစ်ခန့် အသက်ကြီးသူဖြစ်သည်။ သူ့အသက်မှာ သုံးဆယ်ကျော်ပြီ။ သို့သော် ရောဂါကြောင့် သူ့ခန္ဓာကိုယ်သည် ကြုံလှီဖျော့တော့နေသည်ဖြစ်ရာ အသက်လေးဆယ်ကျော်ဟု ထင်ရသည်။ သွေးသောက်ကြီးဟု ကျွန်ုပ်တို့က တရင်းတနှီးခေါ်နေကြသော်လည်း စင်စစ်သူသည် ကျွန်ုပ်တို့ ရဲမက်ဆယ်ယောက်အပေါ် အုပ်ချုပ်ရသော 'အကြပ်'တစ်ဦးသာဖြစ်သည်။ အကြပ်ငါးဦးကို အုပ်ချုပ်ရသော 'သွေးသောက်'အဆင့် မဟုတ်သေး။ သူ့အသက်ရှိရင်းထက် ဆယ်နှစ်ခန့်ပို၍ ကြီးရင့်အိုစာနေသောကြောင့် သူ့ကို

www.burmeseclassic.com



သွေးသောက်ကြီးဟု ကျွန်ုပ်တို့က ခေါ်နေကြခြင်းဖြစ်သည်။

ကျွန်ုပ်တို့ နှစ်ဦးသား ကျုံးတံတားတစ်ဘက်ထိပ်သို့ ရောက်လာကြသည်။

နံနက်ခင်းဘက် ရောက်လာလေလေ အအေးဓာတ်က ပို၍ ပြင်းလာလေလေဖြစ်သောကြောင့် စောစောက သက်သာသွားပါပြီဆိုသော ရဲမင်းထင်မှာ တံတားထိပ်အရောက်တွင် ရောဂါဖောက်လာပြန်သည်။ သူ့ ချောင်းဆိုးသံရှည်ကြီးကို နားမခံသာဖွယ် ကြားလာရပြန်သည်။

"ကိုင်း … သွေးသောက်ကြီး၊ ခင်ဗျား ဒီအတိုင်း အိမ်ပြန်လို့ မဖြစ်သေးဘူး။ ဟောဟို လမ်းထောင့်မန်ကျည်းပင်အောက်မှာ အကြော်တဲလေးတစ်တဲရှိတယ်။ ဝမ်းထဲ အစာလေးသွင်းပြီး ရေနွေးကြမ်း ပူပူလေးသောက်ချလိုက်ဦး။ နည်းနည်းခံသာသွားမယ်။ကျုပ်လည်း ဝမ်းဟာနေတယ်။ အကြော်လေးဘာလေး စားလိုက်ကြရအောင်"

"ငါတော့ အိမ်အမြန်ပြန်ပြီး ဘိန်းမျိုချင်တာပဲ"

"အကြော်စားပြီးမှ ပြန်၊ လာစမ်းပါဗျာ"

www.burmeseclassic.com



ကင်းတာဝန်ကျပြီးသည့် နောက်တစ်နေ့တွင် ကျွန်ုပ်တို့ ရဲမက်များအဖို့ နန်းတော်အတွင်း တပ်စခန်းသို့ ပြန်စရာမလို။ ကိုယ်အိမ် ကိုယ်ပြန်နားနေခွင့်ရသည်။ ရဲမင်းထင်မှာ ရွှေမြို့တော် မြောက်ဘက်ဇေယပုဒ်တွင် သူ့ ညီတစ်ယောက်နှင့်နေသူ ဖြစ်လေသည်။

မန်ကျည်းပင်အောက် အကြော်တဲသို့ ရောက်သောအချိန်ထိ နှင်းမကွဲသေး။ ပို၍ပင် ထူထပ်သိပ်သည်းနေတော့သည်။

အကြော်တဲကလည်း ယခုမှ ထွက်လာကာစပင် ရှိသေးသည်။ အကြော်ဒယ်ဘေးရှိ ဗန်းထဲတွင် ပဲစင်းငုံနှင့် ကတိုးဝါကြော် လေးငါးခုသာရှိသည်။

"ထိုင်ကြ၊ ရေနွေးသောက်ကြဦး။ ရဲမက်တို့ စောစောစီးစီး၊ ကင်းအလှည့် သိမ်းလာကြတာနဲ့တူရဲ့"

အကြော်သည် မိန်းမကြီးက နှုတ်ဆက်စကားဆိုသည်။ အကြော်တဲတဲတွင် ကျွန်ုပ်တို့ နှစ်ဦးမှအပ ဘယ်သူမျှ မရှိသေးပေ။ ရေနွေးကြမ်းပူပူ အငွေ့တခြောင်းခြောင်းကို မှုတ်လျက် အားပါးတရ သောက်ချလိုက်သည်။ ထိုအခိုက်မှာပင် -

"ဟော့… ကတိုးဝါကြော် ရပြီလား၊ မြန်မြန်

www.burmeseclassic.com



လုပ်စမ်း”

ငေါက်ငမ်းသံနှင့်အတူ၊ လူလေးယောက် တဲထဲ ဝင်လာကြသည်။ နှင်းများအရွဲရွဲ၊ ဆံပင်အပြေပြေ၊ ပုဆိုး လျော့လျည်းလျည်း။

“ဘယ်မလဲ အကြော်၊ ဟွန်း… ဒါပဲရှိသလား။ ပေးစမ်း၊ ရှိတာစားမယ်၊ အဖွားကြီး မြန်မြန် ဆက်ကြော် စမ်း၊ ကျုပ်တို့ အမြည်းလိုတယ်”

တစ်ယောက်က ပန်းကန်ထဲမှ အကြော်များကို သိမ်းကျုံးယူကာ ကျန်လူများကို ဝေပေးရင်း သူလည်း ပလုပ်ပလောင်း စားသည်။ စားရင်းဖြင့် ခါးကြားထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်ကာ တစ်လုံးတည်းသော စားပွဲ ဝိုင်းပေါ်သို့ ခပ်ပြင်းပြင်း ဆောင့်ချလိုက်သည်။

သေရည်ကျည်တောက်။

ကျည်တောက်ကို တစ်လှည့်စီ မော့ကြသည်။ စင်စစ်မူ သူတို့အသွင်မှာ နောက်ထပ် သေရည်သောက် စရာမလိုတော့အောင်ပင် အလွန်အကျွံ မူးယစ်နေကြပြီ ဖြစ်ကြောင်း သိသာလှပေသည်။ သည်မျှ ချမ်းချမ်းစီးစီး ဆောင်းနံနက်အခါကြီးတွင် သည်အသွင်မျိုးဖြင့် ရောက် လာကြသော သူတို့ကား တညဉ့်လုံးလုံး တစ်နေရာရာတွင်



BURMESE CLASSIC .com

www.burmeseclassic.com



သောက်စား မူးယစ်လာခဲ့ကြသူများပင် ဖြစ်သည်။

"အဖွားကြီး… မြန်မြန်ကြော်စမ်းဆိုနေ၊ ဘာလဲ ငွေစမရမှာ စိုးလို့လား၊ ပေးမှာပေါ့ဗျာ။ ခင်ဗျား အကြော်တွေရှိသလောက် အကုန်စားမယ်။ အကြော်ဖိုး တင်မက ဒီတဲရော ဒီဒယ်ကြီးပါ ကျုပ်တို့ဝယ်လိုက်မယ်။ ဟုတ်တယ်မဟုတ်လား ရောင်းရင်းတို့…"

"ဟုတ်…ဟုတ်… များစွာဟုတ်"

သံသေး သံကြောင်များဖြင့် ဝိုင်းရယ်ကြသည်။

ရဲမင်းထင်က ကျွန်ုပ်ကို လှမ်းကြည့်သည်။ ကျွန်ုပ်က အသာနေရန် မျက်ရိပ်ပြလိုက်ရသည်။ အလွန်အကျွံ မူးယစ်နေသူများကို အသာစောင့်ကြည့်နေခြင်းသာ အကောင်းဆုံးဖြစ်ပေသည်။

အကြော်သည် မိန်းမကြီးကား ကြောက်ကြောက်ရွံ့ရွံ့ဖြင့် အကြော်ဆက်ကြော်နေရှာလေသည်။ အမူးသမားများကား ကျွန်ုပ်တို့ နှစ်ယောက်ကို သတိမထားမိကြ။ တစ်ယောက်ကို တစ်ယောက် တွန်းထိုးရင်း အော်ဟစ်ရယ်မောနေကြသည်။

"ဖယ်စမ်း…ဖယ်စမ်း အဖွားကြီး၊ ကြော်နေတာ နှေးကွေးလိုက်တာ၊ ကျုပ်တို့ ဝင်လုပ်မယ်"

www.burmeseclassic.com



နှစ်ယောက်က မိန်းမကြီးကို တွန်းဖယ်ပစ်လိုက်သဖြင့် မိန်းမကြီးလဲကျသွားသည်။ တစ်ယောက်သောသူက သံယောက်မကိုကိုင်၍ ဒယ်ထဲသို့ မွှေသည်။ တစ်ယောက်က ထင်းစများကို မီးဖိုထဲသို့ ထိုးထည့်သည်။

"ရောင်းရင်းတို့ ဒီလိုမလုပ်ပါနဲ့"

အကြော်ဒယ်ရှေ့တွင် ကျွန်ုပ်ရပ်လိုက်သည်။

မော်ကြည့်ကြသည်။

ယောက်မကိုင်ထားသူက မျက်ထောင့်နီကြီးများဖြင့်ကြည့်ကာ ကျွန်ုပ်ကို အကဲခတ်သည်။ ကျွန်ုပ်ကိုယ်ပေါ်မှ ရဲမက်အဝတ်အစားကို တွေ့သွားလေသည်။ သူ့မျက်လုံးများ ကျဉ်းမြောင်းသွားကာ ကျွန်ုပ်ကို ဂရုမထားသောလေသံဖြင့် ပြောသည်။

"ဟား ရဲမက်လေးပါလား၊ ရုတ်တရက်ဆိုတော့ တပ်မှူးလား၊ ဗိုလ်လားလို့"

"ဟုတ်သကွ၊ ကြည့်ရတာတော့ သေနတ်တောင် မကိုင်ရသေးတဲ့ အငယ်စား အဆင့်လေးပဲ။ ဟား... ဟား"

"ရဲမက်က ကျုပ်တို့ကို အမိန့်လာပေးတာလား"

တစ်ယောက်တစ်ပေါက်စီ ဝိုင်းအော်ကြပြန်



BURMESE CLASSIC .com

www.burmeseclassic.com



သည်။ တစ်ယောက်ကမူ ကျွန်ုပ်ကို လှည့်ပတ်ကြည့်လျက် ကျွန်ုပ်ရှေ့တွင် ဒူးထောက်ကာ–

"တပ်မှူးကြီးဘုရား၊ ကျွန်တော်မျိုးကြီးတို့ကြောက်လှပါပြီ ဘုရား…"ဆိုကာ နောက်ပြောင်၍ အရိုအသေပြုဟန် လုပ်နေသည်။ ဒေါသကို ချုပ်ရင်း သူတို့ မျက်နှာများကို ကျွန်ုပ် စိုက်ကြည့်လိုက်သည်။

"ဟ…ဟ တပ်မှူးကြီးက ကြည့်တယ်ဟေ့၊ ဒေါသထွက်နေပြီ။ ကြောက်စရာပါလား၊ ချမ်းသာပေးတော်မူပါဘုရား…"

ကျွန်ုပ်ရှေ့တွင် ရှိနေသူက မြေပေါ်တွင် ပစ်လှဲ၍ ကိုရို့ကားရား တွန့်လိမ်ပြနေသည်။ ကျန်လူများက တဝါးဝါး ရယ်ကြလေသည်။ သည်းမခံနိုင်တော့။ သူတို့၏ မူးယစ်ခြင်းသည် ကျွန်ုပ်ကို ဤသို့ မပုတ်ခတ်သင့်။ ခြေထောက်ရှေ့တွင် ရောက်နေသော ထိုသူ၏ မျက်နှာကို ကျွန်ုပ်ဒူးနှင့် တိုက်ချလိုက်သည်။ ကစဉ့်ကလျား ပက်လက်လန်ကျသွားလေသည်။

"ဟာ… ဒူးနဲ့တိုက်တယ်"

လဲကျနေရာမှ ထိုလူ ပြန်ထသည်။ အခြေအနေပြောင်းသွားပေပြီ။ ကျန်သုံးယောက်က ထိုလူ့ဘေးသို့



BURMESE CLASSIC .com

www.burmeseclassic.com



ဝင်ရပ်ကြသည်။ စောစောက မူးယစ်နေသည့်အသွင်များ ပျောက်ကွယ်သွားကြသည်။

“ဟော့ကောင်… ရဲမက်အစုတ်၊ အိမ်ရှေ့မင်း အကြီးတော်ရဲ့ ညီကို စော်ကားတဲ့အတွက် မင်း ဘယ်လို အပြစ်ရမယ်ဆိုတာ သိစေ့မယ်။ အခုချက်ချင်းလည်း ဟောဒီလို… ဟောဒီလို”

ထိုသူ ကျွန်ုပ်ထံ ပြေးဝင်လာသည်။ သို့သော် သူပင် ဒုတိယအကြိမ် လွင့်စင်သွားရလေသည်။ သံယောက်မ ကိုင်ထားသူက ကျွန်ုပ်၏ မျက်နှာကို ခုတ်ရန် ကြိုးစားသည်။ တစ်ယောက်က ကျည်တောက်ဖြင့် ရိုက်ရန်ဝင်လာသည်။ ကျွန်ုပ်ကို ဝိုင်းချုပ်ရန် ကြိုးစားရင်း တဲအတွင်းမှာ ဝရုန်းသုန်းကား ဖြစ်သွားသည်။ ကျွန်ုပ်၏ တံတောင်နှင့် လက်သီးဆုပ်များက သူတို့ကို ထိသည် လည်းရှိသည်။ သူတို့ ထိုးကြိတ်ချက်များ ကျွန်ုပ်ကို ထိ သည်လည်းရှိသည်။ သူတို့ လေးယောက်စလုံး ကျွန်ုပ် ထက် သန်စွမ်းကြသူများဖြစ်ကြောင်း တွေ့ရလေသည်။ လေးယောက်အလယ်တွင် ကျွန်ုပ်အားကုန် လှုပ်ရှားနေရ သည်။ ရဲမင်းထင်ကိုလည်း အားမကိုးသာ။

ကျွန်ုပ် မြေပေါ်သို့ လဲကျသွားသည်။ တစ်



BURMESE CLASSIC .com

www.burmeseclassic.com



ယောက်က ကျွန်ုပ်အပေါ်မှ ဖိကာ ခေါင်းနှင့်မြေကြီး ဆောင့်ရန် ကြိုးစားသည်။ ထို့နောက် လေးယောက်စလုံး ကျွန်ုပ်အပေါ်သို့ ဝိုင်းချုပ်ကြတော့သည်။ ညဥ့်တစ်ဝက် နီးပါး ကာလမျှ ချမ်းအေးသော ရာသီအောက်မှာ ကင်း စောင့်ခဲ့ရသောကြောင့် ကျွန်ုပ်မှာ အားအင်ကုန်ခန်းကာ မူးဝေနောက်ကျိနေသည်။ ကျွန်ုပ်အရေးနိမ့်တော့မည်ဟု သိလာသည်။

သို့သော် ကျွန်ုပ်ကိုယ်ပေါ်မှာ ဝိုင်းဖိထားကြသူ များ တစ်ယောက်ပြီး တစ်ယောက် လွင့်သွားကြကြောင်း တွေ့လိုက်ရသည်။ ရဲမင်းထင် ဝင်ကူသည်ဟု ထင်မိ သော်လည်း ပန်းနာရောဂါသည် ရဲမင်းထင်သည် ဤမျှ မသန်စွမ်းရာ။

နောက်ဆုံးတစ်ယောက် လွင့်သွားအပြီးတွင် ကျွန်ုပ် ပြန်ထလိုက်သည်။

ဤအချိန်တွင် နှင်းကွဲစပြုပြီ။ ပါးစပြုပြီဖြစ် သော နှင်းထုအောက် တဲတံစပ်မြိတ် အစပ်တွင် လူတစ် ယောက်ကိုတွေ့လိုက်ရသည်။ ကျွန်ုပ်ကို လှောင်ပြောင်ခဲ့ သော၊ ကျွန်ုပ်ဒူးနှင့် တိုက်ခဲ့သော လူသည် ထိုသူ့ လက်ရုံးထဲတွင် မလှုပ်သာ မရုန်းသာ ဖြစ်နေသည်။

www.burmeseclassic.com



"နိုင့်ထက်စီးနင်း လုပ်ချင်ကြတဲ့လူတွေ ထွက်သွားကြစမ်း"

ထိုသူက ပြောပြောဆိုဆို သူ့လက်ထဲမှလူကို ကျန်လူများထံသို့ တွန်းဆောင့်၍ ပစ်ပေးလိုက်သည်။ အားလုံး ဖရိုဖရဲ ဖြစ်သွားကြသည်။

"ဟော့… ဘယ်ကကောင်"

တစ်ယောက်က အော်ဟစ်ကြုံးဝါးရန် ပြင်လိုက်သော်လည်း စကားမဆုံးမီမှာပင် လူစိမ်းသည် မီးတရဲရဲ ထင်းစနှစ်ခုကို ဖျတ်လတ်စွာ ဆွဲယူကာ တစ်ဘက်စီ ကိုင်ရင်း…

"မျက်နှာ မီးမလောင်ချင်ရင် ထွက်သွားကြစမ်း"

ခက်ထက်သော အသွင်နှင့် ထင်းစကို ဝှေ့ယမ်းနေပုံမှာ ကြောက်စရာ ကောင်းလှသည်။ အမူးသမားများ နောက်ဆုတ်သွားသည်နှင့်အမျှ လူစိမ်းက ရှေ့တိုးသွားသည်။ တရွေ့ရွေ့ ဆုတ်ရင်း တဲအပြင်သို့ ရောက်သွားပြီးနောက် ကျွန်ုပ် ဒူးနှင့်တိုက်ပစ်ခဲ့သောသူက လက်သီးလက်မောင်းတန်းလျက် ကြုံးဝါးနေပြန်သည်။

"ဟော့ကောင်… ပစ္စန္တရစ်က တောသား၊ အိမ်ရှေ့မင်းအကြီးတော်ရဲ့ ညီကို စော်ကားတဲ့အတွက် မင်း

www.burmeseclassic.com



ထိပ်တုံးနဲ့ ကြိမ်ဒဏ်သင့်စေမယ်၊ နားလည်လား"

"မတရား စော်ကားမော်ကားတဲ့လူဆိုရင် အိမ်ရှေ့မင်းအကြီးတော်မကလို့ အိမ်ရှေ့မင်းကိုယ်တိုင်ပဲ ဖြစ်နေပစေ၊ ငါဂရုမစိုက်ဘူး။ မင်းတို့ အကြီးတော်ကို ပြောလိုက်၊ ငါ ဒီအမရပူရမှာပဲ ရှိနေမယ်။ ငါ့နာမည် ငရစ်၊ မုံရွာနယ် ပန်းရင်းခေါ် ငပရင်းရွာသား၊ မင်းတို့ ရွှေမြို့တော်က တံခါးမှူးကြီး ဦးအောင်ဆိုတာ ငါ့အဘိုးပဲ။ သွား အကြောင်းကြားလိုက်"

အမှုးသမားများ နေပြည်တော် လမ်းမဘက်သို့ ထွက်သွားကြသည်။ လူစိမ်လည်း တဲထဲသို့ ဝင်လာလေသည်။ သူ့လက်ထဲက မီးရဲရဲ ထင်းနှစ်ချောင်းကို မီးဖိုထဲ ပြန်ထည့်ကာ ဖရိုဖရဲ ဖြစ်နေသော ပစ္စည်းများကို သိမ်းသည်။

"ကျေးဇူးပါပဲ ရောင်းရင်း၊ သင်းတို့က လေးယောက်အားနဲ့ ဝိုင်းချုပ်တော့ ကျုပ်လည်း ရုတ်တရက် မခုခံနိုင် ဖြစ်သွားတာ"

လူစိမ်းက ကျွန်ုပ်ကို တစ်ချက်လှမ်းကြည့်သည်။ ဘာမျှ ပြန်မပြော။ သူ့အကြည့်မှာ တစ်မျိုးဟု ကျွန်ုပ် ထင်သည်။ သူ့မျက်စိ စောင်းယောင်ယောင် ရှိဟန်တူ



BURMESE CLASSIC .com

www.burmeseclassic.com



သည်။ ပစ္စည်းများကို သိမ်းရင်း တဲထောင့်မှာ ထိုင်နေသော ရဲမင်းထင်ကို သူတွေ့သွားသည်။

"သူက ဘာဖြစ်နေလို့လဲ"

ရန်ပွဲတွင် ရဲမင်းထင် ဘာကြောင့် ဝင်မကူသည်ကို သူမေးကြောင်း ကျွန်ုပ် နားလည်လိုက်သဖြင့်...

"သူက မကျန်းမာဘူး၊ ပန်းနာသည်"

"ပန်းနာဝေဒနာသည်ကို ရဲမက်ထားရသတဲ့လား၊ မဟုတ်လိုက်တာ။ တပ်မှူးတို့၊ ဗိုလ်တို့ ညံ့သကိုး"

သူ့စကားကြောင့် ကျွန်ုပ် တုန်လှုပ်သွားမိသည်။ တပ်မှူးတို့၊ ဗိုလ်တို့ ညံ့သကိုးဟူသော စကားမှာ ရာဇဝတ်သင့်နိုင်သည့် စကား။ ပြီးတော့ ရဲမက်တစ်ယောက်ရှေ့တွင် မဆင်မခြင် ပြောသည့်စကား။

သူကမူ ပကတိ အေးဆေးတည်ငြိမ်စွာပင် မှောက်ခုံလဲနေသော စားပွဲဝိုင်းကို ပြန်ထောင်နေသည်။

"အရီး... ကျုပ်ခရီးဝေးက တစ်ညဥ့်လုံး အပြင်းနှင်လာခဲ့ရတာ၊ ကျုပ်လည်း ဆာလှပြီ"

အကြော်ဒယ်ရှေ့တွင် တင်ပျဉ်ခွေ ထိုင်ချကာ ဗန်းကိုပြင်ပေးသည်။ စောစောက ရန်ပွဲ၏ အငွေ့အသက်ကိုသော်မျှ သူ့ထံ၌ မတွေ့ရတော့။ ဘာမျှ မဖြစ်ခဲ့သလို

www.burmeseclassic.com



ပင်။ အကြော်စားရန်သာ အရေးကြီးဆုံး သဘောထား ဟန်မျိုး။

ထိုအခါမှပင် သူ့ကို ကျွန်ုပ်အကဲခတ်ခွင့်ရတော့ သည်။

သျှောင်ကို အညာတဘက်ဖြင့် ပတ်ထားသည်။ ဖျင်ကြမ်းခါးတိုအင်္ကျီမှာ နှင်းများ ရွှဲစိုနေပြီး အောက်ပိုး ကျိုက်ထားသည့် မဲပုဆိုးမှာလည်း ရွှံ့စက်များ ပေကျံနေ သည်။ သူ့မှာ ဘာပစ္စည်း၊ ဘာအထုပ်မျှလည်း ပါဟန် မရှိ။ ငှက်ကြီးတောင် ဓားတစ်စင်းကိုပောင်းနှမ်းလှသော ဓားအိမ်ဖြင့် လွယ်ထားသည်။ ပါးလျှာလှသော နှုတ်ခမ်း များမှာ စကားတစ်လုံးတစ်လေ ထုတ်ဖော်ရန် ခဲယဉ်း သည့်အလား တင်းတင်းစေ့နေသည်။ ထိုင်နေသော ကြောင့် သူ့အရပ်အမောင်းကို ခန့်မှန်းရန် ခဲယဉ်းသော် လည်း ကျစ်လျစ်လှသည့် ကြွက်သားများကိုမူ သူ့လက် မောင်း လက်ဖျံများဆီတွင် အထင်းသားတွေ့ရသည်။

မည်သို့ဖြစ်စေ ဤလူစိမ်းကား ကျွန်ုပ်၏ အခက်အခဲကို ဝင်ရောက်ဖြေရှင်းပေးသူ၊ အနိုင်ကျင့်စော် ကားခြင်းကို မခံတတ်သူ၊ သူ့ကို ကျေးဇူးစကား ဆိုရဦး မည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ရောင်းရင်း ကျုပ်နာမည်က သေစ်ပါ။ ရဲမက် တစ်ဦးပါပဲ။ စောစောက ပြောသံကြားလိုက်တာကတော့ ရောင်းရင်းနာမည်က . . ."

"သေစ်တဲ့လား၊ ကျုပ်နဲ့ခပ်ဆင်ဆင်ပဲ။ ကျုပ်နာ မည်က ငရစ်၊ မုံရွာနယ်က ပန်းရင်းခေါ် ငပရင်း ရွာ သား"

"ဆုံရတာ ဝမ်းမြောက်ပါတယ်ဗျာ။ အခု ရွှေမြို့ တော်ကို လာခဲ့တာက . . ."

"ရွာမှာ နှမ်းခင်း လုပ်တယ်လေ။အလုပ်အကိုင် မကောင်းလှပါဘူး။ မကောင်းတာထက် ကျုပ်ကဝါသနာ မပါတာ ခက်တယ်။ ကျုပ်က မင်းမှုထမ်းပြီး စစ်တိုက် ချင်တာ။ ဒီအမရပူရက တံခါးနီမှူးကြီး ဦးအောင်ဆိုတာ ကျုပ်အဘိုးပဲ။ အဘိုးဆီလာခဲ့တယ်"

"ဟုတ်ကဲ့ . . . ဟုတ်ကဲ့"

တံခါးနီမှူးကြီး ဦးအောင်ကို ကျုပ် ကောင်းစွာ သိသည်။ တံခါးမှူးများအနက်တွင် အခက်ထန် အကြမ်း တမ်းဆုံး၊ မဟုတ်မခံစိတ် အရှိဆုံး အဘိုးကြီးပင်။ ယခု သူ့မြေးနှင့် လာတွေ့နေရသောကြောင့် ပို၍ အံ့သြနေမိ သည်။



BURMESE CLASSIC .com

www.burmeseclassic.com



“အေးဗျာ၊ အကူအညီလိုရင်လည်း ပြောပေါ့”

“အကူအညီ”

“ဟုတ်ကဲ့”

“ကျုပ်ဆိုတဲ့ကောင်က ဘယ်သူ့ဆီကမှ အကူအညီ ယူတတ်တာမဟုတ်ဘူး။ တစ်ခုခု လိုချင်ရင် ကျုပ်ဘာသာ ကျုပ်ရအောင် ယူတာပဲ။ ရောင်းရင်းဆီလည်း တောင်းခွင့်ကြုံမှာ မဟုတ်ပါဘူး”

သူ့စကား သူ့လေသံ မာကြောပြတ်တောင်းသောကြောင့် ကျွန်ုပ်စိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ ပြီးတော့ ဖျတ်ကနဲ ကျွန်ုပ်ထံ လှမ်းကြည့်လိုက်သော မျက်လုံးအစုံကိုလည်း သတိထားလိုက်မိသည်။ သူ မျက်စိစောင်းသယောက် ရှိသည်ကား အမှန်ပင်။ သို့သော် သူ့မျက်လုံးများ စူးရှလွန်းလှသည်။

“ဒီ အမရပူရမှာ ဘာဖြစ်နေကြတာတုန်း”

“ဗျာ...”

သူ့အကြောင်း တွေးနေမိသဖြင့် သူ့အမေးကို မရှင်းမလင်း ဖြစ်သွားသည်။

“ဝေဒနာသည်ကို ရဲမက်ထားတယ်။ နန်းတွင်းသားတွေက အချိန်မဲ့၊ စည်းမဲ့ အရက်သေစာ မူးယစ်ပြီး



BURMESE CLASSIC .com

www.burmeseclassic.com



အားနည်းသူကို စော်ကားတယ်။ မင်းနေပြည်တော်မှာ ဒီလို မဖွယ်မရာမျိုး နောက်ထပ် ဘာတွေများ ရှိသေးလဲ"

ကျွန်ုပ် ဘာပြန်ပြောရမှန်းမသိ။

"ကျုပ်သာ အကြီးအမှူးဆိုရင် ဒါမျိုးတွေ လုံးဝ သည်းမခံဘူး"

အကြော်များကို ကောက်ဝါးရင်း သူ့ဘာသာသူ ပြောနေသည်။

"နေပွင့်တော့မယ်၊ ကျုပ်သွားမယ်။ ဒီမှာ အကြော်ဖိုး"

ပြောပြောဆိုဆို သူ ထထွက်သွားသည်။ တဲအ ပြင်ရောက်မှ ပြန်လှည့်ကာ ကျွန်ုပ်ကို လှမ်းကြည့်လျက်-

"ဗျို့... ကိုရင်ငသစ်၊ ဆုံကြဦးစို့"

နှင်းထုထဲသို့ ထိုးဖောက်လာနေကြပြီဖြစ်သော နေခြည်တန်းများကို သူဖြတ်လျှောက်သွားသည်။မြင် ကွင်းမှ ပျောက်ကွယ်သည်အထိ မျက်စိတဆုံး ကြည့်နေမိ သည်။ သူနှင့်ပတ်သက်သော ကျွန်ုပ်၏ ခံစားရမှုအတွက် စကားလုံးနှစ်လုံးကို ကျွန်ုပ် ချက်ချင်းရလိုက်ပေသည်။

ခင်မင်လေးစားဖွယ်...သူ။

♦ ♦ ♦

www.burmeseclassic.com

## အခန်း (၂)

မုံရွာနယ်၊ ပန်းရင်းခေါ် ပေရင်းရွာသား ဧရစ်ဆိုသူနှင့် ဆောင်းရာသီ တစ်နံနက်တွင် ထူးထူးခြားခြားတွေ့ဆုံခဲ့ရပြီး နောက်ပိုင်းတွင်သူ့ကို ကျွန်ုပ် စိတ်ဝင်တစားသတိတရ ရှိနေခဲ့သည်။ သူပြောသွားသလို သူ့အဘိုးတံခါးမှူးကြီး ဦးအောင်ထံသို့ သူရောက်မှ ရောက်ပါလေမလား။ သူ ဝါသနာပါသည့် မင်းမှုထမ်းစစ်သည် ဖြစ်မှဖြစ်ပါလေမလားဟု ကျွန်ုပ် တွေးနေမိသည်။

သူ့ကို အမှတ်ရနေသော်လည်း သူနှင့် မဆုံဖြစ်ခဲ့။ သူ့သတင်းကိုလည်း မကြားရ၊၊ စင်စစ် ကျွန်ုပ်မှာလည်း အမရပူရ ရွှေမြို့တော်ရှိ မြောက်မြားလှစွာသော တပ်



BURMESE CLASSIC .com

www.burmeseclassic.com



တော်သားတို့အနက် မြို့စောင့်တပ်၏ သာမန် ရဲမက်ငယ် တစ်ဦးမျှသာ ဖြစ်သောကြောင့် နန်းတွင်းတွင် ကျွန်ုပ်၏ လှုပ်ရှားနိုင်မှုမှာ ကျဉ်းမြောင်းသေးငယ်လှပေသည်။

ထို့အပြင် သူ့အကြောင်းကို တခုတရ စုံစမ်းဖို့ ထားဘိဦး၊ ကျွန်ုပ် ကိုယ်တိုင်ပင်လျှင် တပ်မတော်သားတို့၏ မပြတ်မလပ် လေ့ကျင့်ရသော ဆင်စီး၊ မြင်းစီး၊ ဓားလှံ အဲမောင်းနှင့် မီးပေါက်သေနတ် လေ့ကျင့်ရေးများဖြင့် မအားမလပ်နိုင်ရှိခဲ့ရသည်။ အထူးသဖြင့်မူ မိဘမရှိ၊ ဆွေမျိုးညာတကာမရှိ။ တစ်ကောင်ကြွက်သာဖြစ်သော ကျွန်ုပ်အဖို့ လောကတွင် ဘယ်သူ့ကိုမျှ ခင်တွယ်စရာမရှိဖြစ်လေရာ မိမိ၏စစ်ရေးအတတ် ကျွမ်းကျင်မြင့်မားရေးနှင့် အမှုတော်ထမ်း အရာအဆင့် တိုးတက်ရေးသည်သာအဓိက ဖြစ်လေသည်။ ရွှေမြို့တော်ရှိ ဆင်တပ်၊ မြင်းတပ်နှင့် ခြေလျင်တပ်တို့မှာလည်း ဘိုးတော်မင်းတရားကြီး၏ အမိန့်တော်ဖြင့် တရံမနား တိုးချဲ့လေ့ကျင့်နေကြသည်ဖြစ်သောကြောင့်၊ ကျွန်ုပ်မှာ ဘာကိုမျှ အထူးအထွေ စိတ်ပျံ့လွင့် ဝင်စားချိန်မရနိုင်။ အားလပ်ချိန်မျိုးမှာပင်လျှင် ကျွန်ုပ်ကြိုက်တတ်သော ထန်းလျက်အရက်ကို အလျင်ကလို မှန်မှန်မမှီဝဲဖြစ်။ အားလပ်ခွင့်ရချိန်များတွင်

www.burmeseclassic.com



ရဲမက်သွေးသောက်များနှင့်အတူ ဝိုင်းဖွဲ့ သေယစ်မည့် အစား ဆင်ဖြူရှင် မင်းတရားကြီး လက်ထက်က မင်းကြီး လက်ဝဲသုန္ဒရ စီရင်ခဲ့သော ‘သေနင်္ဗျူဟာ စစ်သမိုင်းနှင့် ဗျူဟာစက္ကိပျို့’ကိုသာ အထပ်ထပ် ဖတ်ရှုလေ့လာနေမိသည်။ သာမန် ရဲမက်ငယ်ဘဝဖြင့် ကျွန်ုပ် မကျေနပ်နိုင်။ အမှုတော်ကို စွမ်းစွမ်းတမံ ထမ်းရင်း အကြပ်၊ သွေးသောက်စသည်ဖြင့် တစ်ဆင့်ထက်တစ်ဆင့် အရာတိုးတက် မြင့်မားရေးသည်သာ ကျွန်ုပ်၏ တစ်ခုတည်းသော ရည်မှန်းချက်ဖြစ်သည်။

မိမိကိုယ်မိမိ မအားမလပ်အောင် မောင်းနှင်စေခိုင်းနေသည့် အချိန်တိုင်းတွင် ဆောင်းတစ်နံနက်မှာ ဆုံခဲ့ရသော ပန်းရင်းခေါ် ငပရင်းရွာသား ငရစ်ဆိုသူကို သတိရနေမိသည်ကတော့ ဆန်းသည် ဆိုရမည်။

သူ့ကို ဘာကြောင့် မှတ်မှတ်ရရ ရှိနေရသလဲ ဆိုခြင်းကို မူလက သဘောမပေါက်သော်လည်း တဖြည်းဖြည်း သဘောပေါက်နားလည်လာသည်။ စင်စစ် ဤသို့နားလည်လာခြင်းမှာလည်း သွေးသောက်ကြီး ရဲမင်းထင်ကြောင့်ပင်ဖြစ်ပေသည်။ ရဲမင်းထင်သည် လက်ရုံးအရာတွင် ညွှန့်ဖူးလှသော ရောဂါသည် ရဲမက်ကြီးတစ်ယောက်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်သော်လည်း လူတစ်ဦးတစ်ယောက်၏ အရွယ်တွင် ပတ်သက်၍မူကား စေ့စေ့စပ်စပ်မြင်တတ်သော သူပေပင်။

ငရစ်ကို သတိရ,ရနေကြောင်းကျွန်ုပ်က ပြော သောအခါ ရဲမင်းထင်က မျက်လုံးများကို စဉ်းငယ်မှေး ယောင် ပြုလျက် ပြောလေသည်။

"အင်း...ဒီလူကို မင်း ခဏခဏ သတိရရနေ တယ်ဆိုတာ အမှန်တော့ မဆန်းလှပါဘူး။ တွေ့ကြုံ ဆုံ ဆည်းရပုံလေးကိုက အမှတ်တရ ဖြစ်စရာကိုး..."

အကြော်တဲ အဖြစ်သနစ်ကို သူရည်ရွယ်ပြော ခြင်းဖြစ်သည်။

"တွေ့ကြုံဆုံဆည်းရပုံက အမှတ်တရ ဖြစ်စရာ မို့လို့ ဟုတ်လား၊ ထားပါတော့။ ဒါပေမယ့် အဲဒီတုန်းက ခင်ဗျားလည်း ရှိနေတာ မဟုတ်လား။ ခင်ဗျားကျတော့ ငရစ်ကို သတိရတယ်လို့ တစ်ခါမှ မပြောဖူးပါလား"

"အေးလေ၊ ငါကလည်း မင်းလူကို သတိမှ မရဘဲ"

"ကျုပ်က ဘာကြောင့် သတိရနေရသလဲဗျာ"

"ဟ... ကောင်လေးရ၊ သူတော်ချင်းချင်း

www.burmeseclassic.com



သတင်းလွှေ့လွှေ့ ပေါင်းဖက်တွေ့ဆိုတဲ့စကား ရှိသား မဟုတ်လား။ ငရစ်ကို မင်း အမှတ်ရနေတဲ့ အကြောင်း ရင်းက ငရစ်ကို မင်းစိတ်ဝင်စားလို့ပေါ့။ စိတ်ဝင်စားရ အောင်ကလည်း ငရစ်နဲ့မင်း တူတာရှိလို့ပေါ့''

''ဘာတူတာလဲ၊ ဘာကြောင့် ခင်ဗျား ဒီလိုပြော နိုင်သလဲ သွေးသောက်ကြီး''

''ငါပြောမယ်၊ လူလူချင်းမှာ မနောဓာတ်ချင်း ဆက်သွယ်မိတတ်တာ ရှိတယ်ကွ။ ဓာတ်ခံချင်း ဆင်တူရင် စိတ်ဝင်စားတာချင်း ဆင်တူရင် တစ်ယောက်ကို တစ် ယောက် သတိရနေတတ်တယ်…''

''ခင်ဗျားပြောတာ ရှုပ်လိုက်တာဗျာ''

''မရှုပ်ပါဘူး၊ မင်းနားလည်အောင် ပြောရယင် ယောကျ်ားလေးနဲ့ မိန်းကလေးရဲစားသနာဖြစ်ကြရော ဆိုပါတော့၊ သူတို့တစ်ယောက်ကိုတစ်ယောက် စိတ်ဝင် စားနေကြလေတော့ တစ်ယောက်ကိုတစ်ယောက် သတိရ ရနေတာမျိုးပေါ့၊ ချစ်ရေး၊ ကြိုက်ရေး ဓာတ်ခံချင်းက တူနေတယ်လေ''

နားလည်သလိုလိုတော့ရှိသည်။ သို့သော် သဘောမပေါက်သေး။

www.burmeseclassic.com



“ရဲစားသနာအကြောင်း ဥပမာထည့်မနေစမ်းပါနဲ့၊ ကျုပ်မလဲ ရဲစားမရှိပါဘူး”

“နားဝေးသကိုးကွ၊ ကိုင်း… ငါမေးမယ်၊ တို့အခုမြို့စောင့်တပ်မှာ မင်းလိုသာမန်ရဲမက်ငယ်ပေါင်း ဘယ်လောက်ရှိသလဲ”

“ထောင်ချီရှိတာပေါ့၊ ခင်ဗျားလဲ သိသားနဲ့”

“အေး… အဲဒီထောင်ကျော်ရှိတဲ့အထဲမှာ မင်းဟာတခြားရဲမက်တွေနဲ့မတူ စစ်သည်အတတ်ကို ဘာကြောင့် ဒီလောက်အပတ်တကုတ်ကြိုးစားနေသလဲ”

“ကျုပ်က ရဲမက်ဘဝနဲ့ ကျေနပ်မယ့်အကောင်မှ မဟုတ်ဘဲ၊ အကြပ်၊ သွေးသောက်၊ တပ်မှူး၊ ဗိုလ်၊ အဆင့်ဆင့် တက်ချင်တာ လက်ရုံးစွမ်း ပြချင်တာ၊ စစ်သည်တော်ကောင်း ဖြစ်ချင်တာ”

“မင်းလူ ငရစ်လဲ ဒီလိုပဲရှိမှာပဲပေါ့၊ စီးပွားလက်ငုတ် နှမ်းခင်းကိုပစ်ပြီး အမရပူရတက်လာတာကြည့်တော့၊ မင်းတို့နှစ်ယောက် အဲဒီလိုဓာတ်ခံချင်းတူနေလို့၊ ပြီးတော့ ဓာတ်ခံချင်းတူနေတာကိုလဲ မင်းကအလိုလိုသိလိုက်လို့ ငရစ်ကို မင်းစိတ်ဝင်စားတာပေါ့၊ ဒါပဲပေါ့ကွ…”



BURMESE CLASSIC .com

www.burmeseclassic.com



"ကျုပ်… သူ့ကို အတော်သဘောကျနေတာ ဗျ"

"သဘောကျစရာပါပဲ၊ လူပုံကြည့်ရတာကတော့ ပျော့၊ အတက်ရည်ရွယ်ချက်ကြီးပြီး၊ အတော်ပြတ်သားမယ့်ပုံ၊ ဒါပေမယ့် သဘောမနောကတော့ ဖြောင့်စင်းမယ့်ပုံပဲ"

"နေစမ်းပါအုံး၊ ခင်ဗျားပြောတာ ဘာတဲ့၊ ဓာတ်ခံချင်းတူတယ်ဆိုတော့ ကျုပ်ကသတိရနေသလို၊ သူကကော ကျုပ်ကိုများ သတိရနေမလား မသိဘူးဗျနော်"

"ငါ့အထင်တော့ သူလဲ အလားတူ ရှိမှာပဲ"

"ဒါပေမယ့်… ဒီလူဘယ်ရောက်နေတယ်ဆိုတာ မသိရတာက ခက်တယ်ဗျာ"

"တံခါးနီမှူးကြီးဆီ သွားမေးပါလားကွ"

"အဘိုးအောင်လား၊ ဒီလူကြီးနဲ့ စကားပြောရမှာတော့ လန့်တယ်ဗျာ"

"အင်းလေ၊ မင်း စုံစမ်းနေစရာတောင် လိုမယ် မထင်ပါဘူး၊ တစ်နေ့နေ့တော့ မင်းတို့နှစ်ယောက် ဆုံကြအုံးမှာပါပဲ"

သွေးသောက်ကြီးရဲမင်းထင်၏စကားမှန်လှ

www.burmeseclassic.com



ကြောင်း တွေ့ရတော့သည်။ သူနှင့်ကျွန်ုပ်ပြန်လည် ဆုံတွေ့ရပုံမှာလည်း ပထမအကြိမ်ကဲ့သို့ပင် အမှတ်ထင် ထင် ရှိလှသည်။ သို့သော် ပထမအကြိမ်လို ဆောင်း တစ်နံနက် နှင်းဖြူတွေ ပိတ်ဆို့နေချိန် နေပြည်တော် လမ်းထောင့်က အကြော်တဲလေးမှာ အမူးသမားများနှင့် ရန်ပွဲဖြစ်နေစဉ် ဆုံပုံမျိုးနှင့် လုံးဝမဆိုင်။

ရွှေနန်းတော်ကြီး၏ ညီလာခံသဘင်၊ မှူးမတ် ပရိသတ်ဗိုလ်ပုံအလယ်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com



ဘိုးတော်မင်းတရားကြီး၏သားတော် သီရိမဟာဓမ္မဘိဇယသီဟသူရ ဘွဲ့တံဆိပ်တော်ခံ အိမ်ရှေ့စံကိုယ်တော်ကြီးသည် (၁၁၇၀)ပြည့်နှစ်တွင် ကံတော်ကုန်ခဲ့လေသည်။ တန်ခူးလအတွင်းမှာဖြစ်သည်ဟုသာ မှတ်မိသည်။ နေ့ရက်ကို ကျွန်ုပ်မမှတ်မိတော့။ ကံတော်ကုန် အိမ်ရှေ့ကိုယ်တော်ကြီး၏ အရိုက်အရာကို ဘိုးတော်ဘုရားက မြေးတော်စစ်ကိုင်းမင်းကလေးအား လွှဲအပ်လိုက်သည်။

စစ်ကိုင်းမင်းသည် ယောကျ်ားကောင်း မင်းမြတ်တစ်ပါးဖြစ်ကြောင်း တွေ့ရ၍ ကျွန်ုပ်တို့အားလုံး



BURMESE CLASSIC .com

www.burmeseclassic.com



ဝမ်းမြောက် ဝမ်းသာရှိလှပေသည်။

စစ်ကိုင်းမင်းကလေး၏ ညီလာခံသဘင်ကို တက်ရောက်ခွင့်ရသူများအနက်တွင် ကျွန်ုပ်လည်း အပါအဝင်ဖြစ်လာခဲ့သည်။ ရှစ်နှစ်တာကာလအတွင်းတွင် ကျွန်ုပ်လည်း မနားမနေကြိုးစားအားထုတ်ခဲ့သော လုံ့လဥဿဟကြောင့် ရဲမက်ငယ်အဖြစ်မှသည်အကြပ်၊ သွေးသောက်မှ တဆင့် တပ်သားငါးဆယ်၊ အကြပ်ငါးဦးနှင့် သွေးသောက်တစ်ဦး၊ စုစုပေါင်းငါးဆယ့်ခြောက်ဦးအပေါ် အုပ်ချုပ်ရသော တပ်မှူးငယ်ဘဝသို့ ရောက်ခဲ့ပြီဖြစ်သည်။ တပ်မှူးငယ်ပင်ဖြစ်သော်လည်း ကျွန်ုပ်၏ တပ်မဗိုလ်ချုပ် ရွှေတောင်စန္ဒနော်ရထာ၏ လက်ရုံးကိုယ်ရံတော်အဖြစ် အမှုထမ်းခွင့်ရသည်အထိ အခြေမြင့်မားလာခဲ့သည်။ ဗိုလ်ချုပ်သည် အိမ်ရှေ့စံ၏ညီလာခံသဘင်သို့ တက်ရောက်ရသူဖြစ်ရာ ငါးရက်တစ်ကြိမ် ဗိုလ်ထုအစုံအလင် ညီလာခံသဘင်နေ့တိုင်း ကျွန်ုပ်လည်း ကိုယ်ရံတော်အဖြစ် နန်းတော်သို့ ဝင်ခွင့်ရလာခဲ့သည်။

ဤငါးရက်တစ်ကြိမ်သဘင်၏ တစ်ခုသော ညီလာခံသဘင်တွင် သူနှင့်ထပ်မံ ဆုံတွေ့ဖြစ်ကြခြင်းပေသတည်း။



BURMESE CLASSIC .com

www.burmeseclassic.com



မဏိပူရစော်ဘွား၊ မဟာရာဇာ ဂျော်ဂျစ်ဆင်း မခန့်မညားရှိသည့်အရေးကို အကြောင်းပြု၍ ဘိုးတော်ဘုရား၏ အမိန့်ဖြင့် အိမ်ရှေ့စံစစ်ကိုင်းမင်းကလေး သည် တပ်မဗိုလ်ချုပ်များ၊ ဗိုလ်များ၊ မြို့စားနယ်စားဝန်ကြီးများကို ညီလာခံခေါ်လေသည်။ စစ်ရေးညီလာခံဖြစ်သော်လည်း ထိုနေ့က နန်းတော်ခန်းမဆောင်၌ အခြားသော မြို့ဝန်၊ အမှုးအမတ်၊ အမှုထမ်းများလည်း တက်ရောက်ကြသဖြင့် ခန်းမဆောင်ကြီးတစ်ခုလုံး ဒူးမရွေ့သာလောက်အောင် ပြည့်ကျပ်နေသည်။ ကျွန်ုပ်လည်း အိမ်ရှေ့စံ၏ ပလ္လင်နှင့် လေးတိုင်မြောက်အခန်းဝယ် ဗိုလ်ချုပ်ရွှေတောင်စန္ဒနော်ရထာ၏ ကိုယ်ရံတော်တပ်မှူးငယ်အဖြစ် ဗိုလ်ချုပ်နောက်ပါးမှ ဒူးတုပ်ပျပ်ဝပ်ခစားနေရသည်။

သဘင်ခန်းမအတွင်းမှာ အိမ်ရှေ့စံသည် မဏိပူရ စစ်ချီတပ်မများ၏ အကြီးအချုပ်ဖြစ်သော နေမျိုးမင်းလှ မဟာနော်ရထာကို အမှူးပြုလျက် အခြားဗိုလ်ချုပ်များ၊ ဝန်ကြီးများ စစ်ရေးဆွေးနွေးနေကြသည်။

"စော်ဘွားအငယ် မာဂျစ်ဆင်းက ကျွန်ုပ်တို့လက်အောက် ခိုလှုံလာတာကတော့ ဟုတ်ပြီ၊ စော်ဘွား



BURMESE CLASSIC .com

www.burmeseclassic.com



အကြီးသူ့နောင်တော် ဂျော်ဂျစ်ဆင်းရဲ့ အရေးကိုပဲ အာရုံစိုက်ကြရမယ်၊ အခု ဂျော်ဂျစ်ဆင်း ဘယ်ရောက်နေသလဲ၊ သူ့နောက်ဆုံးသတင်းကို သိချင်တယ်"

အိမ်ရှေ့စံက စကားအပိုအလိုမသုံးဘဲ တိုက်ရိုက်မေးလေသည်။

နေမျိုးမင်းလှ မဟာနော်ရထာက အသံဝါကြီးဖြင့် အစီရင်ခံသည်။

"နောက်ဆုံး သတင်းအရတော့ ဂျော်ဂျစ်ဆင်းဟာ ကချာနယ်ကနေတဆင့် ကလကတ္တားကို ထွက်ပြေးပြီး မျက်နှာဖြူတွေဆီမှာ ခိုလှုံသွားတယ်လို့ သိရပါတယ် အိမ်ရှေ့စံဘုရား"

"ဗြိတိသျှတွေဆီက ဘာအရေးဆိုထံ ကြားသလဲ"

"ဗြိတိသျှတွေဟာ ဥရောပမှာ ဖရန့်စစ် ပြင်သစ်တွေနဲ့ စစ်ပြုနေရလို့ လောလောဆယ်မှာတော့ ဂျော်ဂျစ်ဆင်းကို အကူအညီမပေးနိုင်သေးပါဘူးဘုရား"

"တပ်မင်းကြီး၊ လောလောဆယ်ဆိုတဲ့ စကားလုံးသင်သုံးသွားတယ်၊ ဒီစကားရဲ့တစ်ဘက် အနက်အဓိပ္ပာယ်က နောင်တစ်ချိန်ဆိုယင်တော့လို့ အဓိပ္ပာယ်ရနေတယ်ဟုတ်သလား"

www.burmeseclassic.com



"မျက်နှာဖြူ ဗြိတိသျှတွေကို ဘာအကြောင်းနဲ့မှ ယုံစားဖို့မရှိပါ ကိုယ်တေယာ်ကြီး"

"မှန်ပါတယ်ဘုရား၊ မဏိပူရဟာ စစ်ကြောင်း တစ်ခုဖြစ်လာနိုင်ပါတယ်"

ဤတစ်ခါ ဝင်ပြောသူကား ကျွန်ုပ်၏ဗိုလ်ချုပ် ရွှေတောင်စန္ဒနော်ရထာဖြစ်သည်။

အိမ်ရှေ့စံသည် တစ်ခုခုကို လေးနက်စွာ တွေးတောဟန်ဖြင့် တိတ်ဆိတ်နေသည်။ အိမ်ရှေ့စံက တိတ်ဆိတ်နေသောကြောင့် ညီလာခံခန်းမဆောင်ကြီး တစ်ခုလုံးတွင်လည်း ပကတိငြိမ်သက်သွားသည်။ သက်ပြင်းရှိုက်သံအချို့ကိုသာ မသဲမကွဲကြားနေရသည်။

ထိုသို့ သဘင်တစ်ခုလုံးတိတ်ဆိတ်ငြိမ်သက် နေစဉ်မှာပင် ကျွန်ုပ်ထိုင်နေသည့်နေရာ၏ နောက်ဘက် ကျကျ ဝဲထောင့်နေရာဆီမှ . . .

"အောင်မယ်လေး . . . သေပါပြီဗျ" ဟူသော စူးစူးဝါးဝါး အော်ဟစ်သံတစ်ခုကို ကြားလိုက်ရတော့သည်။ တိတ်ဆိတ်ခြင်း၏အလယ်ဗဟိုတွင် ထွက်ပေါ်လာသော အော်သံဖြစ်သောကြောင့် ခန်းမကြီးတစ်ခုလုံး ဟိန်းနေ အောင် မြည်ဟည်းသွားသည်။ ပရိတ်သတ်အားလုံးရှိ

www.burmeseclassic.com



ရာသို့ ကိုယ်ရံတော်တပ်သားများ ပြေးသွားကြလေသည်။

တစ်နေရာဆီတွင် ရှုပ်ရှုပ်ထွေးထွေး ဖြစ်နေသည်ကို တွေ့ရသည်။ ဗိုလ်ချုပ်ရွှေတောင်စန္ဒနော်ရထာ၏ ကိုယ်ရံတော်အဖြစ် ကျွန်ုပ်လည်းဗိုလ်ချုပ်၏ အန္တရာယ်ကို ကာကွယ်ရမည်ဟူသော အသိချက်ချင်းဝင်ကာ ရုတ်ရုတ်သဲသဲ ဖြစ်နေရာဆီသို့ တစ်ဟုတ်ထိုးပြေးသွားလိုက်သည်။

စစ်ရေးညီလာခံဖြစ်သောကြောင့် ဓားကိုင်ဆောင်ခွင့်ရထားသော်လည်း ဓားအိမ်မှဓားကို မချွတ်သာ၊ ကိုယ်ရံတော်တပ်မှူးများ ဝိုင်းအုံနေကြသည့်နေရာဆီသို့ သာ ပြေးဝင်ယင်း လူအုပ်ကို တွန်းထိုးဖယ်ထုတ်ပစ်ရတော့သည်။

ခြင်းရာခပ်သိမ်းကို တွေ့လိုက်ရသည်။

နန်းရင်ပြင်တွင် လူတစ်ယောက် မှောက်လျက်သား လဲကျနေသည်။ သွေးစသွေးန မတွေ့ရသော်လည်း လဲကျနေသူသည် မပီမသ အော်ဟစ်ညည်းတွားဆဲပင်၊ လဲကျနေသူ၏နောက်တွင် ရေညှိရောင် ကိုယ်ကျပ်ဝတ် ကိုယ်ရံတော်အဆင့်ရှိသူ တစ်ယောက်သည် သူ့ကို ဝိုင်းဝန်း ချုပ်ကိုင်ထားသူများလက်ထဲမှာ ရုန်းကန်နေလေသည်။ သူပင်လျှင် အန္တရာယ်ရှိသူဟု ချက်ချင်းသိလိုက်ပြီး



BURMESE CLASSIC .com

www.burmeseclassic.com



ဝိုင်းချုပ်သူများလက်မှ လွတ်ထွက်သွားသော သူ့လက်မောင်းကို ကျွန်ုပ်ဝင်၍ ဖမ်းချုပ်လိုက်သည်။ အထွေးထွေး အယှက်ယှက်ဖြစ်နေသောကြောင့် ရုန်းကန်နေသူ၏ မျက်နှာကို ကောင်းစွာမတွေ့ရ။ အင်အားသန်စွမ်းစွာ ရုန်းကန်နေသောကြောင့် အားစိုက်ပြီးချုပ်ရန်သာ ကြိုးစားနေရသည်။ အနားတွင်လည်း တိုးဝှေ့လဲပြိုနေသူများဖြင့် ရှုပ်ထွေးနေသည်။

သူ့လက်ကို ကျွန်ုပ် မိမိရရဖမ်းချုပ်လိုက်ချိန်မှာပင် ကျွန်ုပ်၏တစ်သက်တွင် နောက်ထပ်မကြုံနိုင်တော့သော အံ့သြစရာ အဖြစ်အပျက်ကို တွေ့လိုက်ရတော့သည်။

"ကျုပ် ဘယ်မှမပြေးပါဘူး၊ ချုပ်မနေစမ်းပါနဲ့ ငသစ်ရယ်"

အသံရှင်ကား သူမှသူ။ ကျွန်ုပ်၏လူ ငရစ်။

"အလိုလေး… ခင်ဗျား…"

အတိုင်းမသိအံ့သြလွန်းသောစိတ်ကြောင့် ကျွန်ုပ်ဘာမျှ မပြောနိုင်။

ငရစ်က ကျွန်ုပ်ကိုမသိမသာ ပြုံးပြကာ…

"ကျုပ် လက်ရုံးကို ဖမ်းကိုင်ပြီး အိမ်ရှေ့စံ



BURMESE CLASSIC .com

www.burmeseclassic.com



ရှေ့မှောက်အထိ ခေါ်ပေတော့”

ပြောပြောဆိုဆို သူကပင်ရှေ့ဆောင်၍ ထိတ်လန့်အံ့ဩနေကြသော မျက်နှာများရှေ့မှဖြတ်ကာ အိမ်ရှေ့စံ၏ ပလ္လင်ဆီသို့လျှောက်သွားသည်။ ကျွန်ုပ်လည်း သူ့လက်မောင်းကို ကိုင်သည်ဆိုရုံမျှသာကိုင်၍ လိုက်ပါခဲ့ရသည်။ ကျွန်ုပ်က ဖမ်းဆီးခဲ့ခြင်းမဟုတ်ဘဲ သူက အဖမ်းခံခဲ့ခြင်းပင်။

အိမ်ရှေ့စံရှေ့မှောက်သို့ မရောက်မီ လမ်းခွတ်လပ်တွင် သူက ကျွန်ုပ်ကို တီးတိုးပြောလေသည်။

“ကိုယ်တော်ကြီးရှေ့ရောက်ရင် ရာဇဝတ်သားကို ဖမ်းဆီးရမိခဲ့ပါပြီ ဘုရားလို့သာလျှောက် သေစ်ကြားလား၊ ကျုပ်ပြောတဲ့အတိုင်းသာလုပ်”

ဘာတစ်ခုမျှ နားမလည်သော်လည်း ဘာမျှ မတတ်နိုင်။ သူပြောသလိုသာ လိုက်နာရတော့သည်။

“ရာဇဝတ်သားကို ဖမ်းဆီးရမိခဲ့ပါပြီဘုရား”

မော့မကြည့်ရသဖြင့် မမြင်ရသော်လည်း စစ်ကိုင်းမင်း၏ မျက်လုံးအစုံ မီးဝင်းဝင်းတောက်နေသည်ကို သိသဖြင့် ကျွန်ုပ်ကျောထဲ စိမ့်နေမိသည်။ ငရစ်အဖို့ကား မည်သို့ရှိလေမည်မသိ။



BURMESE CLASSIC .com

www.burmeseclassic.com



“ညီလာခံ နန်းမဆောင်အတွင်း သဘင်အချိန်အခါမှာ ဘယ်လို မဖွယ်မရာအမှုမျိုး ဖြစ်သလဲ ပြောစမ်း…”

ကျွန်ုပ်ကိုမေးသော မေးခွန်းဖြစ်သည်။ ဘာဖြစ်မှန်းမသိရသည့်အထဲ အိမ်ရှေ့စံ၏ ခက်ထန်သော အသံကြောင့် ကျွန်ုပ်တစ်ကိုယ်လုံး တုန်သွားလေသည်။ သို့သော် ကျွန်ုပ်ကိုယ်စား ဝင်ဖြေလိုက်သူကား ငရစ်ကိုယ်တိုင်။

“ကိုယ်တော်ကြီးဘုရား၊ ထားယင်လဲ ရှင်ရပါမယ်။ သတ်ရင်လည်း သေရပါမယ်။ ကျွန်တော်မျိုးနာမည် ငရစ်ဖြစ်ပါတယ်၊ နတ်ရွာစံအိမ်ရှေ့ကိုယ်တော်ကြီး လက်ထက်ကတည်းက အရှင့်လက်ထက်အထိ ကိုယ်ရံတော်တပ်မှူးငယ်အဖြစ် အမှုထမ်းနေသူပါဘုရား…”

“ငရစ်… ဩော်… တံခါးနီမှူးကြီးရဲ့မြေးဆိုတာလား…”

အိမ်ရှေ့စံက ခက်ထန်နေဆဲအသံဖြင့် မေးသည်။

“ဟုတ်ပါတယ်ဘုရား”

ထိုအခိုက်မှာပင် တပ်မှူးငယ်တစ်ယောက် ကျွန်ုပ်တို့ဘေးသို့ ရောက်လာသည်။

www.burmeseclassic.com



"ငရစ်ဟာ သူ့ရှေ့က လူတစ်ယောက်ကို ပြင်းပြင်းထန်ထန် ထောင်းကြိတ်လိုက်ပါတယ် ဘုရား၊ အထောင်းခံရသူဟာ သတိလစ်သွားပါတယ်"

ခန်းမတစ်ခုလုံး အသံတဝေါဝေါဆူသွားလေသည်။

"အထောင်းခံရသူဟာ အကြီးတော်ရဲ့ညီ သောခြံပါဘုရား"

သူ့ကိုလှမ်းကြည့်လိုက်သည်။ ငရစ်ကမူ အမူအရာ တစ်ရွေးတစ်စေ့မယွင်း။

"မင်း... ဘာကြောင့် ဒီလိုလုပ်ရတာလဲ ငရစ်"

"မှန်ပါဘုရား၊ အမူတော်ကို သက်စွန့်ကြိုးပမ်း မြဲမြံခိုင်လုံစွာ ထမ်းရွက်ခဲ့ပေမယ့် ကျွန်တော်မျိုး ငရစ်ဟာ အမည်နာမနဲ့ လူပုဂ္ဂိုလ်တွဲပြီး အသိအမှတ်ပြုမခံရ၊ ရှေ့တော်မှောက်မှာ မထင်ပေါ်ရတဲ့အတွက် အရှင့်နားအရှင့်မျက်စိမှာ ပေါက်ကြားအောင် အခုလို ပြုမူလိုက်ရခြင်း ဖြစ်ပါတယ်ဘုရား"

အသံများ ဆူညံသွားပြန်သည်။ အိမ်ရှေ့စံကား ဘယ်သို့ရှိလေမည်မသိ။ စကားတစ်လုံးစီ တစ်လုံးစီကို တုန်ယင်ထစ်ငေါ့ခြင်းကင်းစွာ ပြောသွားသည့်သူ့အသံ အဆုံးဝယ် ကျွန်ုပ်ကြက်သီးမွေးညင်းထသွားသည်။ ငရစ်



BURMESE CLASSIC .com

www.burmeseclassic.com



ရှုးသွပ်နေပြီလော။

အိမ်ရှေ့စံ၏အသံ ဟိန်း၍ထွက်လာပြန်သည်။

"ဗိုလ်ပုံအလယ် ထင်ပေါ်ချင်လို့၊ ငါ့နားပေါက်ကြားချင်လို့၊ ငရစ်ဆိုတာ သိစေချင်လို့ ဒီလိုလုပ်တယ် ဟုတ်လား"

"ဟုတ်ပါတယ်ဘုရား"

"တစ်ဘက်သားကို အနာတရဖြစ်အောင် လုပ်တာဟာ နည်းမှန်သလား"

"အခြား အရေးအရာလဲ မပေါ်ပါဘုရား၊ ကျွန်တော်မျိုး ငရစ်ဖြစ်ကြောင်း အရှင်သိစေဖို့ ဒီနည်းသာ ရှိပါတော့တယ်ဘုရား..."

"မဏိပူရအရေး ဆွေးနွေးနေတဲ့ညီလာခံဆိုတာ မင်းနားမလည်ဘူးလား"

"မဏိပူရအရေး ဆွေးနွေးတဲ့ ညီလာခံမို့လဲ ဒီလို လုပ်တာပါဘုရား"

"ဘာ..."

"သစ္စာဖောက်စော်ဘွားဂျော်ဂျစ်ဆင်း အကြောင်းကြားလိုက်ရတဲ့အခါမှာ သွေးပိုဆူလာပြီး ချက်ချင်း ထထောင်းဖြစ်သွားပါတယ်ဘုရား..."



BURMESE CLASSIC .com

www.burmeseclassic.com



တပ်မင်းကြီးများဆီမှ ခပ်အုပ်အုပ်ရယ်သံများ ကြားရသဖြင့် ကျွန်ုပ်စိတ်ထဲမှာ အနည်းငယ်သက်သာရာ ရသွားသည်။

"မင်း… အရူးပဲ"

"အမှုတော်ကို သည့်ထက်ဆတိုး ထမ်းရွက်ခွင့် မရခဲ့ယင်လဲ ကျွန်တော်မျိုးကိုယ်တွင်းမှာ စစ်စိတ်စစ်သွေးတွေ ပေါက်ကွဲပြီး ရူးသွပ်သွားမှာ အမှန်ပါပဲဘုရား"

"မင်း… ဘယ်သူနဲ့စကားပြောနေသလဲ ဆိုတာကော သိရဲ့လား"

"မှန်ပါ၊ ထားယင်နေ၊ သတ်ယင်သေပါမယ် ဘုရား"

"သတ်ပစ်ရမယ့် အပြစ်မျိုးမှ မဟုတ်ပေတာပဲ"

ကျွန်ုပ်ရင်ထဲမှာပင် သက်ပြင်းချလိုက်မိသည်။ ငရစ်အရဲကိုး လွန်းလှချည့်ဟူသော စိုးရိမ်စိတ်လည်း လျော့သွားသည်။

"ဒါပေမယ့်…"

အိမ်ရှေ့မင်းက စကားမဆက်သေးဘဲ ခေတ္တရပ်တန့်ပြီးမှ…

မင်းထထောင်းခဲ့တဲ့လူဟာ သတိမေ့နေပြီ၊ ထိုက်



BURMESE CLASSIC .com

www.burmeseclassic.com



သင့်တဲ့ ပဏ္ဏာနဲ့တကွ သူ့ကို မင်းရှိခိုးတောင်းပန်ရမယ်”

“ကျွန်တော်မျိုး ပိုင်ဆိုင်သမျှပစ္စည်းဥစ္စာ အားလုံးကို ပေးလျော်ပါမယ်ဘုရား၊ ဒါပေမယ့် ရှိခိုးတောင်းပန်ခြင်းတော့ မပြုပါရစေနဲ့ဘုရား”

“ဘာ…”

“အထောင်းခံရသူဟာ ကျွန်တော်မျိုးရှိခိုးထိုက်တဲ့လူမဟုတ်ပါဘုရား…”

“ဟော့…မင်းထောင်းလိုက်တဲ့လူဟာ အကြီးတော်ရဲ့ ညီအရင်းကွ၊ နားလည်လား…”

“မှန်ပါ၊ သောခြံ့ဟာ နောင်ရင်းဖြစ်တဲ့အကြီးတော်ရဲ့ အရှိန်အဝါကို အားပြုပြီး သေရည် မူးယစ်သောက်စား အားနည်းသူများအပေါ် သော့သွမ်းဆိုးရွားနိုင်ထက်ကလူ ပြုနေသူပါဘုရား…”

“ဟော့… လူမိုက်၊ ငါအမိန့်တော် ချနေတယ်”

ငရစ် တိတ်ဆိတ်ငြိမ်သက်နေသည်။ ပြင်းထန်သော သက်ပြင်းရှိုက်သံကြီးတစ်ခု သူ့ဆီမှ ပေါ်ထွက်လာသည်။

“အမိန့်တော်အတိုင်းပါဘုရား…”

“သွားနိုင်ပြီ”



BURMESE CLASSIC .com

www.burmeseclassic.com



တိုးတိုးသဲ့သဲ့ စကားပြောသံများ၊ အထူးအဆန်း မျက်လုံးအကြည့်များကို ဖြတ်လျက် ကျွန်ုပ်တို့နောက်ပြန် ဆုတ်ခဲ့ကြသည်။ ကိုယ်ရံတော် တပ်မှူးများက ဧရစ်ဖြတ် လျှောက်သွားတိုင်း ကပျာကရာ ရှဲပေးကြလေသည်။

သူ့အသွင်ကား စစ်ပွဲပြန် အောင်နိုင်သူတစ်ဦး အသွင်မျိုး။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com



"နေစမ်းပါအုံး ရောင်းရင်းရာ၊ ရှေ့မှာ ထိုင်နေတဲ့ လူဟာ ဟိုအကြော်တဲမှာ ဆုံခဲ့ရတဲ့လူဆိုတာ ရောင်းရင်း အစကတည်းက သိထားလို့လား"

ဘယ်က သိရမှာလဲ၊ ကျုပ်ကဒီညီလာခံမှာတော့ နီးတဲ့လူ ထထောင်းမဟဲ့လို့ အစကတည်းက ဆုံးဖြတ်ထား တာ၊ ကံကောင်းချင်တော့ အထောင်းခံရတဲ့ လူဟာ ကျုပ်တို့မိတ်ဆွေကြီးဖြစ်နေတာကိုး…"

"ထားပါတော့ဗျာ၊ ဒါပေမယ့် ကိုရင့်လုပ်ပုံ အရဲ ကိုးလွန်းလှတယ်"

"အိမ်ရှေ့စံအမျက်ထွက်ပြီး သတ်လဲ သေမယ်လို့



BURMESE CLASSIC .com

www.burmeseclassic.com



ဆုံးဖြတ်ပြီးသားဟာကိုး၊ အသက်ကိုစွန့်ထားပြီးသားလေ”

“အဲဒီတုန်းက ကျုပ်ဖြင့်အသက်ကို မရှူရဲဘူး၊ ကိုရင့်ဟာက အိမ်ရှေ့စံကို တစ်ခွန်းတင်တစ်ခွန်းကျ ပြောနေတော့တာကလား”

“ဘာပဲဖြစ်ဖြစ် ကျုပ်အခုအပြစ် မြူတမှုန်မှ မတင်ဘူးမဟုတ်လား၊ ဒီပွဲဟာ လူရူးလူမိုက် ဆန်ပေမယ့် ကျုပ်အဖို့ကောင်းသော အကျိုးရလာဒ်နှစ်ခု ရလိုက်တယ်”

“ဟုတ်ပါတယ်၊ ကိုရင့်ကို ရွှေနန်းတော်က သိသွားပြီ”

“ဒါကတော့ ကျုပ်ချိန်ရွယ်ပစ်လွှတ်လိုက်တဲ့ အဲမောင်းသွားဟာ စက်တိုင်ကို ဝင်စွဲတဲ့သဘောမျိုးပဲ၊ မမျှော်လင့်ဘဲ ရလိုက်တာကတော့ သောချို”

“အင်း… ဟိုလူတော့ တစ်ချက်ပဲ အော်နိုင်တယ်”

“သူမှန်းအစက မသိခဲ့တာ သူကံကောင်းသွားတယ်၊ နို့မို့ဆိုယင် ပွဲကျောင်းတုန်းက ကျုပ်သင်ခဲ့ရတဲ့ အနက်တုန့် နည်းနဲ့ထောင်းလိုက်ရယင် သင်းနေရာမှာ တင် သွေးအန်ပြီးအသက်ပျောက်မယ်၊ သောခြံဟာ အင်မတန်ယုတ်မာသိမ်ဖျင်းတဲ့ လူ့တိရစ္ဆာန်ပဲ၊ အိမ်ရှေ့စံ



BURMESE CLASSIC .com

www.burmeseclassic.com



ကို ကျုပ်ပြောဖို့ မသင့်လို့ သင်းဟာ သူရာမေရိယတင် မကဘူး ကာမေသုသမားလဲ ဖြစ်တယ်”

“ဒါနဲ့… အိမ်ရှေ့စံက သူ့ကို ရှိခိုးတောင်းပန်ဖို့ အမိန့်တော် ချလိုက်တာကော…”

“သောခြုံ ဒီတိရစ္ဆာန်လား အမိန့်တော်မို့ ကျုပ် သင်းကို တောင်းပန်ဖို့သွားပါတယ်။ ကျုပ်ကို မတွေ့ရဲဘူး လေ၊ ဘီလူးသရဲထင်ပြီး ကြောက်ကြောက်နဲ့ သင်းထွက်ပြေးသွားလိုက်တာ အမရပူရမှာတောင် မရှိတော့ဘူး… တဲ့”

“ကောင်းပါလေဗျာ… ကောင်းပါလေ့”

ထို့နောက် သူနှင့်ကျွန်ုပ် အဆင့်ဆင့် ရာထူးတိုးတက်ခဲ့သည့်အကြောင်းများနှင့် ကိုယ်ရံတော် တပ်မှူးငယ်ဘဝအထိ ရောက်ခဲ့ပုံများအကြောင်း အသီးသီး လဲလှယ်ပြောဆို ဖြစ်ကြသည်။

“ကိုရင် သေစ်ရဲ့၊ ကိုရင်နဲ့ကျုပ်နဲ့လဲ အကြော်တဲမှာ တွေ့ပြီးကတည်းက လူချင်းမဆုံဖြစ် သွားလိုက်တာ တကယ့်နေ့ကျတော့မှ ရာဇဝတ်သားနဲ့ ဖမ်းဆီးသူအဖြစ် ဆုံရတော့တာကိုး…”

သူက ရယ်ယင်းပြောသည်။

www.burmeseclassic.com



“မဆုံဖြစ်ပေမယ့် ကိုရင့်ကို ကျုပ်အမြဲ သတိရနေသဗျ”

“ကျုပ်လဲ ကိုရင့်လိုပဲ အကြော်တဲမှာ တွေ့ခဲ့ရတဲ့ ရဲမက်ငယ်လေးရဲ့အသွင်ကို မြင်မြင်နေမိတယ်…”

တစ်ကောင်ကြွက် သံယောဇဉ်မဲ့ ကျွန်ုပ်အဖို့ တစ်ကိုယ်လုံး နွေးထွေးသွားစေသည့် စကားပင်ဖြစ်တော့သည်။ ကျွန်ုပ်တို့ကား နာမည်ချင်း အသံတူရုံမျှသာမက ရဲမင်းထင်ပြောသလို ဓာတ်ခံချင်းလည်း တူသူများ ဖြစ်နေကြပြီထင်သည်။

“ကျုပ်တို့ သွေးသောက်ညီနောင်ရင်းတွေ ဖြစ်ကြပြီ ကိုရင်ငရစ်”

“အသက်ထက်ဆုံးပေါ့ဗျာ”

“ခင်ဗျား အခု အသက် ဘယ်လောက်ရှိပြီလဲ …၊ ကိုရင် ငရစ်”

“ကျုပ်လား၊ လေးဆယ့် လေးနှစ်ဖွား လေ”*

“ဟင်… ဟုတ်လား၊ ကျုပ်လဲ လေးဆယ့် လေးနှစ်ဖွားပဲ၊ ဘယ်လလဲ”

“တန်ဆောင်မုန်းလဆန်း နှစ်ရက်၊ ဗုဒ္ဓဟူးနေ့”

“ဟာ… ကျုပ်က ပြာသိုလဆန်းရှစ်ရက်၊ ဗုဒ္ဓဟူး



BURMESE CLASSIC .com

www.burmeseclassic.com



နေ့၊ ကြည့်စမ်း ခင်ဗျားကျုပ်ထက် နှစ်လပဲကြီးတယ်၊ နေ့ချင်းလဲ အတူတူပဲဗျို့”

“သွေးသောက်ကြီးရဲမင်းထင်ရေ၊ ခင်ဗျား ပြောတာတွေ အားလုံးမှန်နေပြီ”ဟုသာ ကျွန်ုပ်ရင်ထဲမှ အထပ်ထပ်အခါခါ ရေရွတ်မိလေသည်။

* *မြန်မာသက္ကရာဇ် ၁၁၄၄၊ တန်ဆောင်မုန်းလဆန်း (၂)ရက်၊ ဗုဒ္ဓဟူးနေ့သည် မဟာဗန္ဓုလ၏ မွေးနေ့မွေးရက်ဖြစ်သည်။*

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၃)

မတည်မမြဲ ရွေ့လျော ပြောင်းလဲတတ်သော အနိစ္စတရားကို ကျွန်ုပ်သည် အသက်ငယ်ငယ်ရွယ်ရွယ်မှာပင် သဘောပေါက်နားလည်လာခဲ့လေသည်။

ပြောင်းလဲမှုများကလည်း အရှိန်အဟုန် လျင်မြန်လှသည်။ မျက်နှာဖြူ ဗြိတိသျှများနှင့်ပတ်သက်သော အရေးအရာသည် ရွှေနန်းတော်အတွင်း တစ်နေ့မပြတ် ပေါ်ပေါက်နေသည်။ တစ်ချိန်ချိန်တွင် ဗြိတိသျှတို့နှင့် စစ်ဆက်ဖြစ်ပွားလိမ့်မည်ဟုလည်း ပြည်ရေးပြည်ရာကို နားလည်ကြသော နန်းတွင်းအကြီးအကဲများက ကြိုတင်နိမိတ်ဖတ်နေကြသည်။

ကျွန်ုပ်မှာ သေနင်္ဗျူဟာ စစ်ပညာမှအပ နိုင်ငံ



BURMESE CLASSIC .com

www.burmeseclassic.com



တော် အရေးအရာများ၌ ကျွမ်းဝင်နှံ့စပ်သူ မဟုတ်သော ကြောင့် သူတစ်ပါးပြောဆိုနေကြသမျှကိုသာ နားထောင်ရ လေသည်။ ဆင်ကျုံး၊ လုံ့စက်ပစ်ကွင်း၊ မြင်းဇောင်း၊ ဓားရေး လေ့ကျင့်ကွင်းနှင့် မီးပေါက်သေနတ်လေ့ကျင့်ကွင်းများ တွင်သာ ဝင်စားနှံ့စပ်ခဲ့သော ကျွန်ုပ်အဖို့ ရှုပ်ထွေးလှ သော နိုင်ငံအရေးများကို လိုက်မမီနိုင်။ စိတ်လည်း မဝင် စားလှ။ ကျွန်ုပ်သိသည်မှာ မိမိ၏အထက် အဆင့်ဆင့် သော တပ်မင်းဗိုလ်ချုပ်များ၏ အမိန့်ကို တသွေမတိမ်း နာခံခြင်းနှင့် မိမိအောက်အဆင့်ဆင့်သော သွေးသောက် အကြပ်ရဲမက်များကို တိကျစွာ အုပ်ချုပ်ခြင်းပင် ဖြစ်သည်။

ယခုအခါ သွေးသောက်ကြီးရဲမင်းထင်လည်း ရဲမက်ဘဝကိုစွန့်ကာ ဘုန်းတော်ကြီးကျောင်းတစ်ကျောင်း ၌ ကပ္ပိယဝင်လုပ်နေပြီဖြစ်သည်။ ကျွန်ုပ်မှာ အမရပူရ ရွှေနန်းတော်ကြီးတစ်ခုလုံး၌ စကားပြောဆိုနိုးနှော တိုင်ပင်ဘက်ဆို၍ ကိုရင် ငရစ်တစ်ယောက်သာ ရှိလေ သည်။ သို့သော် သူကလည်း သူ့တာဝန်နှင့်သူ။

ကိုရင်ငရစ်သည် လူအများစုနှင့် အကျိုးပေးသူ ပင် ဖြစ်လေသည်။ ညီလာခံသဘင်၌ သောခြံကို ထထောင်းပြီး အိမ်ရှေ့စံအား တစ်ခွန်းတင်တစ်ခွန်းကျ



BURMESE CLASSIC .com

www.burmeseclassic.com



ရဲဝံ့စွာ စကားဆိုခဲ့ပြီး နောက်ပိုင်းတွင် သူ့အမည် သတင်းမှာ နန်းတော်တပ်မတိုင်းတွင် မွှေးပျံ့လာခဲ့သည်။ သူသည်လည်း အိမ်ရှေ့စံကိုယ်တော်၏ အိမ်တော်ဝင်းမှူးအဖြစ် အရာတိုးမြှင့်လာခဲ့ပြီဖြစ်သည်။ ‘အိမ်ရှေ့နန်းတော်မှာ ဘီလူးစောင့်နေတယ်’ဟု နန်းတွင်းသားများက တင်စားဆိုကြသည်အထိ သူ့အရှိန်အဝါ ကြီးမားလာသည်။

သူနှင့်ကျွန်ုပ် ဥပုသ်တစ်ပတ်တွင် တစ်ရက်သာ တွေ့ဆုံကြရသည်။

တွေ့ဆုံကြသည့်နေရာမှာလည်း အိမ်ရှေ့စံကိုယ်တော်ကြီး၏ စံအိမ်တော်ဝင်းအတွင်းရှိ သူ့အတွက် သီးသန့်ပေးထားသော အဆောင်တွင်ဖြစ်သည်။ သူ့အဆောင်ကား နန်းတော်၏အခြားတပ်မှူးငယ်များ၏ အဆောင်လိုသေရည်တကောင်းများ၊ ပိုးပဝါ ခါသာအုပ်များ၊ ရွှေရေးချအဆောင်အယောင်များမရှိ။ တစ်ခန်းလုံး လက်နက်ပေါင်းစုံဖြင့် ပြည့်နှက်နေသည်။ သို့သော် လက်နက်များကိုချိတ်ဆွဲထားသိုပုံမှာ သပ်ရပ် ရှင်းလင်းသည်နှင့်အမျှသိုက်မြိုက်ခမ်းနားလှသည်။ ကိုရင်ငရစ်သည် လက်နက်မျိုးစုံကို အကိုင်အတွယ် အပစ်အခတ် အထိုးအခုတ် ကျွမ်းကျင်ရုံမျှမက လက်နက်များအပေါ် တရိုတသေထိန်းသိမ်း

www.burmeseclassic.com



စောင့်ရှောက်သူလည်း ဖြစ်ပေသည်။

ထို့ထက်မှ ကျွန်ုပ်အံ့သြရသည့် မြင်ကွင်းကား တကယ့်စစ်ရေး ခန်းမဆောင်ကြီးအတွင်းမှာသာ တွေ့နိုင်သော စစ်မြေပြင်စစ်ကြောင်းပြ မြေပုံကားချပ်များကို စုံလင်စွာချိတ်ဆွဲထားခြင်းပင် ဖြစ်သည်။ မဇ္ဈိမပူရ အာသံ၊ ကချာဒေသ စစ်မြေပြင်ပြမြေပုံများ၊ အမရပူရ ရွှေမြို့တော်၏ အသေးစိတ်မြေပုံ၊ နိုင်ငံတော်မြေပုံစသည့် သားရေကားချပ်များသည် နံရံထက်၌ အစီအစဉ်တကျ ရှိနေကြသည်။ ထို့ပြင် ထူးခြားသော ရုပ်ပုံကားချပ်များကို တွေ့ရသေးသည်မှာ ဗျူဟာစက္ကဲပို့တွင် ကျွန်ုပ်စာအားဖြင့် ဖတ်ရှုခဲ့သော စစ်ချီ၊ စစ်ခံ၊ စစ်တက်၊ စစ်ပြန်၊ စစ်နိုး၊ စစ်လှန့်ခြင်း၊ သေနင်္ဂများကို တစ်ခုစီတစ်ခုစီ သရုပ်ဖော် ရုပ်ပုံများဖြင့် ရေးဆွဲထားခြင်းပင်ဖြစ်လေသည်။

"ဟာ… ကိုရင့်အဆောင်က တကယ့်တပ်မင်း ဗိုလ်ချုပ်ကြီးရဲ့ စစ်ရေးဆောင်ကြီးလိုပါပဲလား" ဟု ကျွန်ုပ်က တအံ့တသြ ရေရွတ်သောအခါ သူက…

"စစ်သည်တစ်ယောက်အဖို့ ဆင်စီး၊ မြင်းစီး၊ ဓားခုတ် လှံထိုး သေနင်္ဂမှာ ကျွမ်းကျင်ရုံနဲ့တင် မပြည့်စုံသေးဘူး ကိုရင်၊ မြေပုံကားချပ်ပေါ်မှာ သေနင်္ဂဗျူဟာကို



BURMESE CLASSIC .com

www.burmeseclassic.com



စီစဉ်ရေးဆွဲပြီးတော့လဲ စစ်တိုက်နိုင်ရမယ်”
ဟု ရင့်ကျက်သော လေ့ကြမ့်ဖြင့် ပြန်ဖြေတတ်သည်။

ထို့နောက် စားပွဲရှည်ပေါ်တွင် စစ်တုရင် ရုပ်လေးများကို တပ်မခင်းဖြန့်သလိုချ၍ စစ်ထိုး၊ စစ်ချီပုံများကို နှုတ်က ပြောလိုက်၊ အရုပ်များကို ရွှေ့လိုက်ဖြင့် စိတ်ဝင်တစား လုပ်ပြသည်။

“ဟာ ကိုရင့်ဟာက တပ်မင်းဗိုလ်ချုပ်ကြီးတွေရဲ့ အရာပဲ”
ကျွန်ုပ်၏ အံ့သြမှုကား မကုန်ဆုံးနိုင်။

“ဟုတ်တယ်လေ၊ စစ်ပြုကြတယ်ဆိုရာမှာ ဆင်မြင်း ဓားလှံသေနတ်စွမ်းရည်၊ ပြောင်မြောက်တဲ့ စစ်သည်တော်တွေရဲ့ တစ်ဦးချင်း လက်ရုံးရည်လိုအပ်သလို၊ အမိန့်နာခံခြင်း၊ ယုံကြည်မှုရှိခြင်းဆိုတဲ့ နှလုံးရည်လိုအပ်သလို အခု ကျုပ်ပြောတဲ့ စစ်အစီအမံ အခင်းအကျင်းဟာလဲ အဓိကလိုအပ်တာပဲ...”

စစ်နှင့်ပတ်သက်သော သူ့ခံယူချက်မှာ မြင့်မားလှကြောင်း ကျွန်ုပ်တွေ့လာရသည်။ ကိုရင်ငရစ်ကား တကယ့် စစ်သားကြီးပေပင်။

“ကိုရင်ငသစ်ကတော့ ကျုပ်ကိုအတွင်းသိ

www.burmeseclassic.com



အစင်းသိမို့ ပြောရအုံးမယ်၊ စစ်နဲ့ပတ်သက်ယင် ကျုပ်က တော့ ကျုပ်ကိုယ်ကျုပ် ခေါင်းဆောင်နေရာကပဲ ထားပြီး စဉ်စားတယ်၊ ရန်သူ့အင်အား၊ စစ်မြေပြင် အနေအထား၊ ခရီးလမ်းအခြေအနေ၊ ပြီးတော့ စစ်မျက်နှာ၊ ဒါတွေကို ခြုံငုံသုံးသပ်ပြီး ဘယ်လို သေနင်္ဂချရမလဲ၊ ဒါကိုကျုပ်က အဓိက စိတ်ဝင်စားတယ်၊ သေနင်္ဂအစီအမံကောင်းယင် ကောင်းသလောက် အောင်ပွဲဟာ သေချာတယ်''

ထူးခြားသော စစ်သည်တစ်ယောက်ဖြစ်ကြောင်း သိလာရပြန်သည်။

''အခု ကျုပ်တို့မှာ မဏိပူရ စော်ဘွားအရေးက လောလောဆယ် ပူနွေးနေတယ်မဟုတ်လား၊ မဏိပူရ၊ အာသံနယ်ခြားဒေသတွေရဲ့ မြေပုံအသေးစိတ်ကို ကျုပ် အခု ကားချပ်မကြည့်ရဘဲ အလွတ်ရနေပြီ၊ တောတောင် ချောင်းမြောင်းရေတံခွန်တွေ ဘယ်နားမှာ ဘယ်လောက် ရှိတယ်ဆိုတာကအစ ကျုပ်ခေါင်းထဲမှာ ထည့်ထားတယ်''

သူပြောနေပုံမှာ ဂုဏ်ယူဝင့်ကြွားဟန်မျိုး လုံးဝ မရှိ။ ကျွန်ုပ်ကိုရည်ညွှန်းပြောနေပုံမျိုးလည်းမဟုတ်။ သူ့ ဘာသာသူ တစ်ကိုယ်တည်း စိတ်အားထက်သန်စွာ ရေရွတ်နေပုံမျိုး ဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



‘‘ကျုပ်တို့ အမရပူရစစ်သည်တော်တွေ၊ အင်း… ကျုပ်တို့ ဗမာပြည်သားတွေမှာ ကိုယ်ပိုင်တစ်ဦးစီရဲ့ လက်ရုံးရည် နှလုံးရည်နဲ့ ပတ်သက်လို့ကတော့ ပြောစရာမရှိပေဘူး၊ ထိုက်သည့်အားလျော်စွာ သွေးကောင်းကြတဲ့သူတွေချည်းပဲ၊ သို့သော် သေနင်္ဂအစီအမံကို စစ်ပညာရဲ့ နက်နဲတဲ့အနှစ်သာရတစ်ရပ်အနေနဲ့ လေ့လာလိုက်စားသူကတော့ အင်မတန်ရှားတယ် ထင်တာပဲ၊ ကျုပ်က ဒီပညာရပ်ကို အထူးဝါသနာပါတာ၊ ဝါသနာပါသည်နှင့်အမျှ အပတ်တကုတ်လဲ လက်လှမ်းမီသလောက်လေ့လာလိုက်စားခဲ့တယ်၊ အင်း… ဒီပညာရပ်ကလဲ လိုက်စားလေလေ ကျယ်ပြန့်နက်ရှိုင်းလေလေပါပဲ’’

သူ့အသွင်မှာ တပ်မှူးအဆင့်ရှိ ကိုယ်ရံတော် ဗိုလ်တစ်ယောက်နှင့်မတူဘဲ တကယ့်တပ်မင်းဗိုလ်ချုပ်ကြီးတစ်ယောက်လို ရင့်ကျက်တည်ငြိမ်နေသည်။ အနည်းငယ်စောင်းစွေသယောင်ရှိသော မျက်လုံးအစုံတို့မှာ စူးရှတောက်ပသော မျက်ဝန်းများဖြင့် တစ်မျိုးကြည့်၍ ကောင်းနေသယောင်ပင်။

သူက လုံ့လျှင်တစ်ချောင်းကို နံရံမှဖြုတ်ယူကာ မြေပုံသားရေချပ်တစ်ခုအပေါ်သို့ လုံ့သွားဖြင့် ထောက်

www.burmeseclassic.com



လိုက်သည်။ လုံသွားကျရောက်သည့်နေရာမှာ 'အမရပူရ'။ လုံသွားသည် တိကျသေသပ်စွာ တရွေ့ရွေ့ လှုပ်ရှားလာသည်။ သူ့နှုတ်မှ ရှင်းလင်းပြတ်သားသော စကားသံများလည်း လုံသွားရွေ့လျားသည့်အတိုင်း ထွက်ပေါ်လာသည်။

"ဒါ ကျုပ်တို့ရဲ့နေပြည်တော်"

မြေပုံ၏ဝဲဘက်သို့ လုံသွားရွေ့သည်။

"ဒီမှာ ရောဝတီ၊ အနောက်ဘက်အရပ်ကို ဖြတ်၊ ချင်းတွင်းမြစ်ကို ဖြတ်၊ ဟောဒါ ချင်းတောင်တန်းကြီးတွေ"

စိတ်ဝင်စားမှုများဖြင့် ကျွန်ုပ် ငြိမ်သက်သွားလေသည်။

"အနီစက်ခြယ်ထားတဲ့ နေရာတွေကိုပဲ ကြည့်၊ ဒါစစ်တကောင်း၊ ဟောဒါက တမူးပဲ၊ ဒီအဝန်းက မဏိပူရ၊ မြောက်ဘက်··· အဲ··· အနောက်မြောက်ဘက်ကဟာက အာသံ၊ နယ်စပ်ချင်းထိစပ်နေကြတဲ့ ဒေသတွေ၊ တောတောင်၊ အင်းအိုင်၊ ချောင်းမြောင်းထူထပ်ပြီး အင်မတန်တောနက်တဲ့နေရာတွေ"

လုံသွားကို မြေပုံချပ်ပေါ်မှ ပြန်ရုပ်လိုက်ပြီး နောက်ထပ်မြေပုံလိပ်တစ်ခုကို ကြိုးစဖြည်ချလိုက်သည်။

"ဒီမြေပုံက မဏိပူရဒေသကိုပဲ အဆချဲ့ပွားပြ



BURMESE CLASSIC .com

www.burmeseclassic.com



ထားတဲ့ မြေပုံ”

မြေပုံချပ်ပေါ်တွင် အစိမ်းရောင်မျဉ်ကြောင်းများကို တွေ့ရလေသည်။

“ကိုရင် အခုတွေ့နေရတဲ့ အစိမ်းရောင်မျဉ်းကြောင်းတွေက စစ်ချီလမ်းကြောင်းတွေပဲ၊ တကယ်လို့ မဏိပူရကို စစ်ချီရပြီဆိုယင် အချိန်အတိုဆုံး၊ ခရီးလမ်းအသင့်ဆုံးနဲ့ စစ်ချီစစ်ထိုးလမ်းကြောင်း အပြေဆုံးလမ်းတွေကို ကျုပ်ရွေးချယ်သတ်မှတ်ထားတာ၊ ဒါကို ကိုရင်တို့တပ်မင်းကြီး စိတ်ဝင်စားလိမ့်မယ်ထင်တယ်”

သူ့စကား၏ ဆိုလိုရင်းအနက်ကို ကျွန်ုပ်သဘောမပေါက်သေး။ သူက ကျွန်ုပ်ထံသို့ ဖျတ်ကနဲ လှမ်းကြည့်လိုက်ပြီး…

“စော်ဘွားမာဂျစ်ဆင်းနဲ့ပတ်သက်ပြီး အရေးတော်တစ်ခု ပေါ်လိမ့်မယ်လို့ ကျုပ်တွက်ထားတယ်၊ မာဂျစ်ဆင်းဟာ သူ့အစ်ကို ဂျော်ဂျစ်ဆင်းရဲ့ နမူနာအတိုင်း လိုက်လိမ့်မယ်လို့ ကျုပ်ထင်တယ်၊ ရွှေနန်းတော်နဲ့ ဝေးကွာလွန်းတဲ့ နယ်စပ်ဒေသလက်အောက်ခံ ဖြစ်နေလေတော့ သူတို့မှာ ပုန်စားဖီဆန်ဖို့ အခွင့်အရေးတွေရနေတယ်၊ ကြံစည်နိုင်ဖို့ အခြေအနေပေးနေတယ်”



BURMESE CLASSIC .com

www.burmeseclassic.com



သူသည် သာမာန်တပ်မှူးတစ်ယောက်မဟုတ် ဟူသော အသိက ကျွန်ုပ်၏ရင်ထဲမှာ ပို၍ခိုင်လုံသွားသည်။ သူကား နိုင်ငံတော် အရေးအရာနှင့် စစ်ရေးစစ်ရာကို တွဲဖက်သုံးသပ်နိုင်သူ ဖြစ်နေလေသည်။

"နောက်ပြီးတော့ . . ."

သူ့အသံ အနည်းငယ်တိုးသွားသည်။ သို့သော် မျက်လုံးများက ပို၍တောက်ပလာကြသည်။ တစ်ခုခုကို မုန်းတီးရွံရှာသည့် အသွင်မျိုးဖြင့် မျက်လုံးများ မသိမသာ ကျဉ်းသွားကြသည်။

"ကျုပ်တွေးထားတာ မလွန်ဘူးထင်တာပဲ၊ ဒီ မဏိပူရစော်ဘွားတွေရဲ့ နောက်ကွယ်မှာ ဗြိတိသျှတွေဟာ လက်သည်းဝှက်ထားတဲ့ ကြောင်တစ်ကောင်လို ပုန်း အောင်းနေတယ်၊ ကျုပ်တို့ရဲ့ တကယ့်ရန်သူဟာ မဏိပူရ စော်ဘွားတွေ မဟုတ်ဘူး၊ နောက်ကွယ်က ဗြိတိသျှတွေ"

မျက်နှာဖြူတို့အရေးသည် ရင်မအေးစရာ ဖြစ်ကြောင်း ကျွန်ုပ်သိထားသော်လည်း 'တကယ့်ရန်သူ' ဟု သူပြောသလောက်အထိ ကျွန်ုပ် မြင် မထားသော ကြောင့် အံ့အားသင့်မိလေသည်။ သူက တက်ကြွစွာ ဆက်ပြောသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"လူစွမ်းလူစနဲ့ စစ်အရည်အသွေးကိုတော့ သူတို့ကို ကျုပ်တို့က မှုလောက်စရာမရှိပါဘူး၊ သို့သော် စစ်နဲ့ပတ်သက်ပြီး ရန်သူအကြောင်းကို တွေးဆရာမှာ မုန်းတီးမှု၊ အထင်သေးမှုစတဲ့ အတ္တနောမတိတွေကို အတတ်နိုင်ဆုံး ချုပ်တည်းမျိုသိပ်ထားရမယ်၊ ပကတိ အဖြစ်သဘာဝကို မြင်တတ်အောင်ကြည့်တတ်ဖို့ လိုတယ်၊ ကိုရင်သိမှာပါ၊ ဗြိတိသျှတွေရဲ့ ရေကြောင်း စစ်အင်အား ဟာ တောင့်တင်းခိုင်မာတယ်၊ ပြီးတော့ သူတို့ရဲ့ အမြောက်စိန်ပြောင်းတွေဟာ အခြားနိုင်ငံရဲ့ စစ်တပ် တွေထက် ပိုကောင်းတယ်၊ ဒီအချက်ကို ကျုပ်တို့ မပေါ့ မလျော့ ဆင်ခြင်းနှလုံးသွင်းအပ်တယ်"

သူကို ကြည့်နေယင်းမှာပင် သူသည် ရှိရင်းစွဲ ထက် အဆပေါင်းများစွာ ကြီးမားထွားကျိုင်းလာသည်ဟု ကျွန်ုပ်ထင်မိတော့သည်။ ထိုခဏမှာပင် သူသည် ကျွန်ုပ် နှင့် အရာအဆင့်ချင်း တူညီသော်လည်း ကျွန်ုပ်ထက် အဆပေါင်းများစွာ သာလွန်သော ပုဂ္ဂိုလ်တစ်ယောက် ဖြစ်ကြောင်း နားလည်မိလေသည်။ သေနင်္ဂနှင့် ပတ်သက် ၍ သူ့အတွေးအယူများ ကျယ်ပြန့်နက်ရှိုင်းပုံကိုလည်း

www.burmeseclassic.com



ကျွန်ုပ် ပြောမပြတတ်အောင် လေးစားမိတော့သည်။ သူကား တကယ် ပြည့်ဝထက်မြက်သော စစ်သည်တော် ကောင်းကြီးဖြစ်ရန် လူ့လောကသို့ ရောက်ရှိလာသူ ဖြစ်သည်ဟုလည်း ကျွန်ုပ်တထစ်ချ ယုံကြည်မိတော့သည်။

တပ်မှူးအဆင့်ချင်း အတူတူဖြစ်စေကာမူ သူသည် ကျွန်ုပ်ထက်လည်းကောင်း၊ ရှေ့နန်းတော် တပ်မများရှိ အခြားတပ်မှူးများအားလုံးတို့ထက်လည်းကောင်း၊ အရည်အသွေး ပိုမိုပြည့်ဝစုံလင်သောသူ ဖြစ်သည်ဟု ကျွန်ုပ် အကြွင်းမဲ့ဝန်ခံမိလေသည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com



သူ့စကားမှန်ခဲ့ပေပြီ။

ဘိုးတော်ဘုရား ကံတော်ကုန်သည်။ အိမ်ရှေ့စံ စစ်ကိုင်းမင်းသည် ဘကြီးတော်ဘုရားအဖြစ် အမရပူရ ထီးနန်းပလ္လင်ထက်သို့ စိုးစံအုပ်ချုပ်ပြီဖြစ်သည်။ ရွှေနန်းတော်တွင် ပြည့်ရှင်ဘုရင်အသစ် ပြောင်းလဲသလို ပင် နိုင်ငံတော်၏အရေးအရာများလည်း ပြောင်းလဲလာ ခဲ့ပေပြီ။

ဘကြီးတော်ဘုရား၏ ဘိသိက်သွန်းပွဲတွင် လက် အောက်ခံ ပဒေသရာဇ်မင်းငယ်များစုံညီ တက်ရောက် သစ္စာတော်ခံကြသည်။ သို့သော် ပျက်ကွက်သူ တစ် ယောက်ရှိသည်။

မင်းတရား၏ ဘိသေကသဘင်သို့ မလာရောက် ဟူသည့် အခိပ္ပာယ်မှာ၊ မင်းတရား၏ အာဏာတော်ကို



BURMESE CLASSIC .com

www.burmeseclassic.com



မသိကျိုးကျွန်ပြုခြင်း၊ မထေမဲ့မြင်ပြုခြင်း၊ အသိအမှတ်မပြုခြင်း၊ တနည်းဆိုသော် ပုန်စား ဖီဆန်ခြင်းပင်ဖြစ်သည်။

ထိုသူကား အခြားမဟုတ်။ မဏိပူရစော်ဘွားမာဂျစ်ဆင်းပေတည်း။

မဖွယ်မရာသော အမှုပင်။

မာဂျစ်ဆင်းသည် နတ်ရွာစံဘိုးတော်ဘုရား၏ကျေးဇူးကြောင့် စော်ဘွားအရိုက်အရာကို ရခဲ့သူ။ သူ့အစ်ကို ချော်ဂျစ်ဆင်းနှင့် မသင့်မတင့်ဖြစ်ကြစဉ်က ဘိုးတော်ဘုရားထံသို့ သူခိုဝင်ကာ အသနားခံအကူအညီတောင်းခဲ့သည်။ နောက်ဆုံးတပ်မင်းကြီး နေမျိုးမင်းလှမဟာနော်ရထာကို အကြီးအချုပ်ခန့်၍ မြင်းတစ်ထောင့်ငါးရာ၊ သူရဲနှစ်သောင်း၊ တပ်မနှစ်ဆယ်တို့ဖြင့် မဏိပူရသို့ ချီတက်သိမ်းယူကာ မာဂျစ်ဆင်းကို မဏိပူရထီးနန်းပြန်ရအောင် လုပ်ပေးခဲ့သည်။ သူ့အစ်ကို ချော်ဂျစ်ဆင်းကကာလကတ္တားသို့ ထွက်ပြေးသွားသည်။ ယခု မြေးတော်စစ်ကိုင်းမင်း 'ဘကြီးတော်ဘုရား' ဖြစ်လာသည့် ဘိသေကသဘင်သို့ သူမလာ၊ သစ္စာတော်မခံ။

ဘကြီးတော်ဘုရားသည် နေပြည်တော်ကို

www.burmeseclassic.com



အမရပူမှ အင်းဝသို့ ပြန်လည်ရွှေ့ပြောင်းကာ နန်းမြို့ တည်၍ စံခဲ့သည်။ နန်းမြို့အသစ် တည်ဆောက်ရေးဖြင့် မအားမလပ် ရှိကြသည့်အတွက် အင်းဝဘိသေကသဘင် သို့ မာဂျစ်ဆင်း မလာရောက်သည်ကို စောစောပိုင်းက မည်သို့မျှ အရေးအရာ မထားခဲ့ကြ။ သို့သော် မဏိပူရ စော်ဘွားသည် မင်းတရား၏ သစ္စာတော်ကို ဖီဆန်ပြီဟု တိတိလင်းလင်း ပြလာတော့သည်။

လက်ဆောင်ပဏ္ဏာ အခွန်ဘဏ္ဍာ မဆက်သွင်း တော့။

ကျွန်ုပ်၏ကိုရင်ငရစ် ကြိုတင်ဟောကိန်းထုတ်ခဲ့ သည်မှာ မှန်ခဲ့ပြီ။ တပ်တော်များ အားလုံးဆီသို့ အမိန့်တော် တစ်ချိန်တည်းရောက်လာသည်။ မဏိပူရသို့ စစ်ချီရန်အမိန့်။

ကျွန်ုပ်ရင်ထဲမှာ ဝမ်းမြောက်ခြင်းများဖြင့် တက်ကြွ လှုပ်ခုန်နေသည်။

အကြောင်းမူ ဤစစ်ပွဲ၌ ကျွန်ုပ်နှင့် ကျွန်ုပ်၏ ကိုရင်ငရစ် နှစ်ဦးစလုံး 'တမူးစစ်ကြောင်း' မှာ အတူပါ ဝင်ခွင့်ရခဲ့ခြင်းကြောင့်ပေတည်း။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၃

ကျွန်ုပ်၏တစ်သက်တာတွင် ထူးထူးခြားခြား ဝမ်းမြောက်ခြင်းကြီးစွာ ဖြစ်ရသောနေ့ တစ်နေ့ရှိခဲ့သည် ဆိုပါလျှင် ထိုနေ့ကား အခြားနေ့မဖြစ်နိုင်။

မဏိပူရသို့ တပ်တော်များမချီမီ၊ သုံးရက် အလိုကျ ရောက်သောနေ့သာ ဖြစ်ချိမ့်မည်။

ဘကြီးတော် စစ်ကိုင်းမင်းသည် စစ်ချီမည့် တပ်တော်များမှ စစ်သည်တော်များကို ကြီးစွာသော အဆောင်အယောင်ဖြင့် အရိုက်အရာများ ချီးမြှင့်အပ်နှင်း လိုက်သည်။ ဘိုးတော်ဘုရားလက်ထက်တွင် အခါကတည်း က အမှုတော်ကို မပြတ်မလပ် ထမ်းရွက်ခဲ့သည့် အကြပ်၊



BURMESE CLASSIC .com

သွေးသောက်၊ တပ်မှူး၊ ဗိုလ်မှူးများ၊ အားလုံးလုပ်ရည်ကိုင်ရည်နှင့် လူစွမ်းလူစအပေါ်တည်၍ မြင့်မားသောအဆင့်များကို ရရှိခဲ့ကြသည်။ ဤစစ်သည်တော်များအနက်တွင် ကျွန်ုပ်သေစ်သည်လည်း 'နေမျိုးရဲခေါင်ကျော်'ဟူသော ဘွဲ့အမည်ဖြင့် 'သပြေငါးရွာစား' ဖြစ်လာလေသည်။ ကျွန်ုပ်သည် တပ်မှူးမဟုတ်တော့။ တပ်မှူးငါးယောက်အပေါ် အုပ်ချုပ်ရသော 'ငါးရာဗိုလ်' ဖြစ်ခဲ့ပေပြီ။ ကျွန်ုပ်လက်အောက်တွင် တပ်မှူးငါးယောက်၊ သွေးသောက်ဆယ်ယောက်၊ အကြပ်ငါးဆယ် ရှိလာသည်။

ညီလာခံနန်းမဆောင်တွင် တစ်ယောက်စီ၏ တိုးမြှင့်သော အရာအဆင့်နှင့် ဘွဲ့အမည်ကို သံတော်ဆင့်က ဖတ်ကြားတိုင်း ဖတ်ကြားတိုင်း ကောင်းချီးပေးသံများ တအုံးအုံးထွက်ပေါ်လာသည်။

"တပ်မှူးသေစ်အား နေမျိုးရဲခေါင်ကျော် ဘွဲ့မည်ဖြင့် ငါးရာဗိုလ်အဆင့် မြှင့်တော်မူသည်။ သပြေငါးရွာကိုလဲ စားစေ..."

အနီးရှိတပ်မှူးများက ကျွန်ုပ်၏လက်ကို ဖျစ်ညှစ်ဆုပ်ကိုင်ကာ ဂုဏ်ပြုစကား ဆိုကြသည်။ ကျွန်ုပ်ရင်ထဲတွင် ဝမ်းမြောက်ခြင်း ပီတိများဖြင့် ပြည့်လျှံသွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သို့သော်...

မိမိ၏ ဝမ်းသာမှုကို မိမိပြန်လည်ခံစားနေဖို့ သတိမရနိုင်သေး။

ဗိုလ်အဆင့်များကို ကြေငြာသွားသည်။ တစ်ယောက်ပြီး တစ်ယောက်။

"တပ်မှူးပြည့်အား ရွှေတောင်အာကာ"

"တပ်မှူးသေနှစ်စွမ်းအား ဘုရင်စက္က"

"တပ်မှူးကြြန်အား ဇေယျနော်ရထာ"

"..............................."

ဗိုလ်အဆင့်များ ပြီးဆုံးသွားသည်။ ကျွန်ုပ်ရင်ထဲ လှိုင်းထလာသည်။ ဝမ်းမြောက်ပီတိများဖြင့် ပြည့်လျှံနေခဲ့သော ရင်မှာ ချက်ချင်းဟာသွားသည်။

သူမပါလာ။ ကျွန်ုပ်၏ ကိုရင်ငရစ် မပါလာ။ သူ့အမည်မကြားရ။

ဘုန်းတော် ကြီးမြတ်သော မင်းတရား၏ အမိန့်တော်အရ ဆက်လက်၍ တပ်ပေါင်းဗိုလ်အရာအဆင့် ချီးမြှင့် သနားတော်မူသည့် အမိန့်တော်သဘင်သည် တိတ်ဆိတ်သွားပြန်သည်။

ကန္တီမြို့ဝန် နေမျိုးရဲခေါင်ကျော်ထင်၊ စလေ



BURMESE CLASSIC .com

www.burmeseclassic.com



မြို့စားနေမျိုးမင်းလှကျော်သူ၊ မတ္တရာမြို့စား မင်းလှရွှေတောင်ကျော်၊ ဒလမြို့ဝန် နေမျိုးမင်းခေါင်…။

အမည်တစ်ခုပြီးတစ်ခုသာ ဖတ်ကြားကြေငြာသွားသည်။ သူ့မည်ကို မကြားရသေး။ ကျွန်ုပ်မှာ မိမိသပြေငါးရွာစားဖြစ်ရခြင်း၊ နေမျိုးရဲခေါင်ကျော် ဘွဲ့အမည်ခံယူရခြင်းတို့အတွက် ဝမ်းမြောက်ခြင်းကို လုံးဝမခံစားရတော့။ စောစောက ရရှိသောပီတိများ ပျောက်ဆုံးသွားသည်။

ထိုစဉ်မှာပင်…

"ဘုန်းတော်ကြီးဘုရား အိမ်ရှေ့နန်းစံစဉ်ကာလမှသည် ကိုယ်ရံတော်အဖြစ် အမှုတော်ကို ရှပ်ရှပ်ချွံချွံထမ်းရွက်ခဲ့သော တပ်မှူးငရစ်အား…"

သံတော်ဆင့်က ခေတ္တရပ်၍ အသက်ရှူနေသည်။ ကျွန်ုပ်ကိုယ်တွင်း၌ကား လှည့်ပတ်နေသော သွေးများက တဒိုင်းဒိုင်းတိုးဆောင့်နေကြပေပြီ။

"ငရစ် ဘာဖြစ်သလဲ၊ ငရစ်ကို ဘာပေးမလဲ" ဟု အသံကုန်အော်မေးလိုက်ချင်သည့် ဆန္ဒကို မနည်းချိုးနှိမ်ထားရသည်။

"မင်းကြီးမဟာဇန္ဓုလဘွဲ့မည်ဖြင့် အလုံမြို့ကို



BURMESE CLASSIC .com

www.burmeseclassic.com



စားစေ..”

ကျွန်ုပ်၏ နှလုံးအိမ်နံရံသို့ ရိုက်ခတ်သွားသည်။ ဟစ်အော်ကြွေးကြော်လိုက်သောအသံက အထုအထည်ကြီးမားလွန်းသောကြောင့် နှုတ်မှမထွက်။ လည်မှာတစ်ဆို့နေသည်။ သို့သော် ကောင်းချီးပေးသံများအားလုံးထက် ကျွန်ုပ်ရင်ထဲမှာ ရှိသောအသံကပို၍ ကျယ်လောင်မြည်ဟည်းလိမ့်မည် ထင်သည်။

“မဟာဗန္ဓုလ၊ သူဟာ မဟာဗန္ဓုလ... မဟာဗန္ဓုလ...”

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၄

ရမ္မာဝတီမြို့စား သတိုးမင်းရဲကျော်စွာ ဗိုလ်ချုပ်အဖြစ် ဦးစီးသော တပ်များက 'မလိန်ခွေးပူ စစ်ကြောင်း'။

ဝန်သိုမြို့စား သတိုးမင်းရဲသီဟသူ ဗိုလ်ချုပ်အဖြစ် ဦးစီးသော တပ်များက 'ဆူးပုံစစ်ကြောင်း'။

မင်းတရား၏ ညီတော် ဒွာရာဝတီမင်းသား သတိုးမင်းရဲကျော်ထင် ဗိုလ်ချုပ်အဖြစ် ဦးစီးသော တပ်များက 'တမူးစစ်ကြောင်း'။

ကျွန်ုပ်တို့ မဏိပူရသို့ စစ်ချီခဲ့သည်။ ကျွန်ုပ်၏ မဟာဗန္ဓုလသည် တမူးစစ်ကြောင်းတွင် ဗိုလ်ချုပ်ပြီးလျှင်



BURMESE CLASSIC .com

www.burmeseclassic.com



ဒုတိယအကြီးအချုပ်ဖြစ်သော 'လက်ဝဲစစ်ကဲကြီး'အဖြစ် အုပ်ချုပ်လိုက်ပါလာသည်။ ကျွန်ုပ်၏တပ်ကား အခြား တပ်နှစ်ဆယ့် သုံးထပ်နှင့်အတူ သူ့လက်အောက်မှ ပါဝင် လိုက်ပါလာခဲ့သည်။ သူသည် ကျွန်ုပ်ထက် အရာကြီးမြင့် သူ ဖြစ်သွားပေပြီ။ ဤသို့ ထိုက်တန်လျောက်ပတ်စွာ သူ စစ်ကဲကြီး ဖြစ်သွားသည့်အတွက် ကျွန်ုပ်ပွားများခံစားရ သော မုဒိတာ စိတ်အလျဉ်ကား ချိုမြိန်လှပဘိခြင်း။

ရောင်းရင်းသွေးသောက်ချင် ဖြစ်လင့်ကစား ကျွန်ုပ်ထက် အဆပေါင်းများစွာ အရည်အသွေးပြည့်ဝ ကုံလုံပေသော သူ့လက်အောက်၌ ကျွန်ုပ် ငါးရာဗိုလ် ဖြစ်လာရခြင်းကို ကျွန်ုပ်ကြီးစွာ ကျေနပ်မိတော့သည်။

အင်းဝနေပြည်တော်မှ ထွက်ခဲ့ပြီး ခြောက်ရက် မြောက်သောနေ့တွင် သူသည်တပ်ဦးမှ ပြန်လှည့်လာကာ ကျွန်ုပ်တို့၏ တပ်များကို လာရောက်စစ်ဆေးလေသည်။

အခြားဗိုလ် နှစ်ဆယ့်သုံးယောက်နှင့် အတူ ကျွန်ုပ်လည်း 'မင်းကြီးမဟာဇန္ဓုလ'အား တပ်အခြေအနေ ကို အစီရင်ခံရန် အသင့်ပြင်ထားရသည်။

နေ့လယ်လောက်မှ သူရောက်လာမည်ဟု ကျွန်ုပ် တို့ ထင်ထားသော်လည်း သူသည် နေအရုဏ်တက်စမှာ



BURMESE CLASSIC .com

www.burmeseclassic.com



'မင်းကြီး မဟာဗန္ဓုလရောက်လာပြီ' ဟု နောက်ကင်းတာဝန်ကျ ရဲမက်မှတစ်ဆင့် တပ်မှူးတစ်ယောက်က လာပြောသည်။ မောက်လူကိုဆောင်း၍ ဆောင်ဓားကိုလွယ်ကာ ကျွန်ုပ်တပ်ရှေ့သို့ ထွက်လာခဲ့သည်။ အခြားဗိုလ်များလည်း ရောက်လာကြ၏။ မမျှော်လင့်သောအချိန်တွင် ရောက်လာသည့်အတွက် ကျွန်ုပ်တို့အားလုံး အံ့အားသင့်နေကြသည်။ သို့သော် ကျွန်ုပ်က ကျန်ဗိုလ်များထက် ဝမ်းသာခြင်းတစ်ခု ပိုလိမ့်မည် ထင်သည်။ သူ 'မဟာဗန္ဓုလ' ဖြစ်ကတည်းက ကျွန်ုပ်တို့ မဆုံဖြစ်ကြသေး။

တင့်တယ်ခန့်ညားသော သူ့အသွင်ကို မြင်ရပေပြီ။

မြင်းပေါ်မှ သူဆင့်လိုက်သည်။ မယုံနိုင်စရာကောင်းလောက်အောင် သူကြံ့ခိုင်ထွားကျိုင်းလာသည်ဟု ကျွန်ုပ်ထင်မိသည်။ ကျွန်ုပ်တို့ရှေ့သို့ သူလျှောက်လာသည်။ တစ်ဘက်အစွန်မှ ဗိုလ်များကို သူစစ်ဆေးသည်။ တစ်ယောက်ပြီးတစ်ယောက်။ ထို့နောက်ကျွန်ုပ်နှင့် သုံးယောက်ခြားသို့ သူရောက်လာသည်။ သူ့ကို ကျွန်ုပ်ငဲ့စောင်းကြည့်လိုက်သည်။ ကျွန်ုပ်ရှိနေမည်ကို သူသိပြီးဖြစ်သည်။ ကျွန်ုပ်



BURMESE CLASSIC .com

www.burmeseclassic.com



ကိုတွေ့ပြီး သူတစ်ခုခု နောက်ပြောင်ကျီစယ်လာလျှင် မယုတ်မလွန်ဖြစ်ရအောင် ပြန်၍ ကျီစယ်ရမည့်စကားကို စဉ်းစားနေလိုက်သည်။

သူ ကျွန်ုပ်ရှေ့သို့ ရောက်လာသည်။

သူ့ကို ကျွန်ုပ် စိုက်ကြည့်လိုက်သည်။ ကျွန်ုပ် မျက်လုံးများ ပြုံးရိပ်သမ်းနေသည်မှာ သေချာသည်။ သူ ကလည်း ကျွန်ုပ်ကို စူးစူးရဲရဲ ကြည့်သည်။ သူ့မျက်နှာထား ပကတိတည်ငြိမ်မာကျောစွာ။

"ဗိုလ်နေမျိုးရဲခေါင်ကျော်"

"ဟုတ်ပါတယ်… မင်းကြီး"

အဖြေစကားတွင် ပြုံးရယ်ဟန် အငွေ့အရိပ် မပါအောင် ကြိုးစားရသည်။

"တပ်မှူး၊ သွေးသောက်၊ အကြပ်၊ ရဲမက် အဖျားအနာ အသေအပျောက်ရှိသလား"

"မရှိပါဘူး… စစ်ကဲကြီး"

"စစ်ချီလမ်းကြောင်းမှာ ရှေ့တပ်၊ နောက်ထပ် အဆက်အသွယ် မပြတ်ရှိသလား"

"အဆက်သွယ် မပြတ်ရှိပါတယ်… မင်းကြီး"

"စစ်ချီ လမ်းကြောင်းကို နားမလည်တာရှိသေး



BURMESE CLASSIC .com

www.burmeseclassic.com



လား…”

“မရှိပါဘူး… မင်းကြီး”

“ရိက္ခာ မျှတရဲ့လား”

“မျှတပါတယ်… မင်းကြီး”

“ဆင်၊ မြင်း၊ ဓား၊ လှံ၊ သေနတ် အပျက်အစီး အချွတ်အယွင်း”

“မရှိပါ… မင်းကြီး”

“ရှေ့ဆက်မယ့် စစ်ချီလမ်းကြောင်းမှာ ဗိုလ်ရန်နိုင်သူရကျော်ထင်ကို ရှေ့တပ်၊ ဗိုလ်မင်းလှ မင်းငယ်ကျော်ထင်ကို နောက်တပ်ထားပြီး ချီရမယ်၊ တပ်ဦးတပ်ဆွယ် တပ်မြီးမပြတ်မလပ် ဆက်သွယ်ရမယ်၊ ရိက္ခာတစ်ဆခြိုးခြံရမယ်၊ တောနက်ထဲမှာ သားကောင် တွေ့ယင် မပစ်ခတ်ရဘူး၊ ဒီကရှေ့ကို ဆင်သံ၊ မြင်းသံ၊ လူသံ၊ အထူးလုံစေရမယ် နားလည်လား…”

“နားလည်ပါတယ်·· မင်းကြီး”

“မေးစရာရှိသလား”

“မ… မရှိပါဘူး မင်းကြီး”

ကျွန်ုပ်ရှေ့မှခွာကာ နောက်ဗိုလ်တစ်ယောက် ဆီသို့ လျှောက်သွားသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ဝမ်းနည်းအားငယ်စိတ်များ ဖိစီးလာသည်။ သူ ကျွန်ုပ်ကို မှတ်မိနိုင်စရာမရှိ။ ကျွန်ုပ်သည် သူ၏ရောင်းရင်းသေစ်ဖြစ်ကြောင်း...။

သို့သော် သူတစ်ချက်ကလေးသော်မှ ပြုံးရယ်ဟန်မပြ။ 'သေစ်'ဟု သူမခေါ်။ 'ဗိုလ်နေမျိုးရဲခေါင်ကျော်' ဟု ခေါ်ပြီး ပြတ်သားတိကျသောမေးခွန်းနှင့် အမိန့်များသာ ဆိုသွားသည်။ သူ့အပေါ် ဘယ်လိုမှ စိတ်မကွက်မိသော်လည်း စိတ်မကောင်းခြင်းကြီးစွာ ဖြစ်ရသည်ကား အမှန်ပင်။

"ဪ... ခင်ဗျားက အလုံမြို့ဝန်မင်းကြီး မဟာဗန္ဓုလ၊ ကျုပ်က သပြေငါးရွာစား နေမျိုးရဲခေါင်ကျော်မဟုတ်လား၊ ကိုရင် ငရစ်ရယ်..."

ကျုပ်... နားလည်နိုင်ပါတယ်ဗျာ။

♦ ♦ ♦

www.burmeseclassic.com



“မင်းကြီးက၊ ဗိုလ်အားလုံး သူနဲ့အတူ နံနက်စာ စားဖို့ ဖိတ်ခေါ်တယ်”

ဟု တပ်မှူးတစ်ယောက် လာပြောသောကြောင့် ကျွန်ုပ်လာသာလာခဲ့ရသည်။ သူနှင့်ထပ်၍ မျက်နှာချင်းမဆိုင်ချင်တော့။ သို့သော် စစ်ကဲကြီး၏အမိန့်ဖြစ်သည်။ ကျွန်ုပ်ပျက်ကွက်၍မဖြစ်။ နံနက်စာအတူစားရန် ဆင့်ခေါ်သော်လည်း စစ်ရေးဆွေးနွေးသည့်ပွဲ ဖြစ်ပေမည်။

တောင်ဇလပ်ပွင့်များ ရဲရဲနီနေသော တောစပ်မြက်ခင်းပြင်တွင် သူရှိနေသည်။ အခြားဗိုလ်များလည်း ရောက်နေကြပြီ။



BURMESE CLASSIC .com

www.burmeseclassic.com



လေးလံသော ခြေလှမ်းများဖြင့် ကျွန်ုပ်မြက်ခင်းထဲသို့ ခေါင်းငိုက်စိုက်ချလျက် ဝင်လာခဲ့သည်။

"ကိုရင် သေစ်"

ကျွန်ုပ်ခြေထောက်များမှာ ရွှေ့လျား၍မရ။ နေရာတွင် အစွဲအမြဲရပ်နေသည်။

သူထိုင်ရာမှ ထလျက် ကျွန်ုပ်ဆီသို့ လျှောက်လာသည်။ ကျွန်ုပ်ရှေ့တွင် ရပ်သည်။ ကျွန်ုပ်၏လက်မောင်းကို ဆုပ်ကိုင်၍ သူထိုင်နေရာသို့ ဆွဲခေါ်သည်။

"သွေးသောက်တို့ မသိကြသေးဘူး၊ ကျုပ်အမရပူကို စ,ရောက်လာတဲ့ ဆောင်းတစ်မနက်မှာ နေပြည်တော်က စစ်သည်အဖြစ် ပထမဆုံး စတွေ့ရတဲ့ လူဟာ ဟောဒီ... ဗိုလ်နေမျိုးရဲခေါင်ကျော်ခေါ် ကိုရင်သေစ်ပေါ့၊ ပြီးတော့.. သောချုံကို ကျုပ် ထ,ထောင်းတုန်းက ကျုပ်ကို ကိုယ်တော်ကြီးရှေ့အရောက် ဖမ်းပြီးခေါ်သွားတာလဲ သူပဲ၊ ဗိုလ်နေမျိုးရဲခေါင်ကျော်ဟာ ကျုပ်ရောင်းရင်း"

ဗိုလ်များအားလုံး တအံ့တသြ ဖြစ်နေကြသည်။ မင်းကြီးနှင့် ကျွန်ုပ် ရောင်းရင်းဖြစ်ခဲ့ကြောင်း ကျွန်ုပ်ကလည်း ဘယ်သူ့ကိုမျှ မပြောဖူးသဖြင့် ဘယ်သူမှမသိကြ။



BURMESE CLASSIC .com

www.burmeseclassic.com



“ကိုင်း… ကိုရင်သေစ်၊ ရော့… ခင်ဗျားက ကြိုက်တတ်ပါတယ်”

ဝါးဆစ်ဖူးတစ်ခု သူလှမ်းပေးသည်။ ကျွန်ုပ်မှာ အံ့သြခြင်း၊ ဝမ်းသာခြင်း၊ မိမိ၏သိမ်ငယ်စိတ်အတွက် ရှက်ရွံ့ခြင်း၊ သူ့အပေါ် အထင်မှားခဲ့မိခြင်းအတွက် ယူကျုံးမရဖြစ်ခြင်း စသော ထွေပြားသည့် ထိခိုက်ခံစားရမှုများကို ဖယ်ရှားရှင်းလင်းပစ်ရန် သူကမ်းသော ဝါးဆစ်ဖူးကို ကမန်းကတန်း လှမ်းယူ၍ မော့ချလိုက်ရလေသည်။

“ရော့ဗျာ… အမဲခြောက်”

စကားတစ်လုံးမှမဆိုမိဘဲ သူ့အမိန့်အတိုင်းသာ လှုပ်ရှားနေမိသည်။

“ဘယ်နှယ့်လဲကိုရင်… စကားလဲ မပြောမဆို ပါလား”

ကျွန်ုပ်ဘာပြောရမှန်းမသိ။ သူ့ကိုတောင်းပန်ရမည်ဟူသော သတိဝင်လာပြီး ပြောရန် နှုတ်ပြင်လိုက်ချိန်မှာပင်…

“ကျုပ်သိပါတယ်၊ ကိုရင် ဘာမှမပြောနဲ့တော့၊ ရတ်တရက်တော့ ကိုရင်စိတ်ထိခိုက်မှာပဲ၊ သို့သော်… စောစောက တပ်ဖိုလ်တွေကို စစ်ဆေးစဉ်မှာ ကိုရင့်ကို



BURMESE CLASSIC .com

www.burmeseclassic.com



ကျုပ် ကိုရင်သေစ်ရယ်လို့ကို မမြင်ဘူး၊ ဗိုလ်နေမျိုးရဲ့ ခေါင်ကျော်ပဲ၊ ငါးရာဗိုလ်တစ်ဦးပဲ၊ ကျုပ်ကိုယ်တိုင်လဲ လက်ဝဲစစ်ကဲကြီးပဲ၊ စစ်ကာလအတွင်းမှာ ငရစ်မရှိဘူး။ သေစ်မရှိဘူး၊ အမှုတော်ထမ်းချိန်အတွင်းမှာ ရောင်းရင်းမရှိဘူး၊ အမိန့်၊ တာဝန်၊ သတိတရား ဒါပဲရှိတယ်။ စစ်သည်တော်ဆိုတာဟာ စစ်ရေးနဲ့ပတ်သက်နေတဲ့ တဒင်္ဂတိုင်းမှာ မိမိရဲ့ဝိညာဉ်ရော၊ နှလုံးသားကိုပါ စစ်ရဲ့ခန္ဓာထဲကို အကြွင်းမဲ့ မြှုပ်နှံထားရမယ်၊ စစ်ကဲက စစ်ကဲ အလုပ်ကိုလုပ်၊ ဗိုလ်က ဗိုလ်အလုပ်ကိုလုပ်၊ တပ်မှူး၊ သွေးသောက်၊ အကြပ်၊ ရဲမက်တွေလဲ ဒီအတိုင်းပဲ၊ စစ်တာဝန်ဆိုတဲ့ အသိကနေပြီး ဆံခြည်တစ်မျှင်၊ ရွေးတစ်စေ့ မလွဲချော်စေရဘူး၊ တိကျပြတ်သားမှု ရှိရမယ်၊ ဇကော မနော တစ်ခုတည်း သောစိတ်သာ ထားရမယ်၊ ဒါဟာ သူရဲကောင်းရဲ့ သမာဓိတရားလို့လဲ ဆိုနိုင်တယ်''

ကြက်သီးမွေးညင်း ဖြန်းဖြန်းထသွားသည်။ ကျွန်ုပ်အပေါ် ထွင်းဖောက်သိမြင်တတ်သော သူ့စိတ်ကိုလည်း သဘောပေါက်သွားသည်။ ကျွန်ုပ်ဘာမှ ပြောစရာ မလိုတော့။

''ကဲ··· ကျုပ်ကို ကိုရင်ငရစ်လို့ အရင်ကလို



BURMESE CLASSIC .com

www.burmeseclassic.com



ခေါ်ပြီး စကားလေးဘာလေး ပြောစမ်းပါအုံးလေ”

သူက ရယ်ရယ်မောမောဖြင့် ကျွန်ုပ်၏ ပခုံးကို ဖက်သည်။ သူ့လက်မောင်းအောက်တွင် ကျွန်ုပ်သေးငယ်သွားကာ မြေထဲမြုပ်ဝင်တော့မည်လားဟု ထင်မိသည်။

‘ကိုရင်ငရစ်’ဟု ကျွန်ုပ်၏နှုတ်မှမထွက်ရဲ။ သူသည် ကျွန်ုပ်၏ငရစ်ဖြစ်သော်လည်း ထိုအတိုင်း ခေါ်ဝေါ်သုံးနှုန်းလျှင် သူ့အပေါ် မထေမဲ့မြင်ပြုရာ ရောက်သည်ဟု ယုံကြည်နေမိသည်။

စူးရှသော အပြုံးရိပ်တစ်ခုကို သူမျက်လုံးများထဲတွင် မြင်နေရသည်။

ကျွန်ုပ်၏နှုတ်မှ အသံတစ်သံ ထွက်ကျသွားလေသည်။

“မင်းကြီး မဟာဗန္ဓုလ…’

သူ့မျက်နှာက အပြုံးပျောက်ကွယ်သွားသည်။ ပါးလွှာသော နှုတ်ခမ်းများ တင်းတင်းစေ့သွားသည်။ သို့သော် ချက်ချင်းပင် သူ့မျက်နှာ ပြေလျော့သွားကာ…

“ကျုပ်ကို ငရစ်လို့ ခေါ်မယ့်သူဟာ မင်းတရားကြီး တစ်ပါးတည်းပဲ ကျန်တော့မယ်နဲ့ တူပါရဲ့၊ ဗိုလ်မင်း



BURMESE CLASSIC .com

www.burmeseclassic.com



တို့ရေ…ဟား…ဟား…ဟား”

သူ့ရယ်သံကို ကြားလိုက်ရတော့မှပင် ရှုပ်ထွေး ပြည့်ကျပ်နေသော ကျွန်ုပ်၏အစိုင်အခဲဝေဒနာတို့ ပျက်ကျေ လျော့ပါးသွားရလေသည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်ုပ်တို့၏ တမူးကြောင်းတွင် တပ်သုံးဆယ်၊ ဆင်ခုနှစ်ဆယ်၊မြင်း တစ်ထောင့်ငါးရာ၊ သူရဲတစ်သောင်း ငါးထောင်အင်အား ပါဝင်သည်။ ခရီးကား ထင်သည် ထက် ပို၍ကြမ်းတမ်းလွန်းလှသည်။ ခရီးကား ထင်သည် ထက် ပို၍ကြမ်းတမ်းလွန်းလှသည်။ ချောင်းစွယ်၊ မြောင်း စွယ်၊ ရေတံခွန်၊ ကျောက်တောင် ထူထပ်လှသည်ဖြစ်ရာ ဆင်တပ်များမှာ ခက်ခက်ခဲခဲချီရလေသည်။

တမူးသို့ ရောက်သောအခါ ကျွန်ုပ်တို့၏ တပ် ပေါင်းစုအထဲမှ တပ်ငါးတပ်၊ မြင်းငါးရာနှင့် သူရဲငါး ထောင်ကို ဆူးပုံကြောင်းသို့ ခွဲဝေချီတက်ခဲ့ရသည်။ သို့ဖြင့် မင်းကြီး မဟာဗန္ဓုလနှင့် ကျွန်ုပ်လည်း တမူးကြောင်းမှ

www.burmeseclassic.com



ဆူးပုံကြောင်းကို ပြောင်းရွှေ့ခဲ့လေသည်။ ဗိုလ်ချုပ်ကြီး နေမျိုးမင်းလှ မဟာနော်ရထာမှာ တမူးကြောင်းမှာပင် နေရစ်ခဲ့သည်။

တမူးစစ်ကြောင်းမှ ဆူးပုံကြောင်းသို့ ကျွန်ုပ်တို့ တပ် ငါးတပ်ပြောင်းခဲ့သည်မှာလည်း သူ့အစီအမံဖြစ် သည်။ ဆူးပုံကြောင်းသည် ရန်သူ့တပ်များနှင့် ပထမဆုံး ရင်ဆိုင်ရမည့် စစ်လမ်းကြောင်း ဖြစ်နိုင်သည်ဟု သူက တွက်ချက်၍ သူ့ကို ဆူးပုံကြောင်းသို့ ခွဲပေးပါရန် ဗိုလ်ချုပ် ထံ သူကပင် တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ဒွာရဝတီမင်းသား သတိုးမင်းရဲကျော်ထင်က သူ့ကို ယုံကြည်စိတ်ချစွာ တပ်ခွဲပေးလိုက်သည်။ သို့ဖြင့်ပင် ကျွန်ုပ်တို့တပ်ငါးတပ်သည် သူဦးစီးမှုဖြင့် ‘အိုင်မွန်ချောင်း ရွာ’အနီးရှိ တောစပ်သို့ ချဉ်းကပ်မိခဲ့ကြသည်။

သူ၏သေနင်္ဂ ကျွမ်းကျင်မှုသည် ထင်ရှားပေပြီ။

အိုင်မွန်ချောင်းရွာတောစပ်သို့ ကျွန်ုပ်တို့ရောက်ရှိ တပ်စခန်းချပြီး တစ်ညဉ့်အလွန်မှာပင် ရန်သူ့တပ်နှင့် ရင်ဆိုင်တွေ့ရတော့သည်။ မဏိပူရတပ်များ၏ ဗိုလ်ချုပ် ကား စော်ဘွားမာဂျစ်ဆင်း၏ လက်ရုံးအမတ်စစ်သူကြီး ဟာစောရီဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



မဏိပူရတပ်များတွင် အင်အားအကောင်းဆုံးကား မြင်းတပ်ဖြစ်သည်။

သူတို့ စစ်မြင်းကြီးများ သန့်စွမ်းထွားကျိုင်းသလို မြင်းစီးသူရဲများလည်း ကျွမ်းကျင်လှကြောင်း တွေ့ရသည်။ သူတို့သည် တစ်ဟုန်ထိုး စစ်ချီ၍၊ တစ်ဟုန်ထိုးစစ်တက်ကာ၊ တစ်ဟုန်ထိုး စစ်ထိုးသည့်သေနင်္ဂကို အသုံးပြုကြသည်။ ရုတ်တရက်မှု ဒေသကျွမ်းသော ရန်သူမြင်းတပ်များသည် ကျွန်ုပ်တို့၏ စစ်ဦးကင်းကို ဖရိုဖရဲဖြစ်သွားစေသည်။

ကျွန်ုပ်တို့၏ စစ်တပ်သေနင်္ဂမှာ ပဘက်ရဗျူဟာဖြစ်သည်။

မင်းကြီးမဟာဗန္ဓုလက တပ်၏ရှေ့တည့်တည့်တွင် ဦးစီးလိုက်ပါလျက် တပ်များက နောက်မှအထပ်ထပ်လိုက်ကာ စစ်ကပ်ခဲ့ကြသည်။ ရန်သူ့မြင်းတပ် စစ်အထိုးကောင်းလှသောကြောင့် ကျွန်ုပ်တို့၏နေမင်းသဏ္ဍာန် စစ်ကပ်သော ပဘက်ရဗျူဟာ ပုံသဏ္ဍာန်သည် ပျက်ယွင်းသွားသည်။

သို့သော်. . .

စစ်ဦးကင်းဆီမှနေ၍ ရန်သူမြင်းစီးသူရဲများကို



BURMESE CLASSIC .com

www.burmeseclassic.com



ရင်ဆိုင်တိုက်ရင်းဖြင့် တပ်များအားလုံးကို အမိန့်တစ်ခုပြီး တစ်ခု ပေးနေသော 'သူ'အစွမ်းကား အံ့ဘနန်းပါပေပင်။

"ဧယျရွှေတောင်ကျော်တပ် ဝဲဘက်ကိုကပ်"

"လင်းဇင်းဗိုလ်တပ် ညာဘက်ကို ဝိုက်ပြီးဆုတ်"

"မင်းလှရွှေတောင်ကျော်တပ် စစ်ချီလမ်းအတိုင်း တောအုပ်အစွန်ထိ ဆုတ်သွား"

"နေမျိုးရဲခေါင်ကျော်တပ် အလယ်တောင်ကြော မှာတပ်ဖြန့်ပြီးခင်း"

ရန်သူကို ထိုးရင်းခုတ်ရင်း တပ်ငါးတပ် အနှံ့အပြားသူ့မြင်းကို တစ်ဟုန်ထိုးစိုင်းကာ အမိန့်တစ်ခုပြီး တစ်ခုပေးသွားသည်။ သူ့အမိန့်အတိုင်း ကျွန်ုပ်တို့ လိုက်နာရုံကလွဲပြီး ဘာကြောင့် တပ်တွေကို တစ်စုတစ်ရုံး မထားဘဲ ခွဲဖြန့်နေကြောင်း နားမလည်ကြ။ ကျောက်တောင်စွယ်များ၊ မြက်ခင်းများ၊ တောစပ်များတွင် သူအမိန့်ပေးသည့်အတိုင်း ကျွန်ုပ်တို့တပ်များ ချက်ချင်း နေရာယူလိုက်ကြသည်။

ရန်သူများကား အရပ်လေးမျက်နှာသို့ ကွဲပြားသွားသည့် ကျွန်ုပ်တို့ တပ်များကို တွေ့ရသောအခါ တပ်ပြို



BURMESE CLASSIC .com

www.burmeseclassic.com



ပြီအထင်ဖြင့် တက်ကြွလာကြကာ နီးရာတပ်နောက်သို့ လိုက်တိုက်ကြလေသည်။

သူကမူ တပ်များအားလုံး နေရာဖြန့်ပြီးသည်နှင့် ကျောက်တောင်စွယ် နှစ်ခုအကြားသို့ မြင်းကိုနှင်ကာ ဓားကို အပေါ်သို့ မြှောက်၍ တစ်ခဲနက်သော အသံကြီးဖြင့် ဟစ်အော်ကြွေးကြော်လိုက်သည်။

သူ့ထံမှ ထွက်ပေါ်လာသော အသံကား…

"ဘုဇဂ"

အလယ်တောင်ကြောတွင် တပ်ဖြန့်ခင်းထားသော ကျွန်ုပ်ကောင်းစွာ သဘောပေါက်လိုက်ပြီ။

တစ်မုဟုတ်ချင်း စစ်ထိုးအစီအမံ ပြောင်းလိုက်နိုင်သော သူ့သေနင်္ဂပညာစွမ်းကား ထက်မြက်ပေစွ။

'ဘုဇဂ'၏ အဓိပ္ပာယ်ကား စစ်ထိုးခြင်း အင်္ဂါ ခြောက်ပါးအနက် မြွေတွားသွားသကဲ့သို့ ကွေ့ကောက် ဖောက်ထွင်းဝင်အပ်သော စစ်ထိုးခြင်းပေတည်း။

တစ်ထပ်စီကို သူလှည့်လည်အမိန့်ပေး နေရာချပေးလိုက်သောအခါ ကျွန်ုပ်တို့၏ တပ်ငါးတပ်သည် ဘုဇဂ သေနင်္ခေါ် မြွေတွား စစ်ထိုးပုံသဏ္ဍာန်အတိုင်း တည်မိကြပြီ။

www.burmeseclassic.com



သူက မြွေနဂါး၏အမောက်နေရာ စစ်ဦးကင်းမှာ။

မြွေဦးခေါင်းဖြစ်သော တပ်ဦးမှ သူလှုပ်ရှားသည့်အတိုင်း မြွေ၏ တွန့်လိမ်သော ကိုယ်ပိုင်းနေရာရှိ ကျွန်ုပ်တို့၏ တပ်များက လှုပ်ရှားစစ်ထိုးကြသည်။ ရှေ့တက်၊ နောက်ဆုတ်၊ ဘေးသို့ဖွဲ့ထွက်၊ ဝဲဘက်သို့ကွေ့၊ ယာဘက်သို့ကောက်၊ မြွေတစ်ကောင်၏ လှုပ်ရှားမှုမျိုး။

ကျွန်ုပ်တို့၏တပ်များ တစ်ထပ်စီ တစ်နေရာစီ ကစဥ့်ကလျားကွဲပြားသွားကြပြီးအထင်နှင့် နီးရာတပ်နောက်သို့ ဖိလိုက်ခဲ့ကြသော ရန်သူများမှာ သူတို့ကိုယ်တိုင် ကစဥ့်ကလျား ဖြစ်သွားရလေသည်။

ကျွန်ုပ်တို့တပ်များမှာ တစ်နေရာစီ ရှိနေသော်လည်း အတွန့်အလိမ်၊ အရစ်အခွေမပျက်သော မြွေကဲ့သို့ ဆက်စပ်စုစည်းနေကြသည်ဖြစ်လေရာ သူတို့သာလျှင် မြွေ၏ ဝန်းဝိုက်ရစ်ခွေထားသော ကိုယ်လုံးထဲတွင် ပိတ်မိလျက်သား ဖြစ်သွားကြသည်။

ထွက်ပြေးတိမ်းရှောင်နိုင်စရာ လမ်းရှိသည့် တောင်ကြားလမ်းများအတိုင်း သူတို့အပြင်းဆုတ်ကြသော်လည်း ထိုနေရာတွင် 'မြွေကိုယ်လုံး'ရှိနေသည်သာ။

www.burmeseclassic.com



ရန်သူ မဏိပူရ မြင်းတပ်ပြေးလမ်းမရှိတော့။ မြွေ၏ဦးခေါင်းမှ 'သူ'ကိုယ်တိုင်ကလည်း အဆက်မပြတ် တစ်ချက်ပြီးတစ်ချက် ပေါက်သော မြွေကဲ့သို့ပင်။

ဘုဇဂသေနင်္ဂတွင် မြွေလည်ပင်းနေရာ၌ ပါဝင်ရသော ကျွန်ုပ်၏တပ်သည် သူနှင့်တစ်ဆက်တည်း ဖြစ်သည့်အတွက် သူ့ကိုတစ်ချိန်လုံး မြင်နေရသည်။ နောက်ဆုံးမဏိပူရအမတ်စစ်သူကြီး ဟာစရီ၏ ကိုယ်ထဲသို့ သူ့ဓားနစ်မြုပ်သွားသည်အထိ။

ရန်သူ့တပ်ဦး ပြိုလေပြီ။ အဓိကခံစစ်ကြောင်း ပျက်လေပြီ။

နံနက်ခင်းမှစခဲ့သော တိုက်ပွဲသည် မွန်းအတမ်းတွင် အပြီးသတ်သွားသည်။ကျောက်တောင်ထူထပ်သော စစ်တလင်းဝယ်စစ်မြေပြင်၏ သဘာဝအခင်းအကျင်းကို ချက်ချင်းတွက်ချက်၍ ဘုဇင်္ဂသေနင်္ဂ စစ်ထိုးအစီအမံဖြင့် နယ်ကျွမ်းသော ရန်သူတို့အပေါ် အောင်ပွဲခံလိုက်နိုင်သည့် အဓိကအကြောင်းရင်းကား...

သူ... မင်းကြီးမဟာဗန္ဓုလပေတည်း။

♦ ♦ ♦

www.burmeseclassic.com

# အခန်း (၄)

၁

မဏိပူရစစ်ပွဲတွင် သူသည် သူပါဝင်ရသော စစ်ကြောင်းမှာလည်း စစ်ချီ၊ စစ်တပ်၊ စစ်ထိုးအစီအမံများဖြင့် ကျွန်ုပ်တို့ထက်ပို၍ အင်အားကြီးသော နယ်မြေကျွမ်းသော ရန်သူ့တပ်များကို တစ်ပွဲပြီးတစ်ပွဲ အနိုင်ယူခဲ့သည်။ ထို့ပြင်သာမက အခြားတပ်များသို့လည်း စစ်ထိုးအစီအမံကို ပေးပို့ကူညီခဲ့သည်။

စော်ဘွားမာဂျစ်ဆင်း ကိုယ်လွတ်ရုန်း၍ ထွက်ပြေးသွားသည်။

ပခန်းကြီး မြို့ဝန်မင်းကြီး မင်းခေါင်ကျော်ကလည်း လက်ျာစစ်ကဲကြီးအဖြစ် သူနှင့်အတူ စစ်ပွဲအခြေအနေကို မပြတ်ထောက်လှမ်းဆက်သွယ်ကာ မဏိပူရကို အနောက်ဘက်မှလုပ်ကြံသည်။ ကျွန်ုပ်တို့တပ်များတွင် ဆင်တပ်အကျအဆုံးများလှသော်လည်း ကြီးစွာသော အောင်ပွဲကို ရှိလိုက်လေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မဏိပူရမြို့တော်၏ကျောက်တုံးဖြင့် ပြီးသည့် မြင့်မားလှသော မြို့ရိုးတံတိုင်းကြီးရှေ့တွင် ကျွန်ုပ်တို့၏ တပ်မများအားလုံး ဆုံကြသည်။ အောင်ပွဲခံတပ်မများ စစ်ကြောင်းအသီးသီးမှ ချီတက်လုပ်ကြံပြီး ယခုလို ပြန်ဆုံကြရသောအခါ ကျွန်ုပ်တို့၏ တက်ကြွမှုမှာ အဆုံးအစမဲ့ ပင် ဖြစ်တော့သည်။ တပ်မများ စုံညီကြပြီးနောက် သက်ဆိုင်ရာ တပ်မင်းများ ဗိုလ်ချုပ်စစ်ကဲများ ချက်ချင်း စုံညီဆွေးနွေးကြသည်။ သူ့ကို ကျွန်ုပ်အေးအေးဆေးဆေး တွေ့ခွင့်မရခဲ့။ သို့သော် ရောက်လေရာ တပ်စခန်းတိုင်း တွင် 'မင်းကြီးမဟာဗန္ဓုလ' ဟူသော အမည်ကို တလှိုင်လှိုင်ကြားနေရလေသည်။ အချို့သောဗိုလ်များက သူ့အစွမ်းကို တအံ့တသြဖြစ်နေကြသော်လည်း ကျွန်ုပ်မှုကား တပ်မှူး ငယ် ဘဝကတည်းက မဏိပူရဒေသ၏ မြေပုံကို အလွတ် ရနေခဲ့သော သူ့ကြောင်းသိပြီး ဖြစ်သဖြင့် ထူး၍ မအံ့သြမိတော့ပေ။ ဆူးပုံ စစ်ကြောင်း၏ ဦးစီးဗိုလ်ချုပ် ဖြစ်သော သတိုးမင်းရဲသီဟသူကမူ…

"မင်းကြီးဗန္ဓုလဟာ မဏိပူရမှာ အကြိမ်ပေါင်း များစွာ စစ်လာတိုက်ဖူးခဲ့တဲ့အတိုင်းပဲ၊ သူ့သေနင်္ဂ အစီအမံတွေဟာ အပိုအလိုမရှိဘူး"

www.burmeseclassic.com



ဟု ထုတ်ဖော်ချီးကျူးလေသည်။

သူတို့ တပ်မင်း၊ ဗိုလ်ချုပ်၊ စစ်ကဲများ၏ ဆွေးနွေးမှုပြီးသွားပြီးနောက် ညည့်လယ်လောက်တွင် တပ်ပေါင်းဗိုလ်များကို ဆင့်ခေါ်သဖြင့် ကျွန်ုပ်အိပ်ရာထဲမှ ထလိုက်သွားရသည်။

ကျွန်ုပ်တို့အားလုံး စုံညီရောက်သည်နှင့် မင်းတရားကြီး၏ ညီတော်ဒွာရာဝတီမင်းသား ဗိုလ်ချုပ်သတိုးမင်းရဲကျော်ထင်က အမိန့်တစ်ခုကို ထုတ်ဆင့်လိုက်သည်။

"မဏိပူရမှာ ငါတို့ အစောင့်တပ်ထားခဲ့ပြီး ကျန်တပ်မတွေနေပြည်တော်ကို ပြန်မယ်၊ အစောင့်တပ်က အခုညချင်း တာဝန်ယူ၊ ကျန် တပ်မတွေ ချက်ချင်းအသင့်ပြင်၊ နက်ဖြန်နံနက် ရုပ်သိမ်းမယ်၊ ဒီမှာ ကျန်ခဲ့ရမယ့် တပ်တွေအတွက် ကန္ဒီမြို့ဝန်က ဗိုလ်မှူး၊ နေမျိုးဇေယျသင်္ကြန်နဲ့ ရဲထင်အနော်ရထာကျော်ခေါင်က စစ်ကဲ၊ မြို့စောင့်တပ်ရဲ့ အကြီးအကဲဗိုလ်အဖြစ် နေမျိုးရဲခေါင်ကျော် နေရစ်နေမယ်"

အမိန့်အတိုင်း ကျွန်ုပ်မဏိပူရတွင် မြို့စောင့်တပ်အကြီးအကဲ ဗိုလ်အဖြစ် နေရစ်ကာ တာဝန်ယူရတော့

www.burmeseclassic.com



မည် ဖြစ်သည်။

သူနှင့်အတူ နေပြည်တော်ပြန်တပ်တွင် မလိုက်ပါနိုင်တော့။

အားငယ်သယောင် ဖြစ်သွားသော်လည်း သူ့မျက်ကွယ်၌ တာဝန်ကြီးတစ်ခုကို ယူရမည်ဖြစ်သဖြင့် ဂုဏ်ယူမိလေသည်။

တပ်ပေါင်းဗိုလ်များ စုံညီဆွေးနွေးပွဲအပြီးတွင် သူ ကျွန်ုပ်ထံရောက်လာသည်။ သူ့မျက်နှာပေါ်တွင် တွေ့မြင်နေကျ တည်ငြိမ်မှုမျိုး။

"မြို့စောင့်တပ် ဗိုလ်အဖြစ် ကိုရင့်ကို ရွေးလိုက်တာ ကျုပ်ပဲ"

ကျွန်ုပ်ကလည်း ဤအတိုင်းပင် တွေးမိပြီးဖြစ်သည်။

"မင်းကြီး မဟာဗန္ဓုလရဲ့ ရောင်းရင်းတစ်ယောက်ဟာ မဟာဗန္ဓုလရဲ့ အုပ်ချုပ်ကွပ်ကဲမှုမပါဘဲ၊ သူ့ဘာသာသူ အစွမ်းအစ ပြနိုင်တယ်ဆိုတာကို ထင်ရှားစေချင်လို့ပဲ" ကျွန်ုပ်ခေါင်းညိတ်ပြလိုက်သည်။

"တစ်ခုတော့ မှာခဲ့မယ်ကိုရင်၊ တပ်မကြီးတွေ ရုပ်သိမ်းပြီး ပြန်သွားကြောင်း၊ ဒီမှာ မြို့စောင့်တပ်ထားခဲ့



BURMESE CLASSIC .com

www.burmeseclassic.com



ကြောင်း၊ ရန်သူသိတဲ့အခါမှာ သူတို့လာပြီး တိုက်နိုင်တယ်။ ဒီမှာ တပ်လေးတပ်ထားခဲ့မယ်၊ ရန်သူ့ အလုံးအရင်းဟာ ကိုရင်တို့ထက် ပိုပြီးအင်အားကြီးမှာပဲ၊ ကိုရင်တို့ ပွဲကြမ်းတွေ့ရလိမ့်မယ်"

"မျှော်လင့်ထားပါတယ်… မင်းကြီး"

'မင်းကြီး' ဟူသော အသုံးကြောင့် သူကျွန်ုပ်ကို ရိပ်ကနဲ ကြည့်သည်။ သို့သော် သူ့ကို ကျွန်ုပ်ယခင်လို 'ကိုရင်ငရစ်'ဟု မခေါ်နိုင်တော့ကြောင်း ကျွန်ုပ်မျက်လုံးများက ဖော်ပြနေကြပေမည်။ ယင်းကိုလည်း သူ နားလည်သွားဟန်တူသည်။ အခေါ်အဝေါ် အသုံးအနှုန်းများကို သူကလည်း စိတ်မဝင်စားတော့ဟန်ဖြင့် ဆက်ပြောသည်။

"မြို့စောင့်တပ်ဗိုလ်အဖြစ် ကိုရင် လူစွမ်းလူစ ပြပါ။ မကြာခင်မှာ ကိုရင်နဲ့ကျုပ် နီးနီးကပ်ကပ်နေခွင့် ရပါလိမ့်မယ်"

သူ လှည့်ထွက်သွားသည်အထိ ကျွန်ုပ်နေရာတွင် ရပ်နေမိသည်။ သူ့ထံမှ ခွန်အားများ ကျွန်ုပ်တွင်ကျန်ရစ်ခဲ့သလို ခံစားရမိသည်။

♦ ♦ ♦

BURMESE CLASSIC .com

၂

သူပြောသွားသည့်အတိုင်းပင် တပ်မကြီးများ ရုပ်သိမ်းသွားပြီးနောက် လေးရက်မြောက်သောနေ့မှာပင် မာဂျစ်ဆင်းသည် လက်အောက်ခံ စော်ဘွားအများအပြား၏ တပ်များကို စုရုံးလာကာ ထိုစစ်ဆင်ခဲ့သည်။

မြို့ရိုးနှင့်ဝေးကွာသောနေရာမှနေ၍ သူတို့သည် အမြောက်၊ စိန်ပြောင်းများဖြင့် ပစ်ကြလေသည်။ ကျွန်ုပ်၏ မြို့စောင့်တပ်အပါအဝင် ကျန်ရှိခဲ့သော အင်အားမှာ သုံးထောင်သာရှိပေရာ သောင်းချီ၍ တက်လာသော မဏိပူရတပ်များကို အပြင်းအထန် ခုခံကြရသည်။

အမြောက်ဆန်အလှမ်းအကွာသင့်လှသော တပ်လေးတပ် မြို့အပြင်ထွက်၍ ဆုတ်ရတော့သည်။ တပ်ဆုတ်လမ်းကြောင်းမှာပင် ပြင်းထန်သော တိုက်ပွဲများ

www.burmeseclassic.com



ဖြစ်ပွားလေရာ ဗိုလ်သာရစက္ကနှင့် ဗိုလ်နရာကျော်ခေါင်တို့ ကျဆုံးရသည်။

ကျွန်ုပ်၏မြို့စောင့်တပ်ကား ပွဲကြမ်းအတွေ့ရဆုံးပင်။

ရန်သူတို့သည် သူတို့မြို့ကို သူတို့ပြန်သိမ်းခြင်းဖြစ်သဖြင့် တိုက်ခင်းတိုက်ကွက်၊ အထိုးအဖောက်ကျွမ်းကျင်ပြီး ဖြစ်နေကြသည်။ ကျွန်ုပ်၏ တပ်သားအများဆုံးကို ချထားသောတောင်ဘက်မြို့ရိုးမုခ်ကို သူတို့ အလုံးအရင်း အကြီးဆုံးသုံး၍ အပြင်းအထန် တိုက်ကြသည်။ မြို့ရိုးကို အလုံပိတ်၍ ကြံ့ကြံ့ခံရုံမှအပ အခြားနည်းလမ်းမရှိတော့။ ကျွန်ုပ်တို့ထံတွင် အမြောက်စိန်ပြောင်းအချို့ရှိနေသော်လည်း မြို့ရိုးအပြင် အလှမ်းဝေးလွန်းလှသောကျောက်တောင်များကို အကာအကွယ်ယူထားသည့် ရန်သူရှိရာသို့ ပစ်ခတ်ရန်မှာ အချည်းအနှီးဖြစ်သောကြောင့် အမြောက်တပ်သားများကို အသုံးမပြုတော့။

ခံစစ်၏ အဓိကအဖြစ် မြို့ရိုးမုခ်ဝ တံတိုင်းကိုသာ အခိုင်အမာနေရာယူလိုက်သည်။ မဏိပူရတို့သည် မိုက်မဲလှစွာဖြင့် မြို့ရိုးကို လှေခါးထောင်တက်ကြသည်။ မြို့ရိုးထိပ်မှ ကျွန်ုပ်၏ရဲမက်များအဖို့ကား သူတို့လှေကား

www.burmeseclassic.com



တစ်စင်းပြီးတစ်စင်း ကပ်လာလေလေ သွေးကြွလေလေ ပင်။

မြို့ရိုးထိပ်မှ ရေတက်ရည်များ၊ ဆီပူများဖြင့် လောင်းချကာ ကျွံ၍ ရောက်လာတတ်သော ရန်သူကို လှံလျှင်ဖြင့် ပယ်ရှားပစ်တတ်ကြသည့် ကျွန်ုပ်တို့၏ ကျွမ်းကျင်မှုကို သူတို့မသိကြ။

မြို့စောင့်တပ်ဖွဲ့ရှိရာသို့ တစ်ခုပြီးတစ်ခု လှည့်လည် စစ်ဆေးအမိန့်ပေးရင်းဖြင့် 'ငါ့နေရာတွင် မဟာဗန္ဓုလဆိုလျှင် ဘယ်သို့စီမံအမိန့်ပေးမည်နည်း' ဟု နှလုံးသွင်း စဉ်းစားခဲ့ကြောင်းကိုကား ဝန်ခံရပေမည်။

မြို့ရိုးထိပ်မှ ကျွန်ုပ် မဆင်းတော့။ ရန်သူများ တစ်တပ်ပြီးတစ်တပ် ချဉ်းကပ်လာသည်ကို မြို့စောင့်တပ်အနေဖြင့် အင်အားနှစ်ထပ်ဖြင့် ခုခံတွန်းလှန်ပစ်ရန် ကျွန်ုပ်စီစဉ်လိုက်သည်။

ပထမတစ်ထပ်မှာ မီးပေါက်သေနတ်ကိုင်တပ် ဖြစ်သည်။ မဏိပူရမြို့ကျုံးသည် ကျွန်ုပ်တို့အင်းဝ အမရပူရ မြို့ကျုံးများလောက် မကျယ်သောကြောင့် ကျုံးကို သူတို့ဖြတ်ကူးသွားချိန်တွင် မြို့ရိုးပေါ်မှနေ၍ သေနတ်ဖြင့် ပစ်ခွင့်သာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သို့သော် ကျွန်ုပ်တို့၏ သေနတ်များမှာ ယမ်းထိုး၊ ယမ်းထိန်းကာ ပတ်ထည့်၊ ထိုးတန်နှင့်ဆောင့်၍သိပ်၊ နားခွက်တွင် ယမ်းကိုပုံ၊ အပေါ်က စိုင်ပေါ်အုပ်၊ မီးမောင်းတင်၊ မီးမောင်းကျပြီးမှ စိုင်ပေါင်လက်ဝါးက သံပြင်နှင့် ရိုက်ခတ်ပြီး မီးပွင့်၊ မီးပွင့်စွဲမှ နားခွက်က မီးတောက်က ကျည်ဆန်ထွက်ရသော ကျောက်မီးသေနတ်များ ဖြစ်သည်။ တစ်ခါတစ်ရံ အခန့်မသင့်သည့်အခါ မီးမပွင့်ခြင်း၊ မီးပွင့်သော်လည်း နားခွက်လမ်းကို မီးမစွဲဘဲ လွဲချော်ခြင်းတို့ကြောင့် ကျည်ထွက်ရန် ခဲယဉ်းလှပေရာ တစ်ချက်နှင့် တစ်ချက်အကြား ပစ်ခတ်ရန် ပြင်ဆင်နေချိန်မှာပင် ရန်သူများက ကျုံးကိုဖြတ်ကူး ရောက်ရှိလာကြသည်။

နီးကပ်လာပြီဖြစ်သော ရန်သူကို သေနတ်ဖြင့် ပစ်ရန် မဖြစ်နိုင်တော့သောကြောင့် သေနတ်ကိုင် ရဲမက်များ၏ နောက်တွင်ချထားသော ဒုတိယအထပ်ကို အသုံးပြုရသည်။ ဒုတိယအထပ်ကား ဒူးလေးတပ်ပေတည်း။

ကျွမ်းကျင်လှသော လက်များက မြားတံတစ်ချောင်းပြီးတစ်ချောင်းကို ညှို့တွင်ဆင်ကာ အကောင်းဆုံး အကွာအဝေးရှိ ရန်သူ၏ထံသို့ အတည့်မတ်ဆုံး ပစ်လွှတ်နိုင်ကြသည်။ ကျွန်ုပ်ကိုယ်တိုင်မူကား လုံ့လျင်

www.burmeseclassic.com



များကို အစည်းလိုက် ချထားပြီး၊ တစ်ချောင်းပြီး တစ်ချောင်း ဆွဲယူကာ ရန်သူကို လုံတစ်ချက်လျှင် တစ်ယောက် ချိန်ရွယ်ပစ်စိုက်ရလေသည်။

ရန်သူ့အလောင်းများသည် မြို့ရိုးအပြင်ဘက် အောက်ခြေတွင် အစုလိုက် အပုံလိုက် ဖြစ်လာသည်။ ကျွန်ုပ်တို့ဘက်မှလည်း သူတို့၏ သေနတ်ကျည်ဆန်ကြောင့် အများအပြား ကျဆုံးရသည်။

ကျွန်ုပ်၏ညာဘက်လက်မောင်းမှ အသားတစ်တစ်ခုလည်း ရန်သူ့ကျည်ဆန်တွင် ပါသွားသည်။ နဖူးစတွင်လည်း တိုက်ရိုက်မမှန်စေကာမူ ယမ်းငွေ့သင့်သောကြောင့် လောင်ကျွမ်းညိုမည်းသွားသည်။ သူတို့ သေနတ်များမှာ ကျွန်ုပ်တို့ထက် ပို၍ကောင်းမွန်ကြောင်း တွေ့ရသည်။ အသံလည်း ပို၍ကျယ်သည်။ ပစ်ခတ်မှုတစ်ချက်နှင့်တစ်ချက်လည်း ကျွန်ုပ်တို့၏ ကျောက်မီးသေနတ်လို အချိန်မကြာလှ။

မည်သို့ဆိုစေ။ သူတို့ အကျအဆုံးများသည်ကမူ အသေအချာပင်။

အနီးကပ် ရင်ဆိုင်တိုက်ခိုက်ပွဲတွင် အရေးမသာသည်ကို သူတို့သိသွားပြီး အဝေးမှသာ အမြောက်ဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com



ပစ်ကြသည်။ အမြောက်သံများ အဆက်ပြတ်တော့သည် မရှိသဖြင့် ကျွန်ုပ်တို့အားလုံးနားပင်းသွားကြတော့မည် လောဟုပင် ထင်မိသည်။

တိုက်ပွဲတွင် ဒုတိယနေ့။ ရန်သူတို့ မြို့ရိုးကို တက်ရန် ကြိုးစားသည့်အကြိမ်ပေါင်း ရှစ်ကြိမ်မြောက် တွင်ကား။ ဗိုလ်မှူး ကန္နီမြို့ဝန်၊ စစ်ကဲများဖြစ်ကြသော နေမျိုးဇေယျသင်္ကြန်၊ ရဲထင်နော်ရထာကျော်ခေါင်နှင့် ကျွန်ုပ်လေးဦးသား အပြင်းအထန် ဆွေးနွေးရတော့သည်။

ကျွန်ုပ်တို့၏ ဆွေးနွေးတိုင်ပင်ပွဲမှာလည်း အမြောက်ဆန်များတဝုန်းဝုန်း ပေါက်ကွဲနေသည့်ကြားမှ ပင် ရှောင်ရင်းတိမ်းရင်း ပြုလုပ်ကြရလေသည်။

နောက်ဆုံးတွင် နေပြည်တော်မှ စစ်ကူတောင်း ရန် ဆုံးဖြတ်လိုက်ကြသည်။

ယင်းအတွက်ခရီးလမ်းဆိုးရွားလှသော ချင်း တွင်းဒေသကို အမြန်ဆုံးနှင်နိုင်မည့် မြင်းသည်ကျော် တပ်ဖွဲ့တစ်ဖွဲ့ ရွေးချယ်လိုက်သည်။ မြင်းသည်ကျော် တပ်သားတို့သည် ရန်သူတပ်အနေကျဲသည့် အရှေ့ဘက် မျက်နှာမှ ဖောက်ထွက်ပြီး မြေဒူးမြို့သို့ ဦးတည်သွားရမည် ဖြစ်သည်။ မြေဒူးမှ တပ်ကိုတစ်ဆင့် စေလွှတ်ရန်စီစဉ်



BURMESE CLASSIC .com

www.burmeseclassic.com



လိုက်သည်။

ဤအစီအစဉ်ကို ကျွန်ုပ်ကချမှတ်လိုက်သည်တွင် နေမျိုးဇေယျသင်္ကြန်က "ဟာ..ခင်ဗျားမင်းကြီး မဟာဗန္ဓုလရဲ့ ရောင်းရင်းမို့လို့၊ သူ့လို အစီအမံမျိုး ချမှတ်တတ်တာနဲ့ တူတယ်"ဟု ပြောသေးသည်။

သို့ဖြင့်ပင် မြင်းသည်တော် တပ်ဖွဲ့ကို စေလွှတ်ခဲ့ပြီးနောက် ငါးရက်မြောက်ညသို့ ရောက်ခဲ့လေသည်။ ရက်သတ္တတစ်ပတ်လုံးလုံး နေ့နေ့ညည ရန်သူတပ်များက အလှည့်ဖြင့် ဝင်တိုက်ကြသည်။ ကျွန်ုပ်တို့မှာ ရှိသမျှ အင်အားဖြင့် အလှည့်ကျလာသမျှ ရန်သူကို ဒိုင်ခံ၍ တိုက်ခိုက်ခုခံနေရသည်ဖြစ်၍ တပ်သားများ အားအင်ဆုတ်ယုတ်လာသည်။

ကျွန်ုပ်လည်း သေနတ်ဒဏ်ရာမှ အနာရှိန်ကြောင့် အဖျားဝင်လာသည်။

ရဲထင်နော်ရထာကျော်ခေါင်လည်း ပေါင်တွင် ဒဏ်ရာရသွားသည်။

ကျွန်ုပ်တို့ခေါင်းဆောင်လေးဦးမှာ ဒဏ်ရာကိုလည်းကောင်း၊ ဖျားနာခြင်းကိုလည်းကောင်း မေ့ဖျောက်ပစ်ရကာ တစ်နေ့တာကို အချိန်လေးပိုင်းခွဲ၍ ဦးစီး



BURMESE CLASSIC .com

www.burmeseclassic.com



ကွပ်ကဲကြရလေသည်။

အဆမတန် မမျှတသော အင်အားချင်း ယှဉ်ရသည်ဖြစ်၍ ရန်သူတို့သည် မြို့ရိုးကို လေးဘက်လေးတန် ပိတ်ဆို့မိသွားကြသည်။

ကျွန်ုပ်၏ အချိန်ပိုင်းဖြစ်သော ညဥ့်သန်းခေါင်မှ နံနက်အရုဏ်တက်အထိ ကာလအတွက် တိုက်ပွဲကို ကွပ်ကဲရန် မြို့ရိုးပေါ်သို့ တက်ခဲ့သည်။ မြို့ရိုးထိပ်သို့ ကျွန်ုပ် ရောက်သွားသောအခါ ဒဏ်ရာအထပ်ထပ် ရနေကြပြီဖြစ်သော ရဲမက်များမှာ အားတက်သွားဟန်ဖြင့် ဒူးလေးကို စွဲကိုင်လိုက်ကြသည်။

ရဲမက်ငယ်တစ်ဦးက ကျွန်ုပ်ကို လှံလျှင်အစည်းလိုက်လာပေးသည်။

သူ့ကို လက်ကာပြလိုက်ပြီး ကျွန်ုပ်ပြောလိုက်သည်။

"ငါ့ကို ဒူးလေးနဲ့မြားကျည်တောက်ပဲ ပေးတော့ကွာ၊ ဒူးလေးညှို့ကိုတော့ ကြိုးစားပြီး ငင်နိုင်မယ်ထင်တာပဲ၊ လှံလျှင်ကိုတော့ ငါအရှိန်ပြင်းပြင်း မပစ်နိုင်တော့ဘူး"

ရဲမက်က ယောင်ကိုင်းနေသော ကျွန်ုပ်၏ လက်



BURMESE CLASSIC .com

www.burmeseclassic.com



မောင်းကို ကြည့်၍ ဒူးလေးနှင့် မြားကျည်တောက်ကို ထုတ်ပေးသည်။ မြားတစ်စင်းထုတ်၍ ညို့တွင်တပ်ကာ ငင်ကြည့်သည်။ ဘယ်လက်ကိုသုံး၍ ရသေးကြောင်း တွေ့ရ၍ ကျွန်ုပ်အားတက်မိသည်။ ရဲမက်ငယ်သည် ကျွန်ုပ် ဒူးလေးညို့ ကြိုးငင်ပုံကိုကြည့်၍ ပြုံးနေရှာသည်။ ထိုအချိန်မှာပင် သေနတ်သံတစ်ချက် ပေါ်လာပြီး ရဲမက် ငယ်ခမျာမှာ အပြုံးပင်မပြယ်တတ်သေးသော မျက်နှာ လေးနှင့် ကျည်သင့်ကာ ခွေကျသွားလေသည်။

လက်မောင်းဒဏ်ရာကို ကျွန်ုပ်သတိမရတော့။ တပ်ဆင်ထားပြီးသား မြားတံကို ပစ်လွှတ်လိုက်သည်။ မြို့ရိုးအောက်မှ သေနတ်ကိုင်ရန်သူ၏ လည်မျိုသို့ ထုတ် ချင်းပေါက်။

နောက်ထပ်မြားတစ်စင်း ဒူးလေးညို့တွင်တပ်၊ ညို့ကိုငင်၊ နောက်ထပ် ရန်သူတစ်ယောက်၊ နောက်မြား တစ်စင်း၊ နောက်ရန်သူတစ်ယောက်။

လှုပ်ရှားရလွန်းသဖြင့် ကျွန်ုပ်၏လက်မောင်းမှာ သွေးများ ရွှဲနစ်နေသည်။ ညို့ကိုဆွဲ၍ မောင်းခလုပ်ကို ညှစ်လိုက်တိုင်း ဒဏ်ရာပေါက်မှ သွေးများယိုစီးကျလာ သည်။ ကြာလာသောအခါ နာကျင်မှုသည် အထွတ်အထပ်သို့

www.burmeseclassic.com



ရောက်သွားဟန်ရှိသည်။

ကျွန်ုပ်မှာ လက်တစ်ဘက်မရှိတော့သလို ခံစားရသည်။

ထိုခဏ၌ ကျွန်ုပ် ရူးသွပ်သွားပြီဟု ရဲမက်များက ထင်ကြကြောင်း နောက်ပိုင်းတွင် ပြောပြလေသည်။

မြားကျည်တောက်သုံးခုကို အသုံးပြုခဲ့သည်။ တတိယကျည်တောက်မှ မြားတံမကုန်မီမှာပင် ကျွန်ုပ်ခေါင်းထဲမှာ မူးဝေလာသည်။

သွေးထွက်လွန်သောကြောင့် ဖြစ်သည်။ မျက်လုံးထဲတွင်လည်း အနီရောင်ကိုသာ မြင်နေရသည်။ ဒူးလေးက လက်ထဲမှာအဆမတန် လေးပင်လာသည်။ ညှို့ကိုလည်း မတင်နိုင်တော့။ သို့သော်လည်း မြားတစ်စင်းကို ကြိုးစား တပ်ဆင်လိုက်သည်။

ဒူးလေးအိမ်ရှိရာ ညှို့မရောက်ခင်မှာပင် ကျွန်ုပ်၌ ရှိရှိသမျှအားအင်တို့ ကုန်ခန်းသွားပြီဖြစ်ကြောင်း သိလိုက်သည်။ မြို့ရိုးထိပ်မှ ဦးစိုက်ကျွမ်းပြန်ကျလုအံ့ဖြစ်သွား၍ ဒူးလေးကို လွှတ်ချပြီး သူရဲခိုကို ဖက်တွယ်ထားလိုက်ရသည်။

မျက်ခွံများကို အားယူ၍ဖွင့်ကြည့်ယင်း လှေကား

www.burmeseclassic.com



ထောင်တက်လာသော ရန်သူများ၏အနေအထားကို သုံးသပ်လိုက်သည်။

ရန်သူ၏သေနတ်ကျည်ဆန်ကို စောင့်ရှုံမှအပ ဘာမျှ မတတ်နိုင်တော့။

နောက်ဆုံးအချိန်သည် နီးကပ်လာနေပြီ။ မဏိပူရကို ရန်သူများ ပြန်သိမ်းနိုင်ကြတော့မည်။ ရတ်တရက် မျက်စိထဲတွင် တစ်ခဲနက် အမိုက်တိုက် ဖြစ်ထွန်းသွားပြီး နောက် ချက်ချင်းပင် ပြိုးပြက်လင်းထိန် သွားပြန်သည်။ နောက်ဆုံးထွက်သက်၏ နိမိတ်လက္ခဏာပင် ဖြစ်ချေမည် ဟု တွေးမိရင်း မြင်လိုက်ရသော မီးရောင်ကြီးကို ငေးငိုင် ကြည့်မိသည်။

အလင်းရောင်သည် ပျောက်ပြယ်၍မသွား။

အဆက်မပြတ် လင်းနေမြဲ။

ထိုအခိုက်မှာပင် မြို့စောင့်တပ်ရဲမက်တို့၏ ဟစ်ကြွေးသံကို ကြားလိုက်ရလေသည်။

“နေပြည်တော် တပ်မတွေ ရောက်လာပြီ၊ စစ်ကူ လာပြီ…”

စောစောက မြင်လိုက်ရသော မီးရောင်များကား နေပြည်တော်တပ်မများ၏ အမြောက်စိန်ပြောင်းများဆီမှ



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်ရမည်။

အပြီးတိုင် ပြုတ်ကြွေအံ့ဆဲဆဲ မျှော်လင့်ချက်ငယ်လေးသည် ရုတ်ခြည်းပင် ဆပွားကျယ်ပြန့်လာတော့သည်။ တစ်ကိုယ်လုံးသို့ ခွန်အားသစ်များ စီးပြန့်လာသလို ခံစားလိုက်ရပြီး ကျွန်ုပ်သူရဲခိုဘေးမှ ခုန်၍ ထလိုက်သည်။

သို့သော် ထိုတဒင်္ဂသည်သာ သတိနှင့်ကိုယ်မြဲခဲ့သော နောက်ဆုံးအချိန်။

ကျွန်ုပ်ဘာကိုမျှ မသိတော့။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၃

သတိရလာ၍ မျက်စိဖွင့်ကြည့်လိုက်သောအခါ အလင်းရောင်နှင့်အနွေးဓာတ် ကောင်းစွာရရှိသော တဲတစ်တဲအတွင်း ရောက်နေကြောင်း တွေ့လိုက်ရသည်။ အမြောက်စိန်ပြောင်းသံများကို မကြားရတော့။ အင်အားပြည့်ဝစွာ နိုးထလာခဲ့သည်ဖြစ်၍ မြင်ကွင်းသည် ရှင်းလင်း ကြည်လင်နေသည်။ တဲအတွင်းလက်နက်မျိုးစုံကို ချိတ်ဆွဲထားသည်။

ထိုမှူးသာမက နံရံထက်တွင် စစ်ကြောင်းချီမြေပုံများ၊ မဏိပူရ အာသံ၊ ကချာနယ်စပ် ဒေသပြမြေပုံများ၊ အင်းဝမြို့တော်၏ မြေပုံကားချပ်များ . . .။



BURMESE CLASSIC .com

www.burmeseclassic.com



အံ့ဩခြင်း ကြီးစွာဖြင့် အိပ်ရာထက်မှ ထလိုက်သည်။ ရုတ်တရက် မူးဝေသွားသဖြင့် အိပ်ရာပေါ်တွင် ပြန်လှဲလိုက်ရသည်။ စစ်အခင်းအကျင်းပြ မြေပုံကားချပ်များသည်မျှ စုံလင်စွာချိတ်ထားသော တဲသည် 'သူ့'တဲမှအပ အခြားမဖြစ်နိုင်။

သို့ဆိုလျှင် သူသည် မဏိပူရသို့ ရောက်လာပြီလော၊ စစ်ကူတပ်မတွင် သူပါလာသည်လော၊ အတွေးများ ရှုပ်ထွေးနေခိုက်တွင်...

ဗဟိုစည်သံတစ်ချက် ကြားလိုက်ရသည်။

"ဟင်..."

နှုတ်မှ ယောင်ယမ်း၍ အသံထွက်သွားရလေသည်။ ဤအသံကို မဏိပူရ၌ မကြားရနိုင်။ ကသည်းတို့သည် ဗဟိုစည်ကို မသုံး။ ဗဟိုစည်ကို အင်းဝမြို့တော်ကသာ အသုံးပြုသည်။ သို့ဆိုလျှင် ကျွန်ုပ်ရောက်နေရာသည်...

ကျွန်ုပ်၏ ရှုပ်ထွေးလှသော အတွေးများကို ဖြေရှင်းပေးမည့် သဏ္ဍာန်တစ်ခု တဲထဲသို့ ဝင်လာသည်ကို တွေ့လိုက်ရလေသည်။ ဝမ်းသာလွန်းသဖြင့် အိပ်ရာမှ ထရန် ကြိုးစားလိုက်သည်။

www.burmeseclassic.com



သူက ဖျတ်လတ်ပေါ့ပါးစွာ ကျွန်ုပ်အနီးသို့ ရောက်လာပြီး ကျွန်ုပ်၏ရင်ဘတ်ကို ဆီးကာ၍ အိပ်ရာပေါ် ပြန်လှဲစေသည်။

"မထနဲ့... ကိုရင့် ဒဏ်ရာ ပြင်းတယ်၊ အနာရှိန် ကြီးလွန်းတာရယ်၊ သွေးအထွက်လွန်တာရယ်ကြောင့် ကိုရင်မြို့ရိုးထိပ်မှာ လဲကျသွားတယ်၊ ငါးရက်လုံးလုံး သတိလစ်နေခဲ့တယ်၊ အပြန်တစ်လမ်းလုံးလဲ ကိုရင် အပြင်းဖျားခဲ့တယ်၊ လုံးဝ သတိမရဘူး၊ အခုတော့ စိတ်ချသွားပါပြီ၊ နေပြည်တော်ကိုလဲ ပြန်ရောက်နေပြီလေ"

ကျွန်ုပ်အကြောင်းနှင့်ပတ်သက်၍ မေးစရာမကျန်တော့လောက်အောင် မင်းကြီးမဟာဗန္ဓုလက အကျဉ်းချုပ်စုံလင်စွာ ပြောပြလေသည်။ သို့သော်...

"မဏိပူရကော မင်းကြီး... ဟင် မဏိပူရကော"

"ကိုရင့်အမိန့်နဲ့ လွှတ်လိုက်တဲ့ မြင်းသည်ကျော်မြေဒူးကို ရောက်ခဲ့တယ်။ အဆင့်အဆင့် မြင်းတမန်တွေ ရောက်လာတာကြောင့်၊ ဒီကနေ စစ်ကူလိုက်ခဲ့တယ်၊ ပခန်းမင်းကြီးမင်းခေါင် ကိုယ်တိုင် ဗိုလ်ချုပ်အဖြစ် ဦးစီး



BURMESE CLASSIC .com

www.burmeseclassic.com



ချီခဲ့ကြတာပဲ၊ ဆင်ငါးဆယ်၊ မြင်းတစ်ထောင်၊ သူ့ရဲ့နှစ်သောင်း၊ တပ်မဆယ့်ကိုးခုချီခဲ့တယ်၊ မာဂျစ်ဆင်း ကချာနယ်ထဲကို ထွက်ပြေးသွားပြီး အရေးတော်လှခဲ့တယ် ဆိုကြပါစို့''

အောင်ပွဲသတင်းကို ပြောနေသော်လည်း သူ့မျက်နှာမှာ တစ်စုံတစ်ရာ ထူးခြားပျော်ရွှင်ဟန်မျိုး မရှိဟု ကျွန်ုပ်ထင်မိသည်။

''ကိုရင့် မြို့စောင့်တပ်ကော ကိုရင်ကိုယ်တိုင်ပါ ရှုပ်ရှုပ်ချုံချုံ ရှိခဲ့ကြတယ်။ မြို့ကျလုဆဲဆဲမှာ အချိန်မီ ပြန်စီးလိုက်နိုင်တယ်''

''မင်းကြီးက ဘယ်စစ်ကြောင်းနဲ့ ချီသလဲ''

''ကျုပ်… လိုက်မသွားပါဘူး၊ အင်းဝမှာပဲ နေရစ်ခဲ့တယ်။ ကသည်းစော်ဘွားထက်ကို အရေးကြီးတဲ့ စစ်ရေးတွေအတွက် ဒီမှာနေ့ညဥ့်မပြတ် တပ်မင်းတွေ အားလုံး မင်းတရားနဲ့ တိုင်ပင်နေကြရတယ်''

''ဟုတ်လား… ဘယ်လိုအရေးကြီးတဲ့ စစ်ရေးတွေလဲ'' အတန်ကြာ သူတိတ်ဆိတ်နေပြီးမှ ဆက်ပြောသည်။

''မာဂျစ်ဆင်း ပြေးဝင်ခိုလှုံတဲ့ ကချာနယ်ဟာ..



BURMESE CLASSIC .com

www.burmeseclassic.com



ဗြိတိသျှပိုင် ဆီလဟက်နယ်နဲ့ ကျောခိုင်း နယ်စပ်ဒေသပဲ၊ ကျုပ်တို့တပ်တွေက စော်ဘွားကို ဖမ်းဖို့ ကချာနယ်ထဲအထိ လိုက်ခဲ့ကြတယ်။ ဗြိတိသျှတွေက နယ်ကျူးတယ်ဆိုပြီး ကျုပ်တို့နဲ့ စကားများကြတယ်လေ”

ကသည်းစော်ဘွားများ၏ နောက်ကွယ်တွင် ဗြိတိသျှများရှိနေကြောင်း၊ ဗြိတိသျှသည် တကယ့်ရန်သူဖြစ်ကြောင်း၊ လက်သည်းဝှက်ထားသော ကြောင်နှင့်အလားတူသည့် ဗြိတိသျှတို့အရေးကို မမေ့မလျော့ရှိအပ်ကြောင်း၊ သူတစ်ခါက ပြောဖူးသည်များကို ကျွန်ုပ်အမှတ်ရလာသည်။

စစ်မှုအရေးအရာနှင့် ပတ်သက်သော သူ့ကြိုတင်တွက်ကိန်းများအားလုံး မှန်ကန်လာကြလေသည်။

“ကိုရင် အခုတော့ ဒီလောက်ပဲ သိထားအုံးပေါ့၊ ကိုရင့်အနာ အတော်သည်းခဲ့တာပဲ၊ ဒဏ်ရာကနေထွက်သွားတဲ့ သွေးတွေအတွက်ရော၊ အဖျားရောဂါကြီးလွန်းခဲ့တဲ့အတွက်ရော၊ ကိုရင် အားပြန်မွေးဖို့၊ မူလအခြေရောက်ဖို့ ရက်အတော်ကြာ အနားယူရလိမ့်အုံးမယ်၊ အင်း.. ကိုရင် အိပ်ရာထက်မှာပဲ နေရလိမ့်မယ်”

အရေးတော်များ ပူနွေးနေသည့်ကာလမျိုးတွင်မှ

www.burmeseclassic.com



ကျွန်ုပ်မှာ ဝေဒနာသည်ဖြစ်နေရသည်။ ကြုံလာရသည့် အခြေအနေကို မကျေနပ်နိုင်။

"ကျုပ်··· အချိန်တွေအများကြီးကို အချည်းနှီး ကုန်ရတော့မှာလားဗျာ"

စိတ်လက်မချမ်းသာ ဖြစ်လာသဖြင့် ညည်းသံ နှုတ်မှထွက်သွားသည်။

သူက နက်ရှိုင်းစွာ ကြည့်လျက်···

"ကိုရင်··· ဘာလုပ်ချင်သလဲ၊ အိပ်ရာပေါ်က တော့ မဆင်းရဘူး"

"မင်းကြီးရဲ့ တဲထဲမှာပဲ··· ဆက်နေခွင့်ရမယ် ဆိုယင်တော့···"

ဒီမှာပဲ နေရမှာပေါ့၊ ကျုပ်ဆီမှာပဲ နေရမယ်"

"ဒါဖြင့်ရင်···"

သူ့ကို ကျွန်ုပ်အားကိုးတကြီး ကြည့်လိုက်မိလေ သည်။

"အိပ်ရာပေါ်မှာ နေရမယ့်အချိန်တွေတစ် လျှောက်လုံးမှာ မင်းကြီးခွင့်ပြုနိုင်မယ်ဆိုရင် မင်းကြီးရဲ့ မြေပုံကားချပ်တွေ၊ သေနင်္ဂအစီအမံ တွက်ချက်ထားပုံတွေ ကို လေ့လာချင်တယ်"



BURMESE CLASSIC .com

www.burmeseclassic.com



နှစ်နှစ်ခြိုက်ခြိုက် ရှိလှသော အပြုံးတစ်ခုကို တွေ့လိုက်ရသည်။ ခေါင်းကို ဖြည်းဖြည်းညိတ်လျက် ကျွန်ုပ်၏ ဒဏ်ရာမရသော ဝဲလက်ကို သူ ဆုပ်ကိုင်ဖျစ်ညှစ်သည်။

ကြမ်းရှသော သူ့လက်ဖဝါးပြင်ကျယ်ကြီးထံမှ ပူနွေးရှင်သန်သည့် အငွေ့ကို ရရှိလိုက်သည်။ တင်းကျပ်မြဲမြံသော လက်ချောင်းများ၏ ဆုပ်ကိုင်မှုမှတဆင့် သူ၏တန်ခိုးများ ကျွန်ုပ်ထံသို့ စီးဝင်လာသည်ဟု ထင်ရလေသည်။

'မဟာဗန္ဓုလ၏ ရောင်းရင်းဖြစ်ရခြင်း' ဆိုသည့် တစ်ခုတည်းသော အကြောင်းအချက်အားဖြင့်ပင် ကျွန်ုပ် လူဖြစ်ကျိုးနပ်ပြီးဟု ယုံကြည်မိချေသည်တကား။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၅)

၁

မျှော်လင့်ထားခဲ့သည်ထက် ပို၍ကြာမြင့်စွာ ကျွန်ုပ် အိပ်ရာပေါ်တွင် နေခဲ့ရသည်။ မဏိပူရစစ်ပွဲတွင် ရခဲ့သော ငှက်ဖျားရောဂါမှာ သက်သာစ ပြုလာသော်လည်း သွေးအထွက်လွန်ခဲ့ခြင်းကြောင့် ကျွန်ုပ်မှာ ပကတိလူကောင်းဖြစ်ဖို့ အစွမ်းထက်သော ဆေးဝါးမျိုးစုံကို မပြတ် မှီဝဲနေရသည်။

သို့သော်… ထို 'ဝေဒနာသည် ကာလ' သည် ကျွန်ုပ်ဘဝအတွက် အချိုးအကွေ့တစ်ဆစ်ပြောင်းကာလပင်ဖြစ်တော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သူ့ညွှန်ကြားပြသမှုများဖြင့် ကျွန်ုပ်သည် စစ်တို့၏ သဘောများစွာကို တဆင့်ပြီးတဆင့် လေ့လာခွင့်ရခဲ့လေသည်။ လက်ဝဲသုန္ဒရ၏ နန္ဒီသေနပျို့၊ သာဓိနပျို့၊ သေနင်္ဗျူဟာပျို့၊ ဗျူဟစက္ကပျို့များကို အခေါက်ခေါက်အပြန်ပြန် ဖတ်ခဲ့သည်။

နိုင်ငံတော် မြေပုံနှင့် နယ်စပ်ဒေသ မြေပုံပေါင်းများစွာတို့ကိုလည်း လေ့လာရုံမျှမက ကူးယူ ရေးဆွဲရသည်။ ထိုမှတစ်ဆင့် စစ်ချီ၊စစ်ခံ၊စစ်ကပ်၊စစ်လှန့်၊စစ်ထိုး၊ စစ်ဆုတ်ဆိုင်ရာ သေနင်္ဗျူဟာများကိုလည်း အနက်ဖော်ပုံချပ်များဖြင့် ဆည်းပူးခွင့်ရခဲ့သည်။

တစ်ခါတစ်ခါ သူက ကုန်းကြောင်း၊ ရေကြောင်းတိုက်ပွဲများဆိုင်ရာ မေးခွန်းပုစ္ဆာများကို မြေပုံချပ်နှင့်တကွ စစ်ဆေးမေးမြန်းတတ်သည်။ ကျွန်ုပ်က မိမိတပ်များ အောင်မြင်ရေးအတွက် မည်သို့သော သေနင်္ဂကို မည်သို့မည်ပုံ အသုံးပြုမည်ဖြစ်ကြောင်း မြေပုံကားချပ်နှင့်တကွ ပြန်လည်ဖြေကြားရသည်။

ကျွန်ုပ်တို့၏ အမေးအဖြေ ပုစ္ဆာတိုင်းတွင် ရန်သူ့ပြယုဂ်မှာ 'ဗြိတိသျှတပ်များ'ပင် ဖြစ်လေသည်။

ထို့ပြင် မဏိပူရစစ်ပွဲကာလက ရရှိခဲ့သည့် ရန်သူ့

www.burmeseclassic.com



အမြောက်စိန်ပြောင်း လက်နက်များ အကြောင်းကိုလည်း လေ့လာရသေးသည်။

လက်နက်များ ပြုလုပ်ထားပုံ၊ အစွမ်းထက်ပုံ စသည်များသာမက ယမ်းပြုလုပ်နည်း၊ အမြောက်စိန်ပြောင်း နေရာယူနည်း၊ ပစ်ခတ်နည်း၊ ချိန်ရွယ်နည်းများပါ မကျန် ကျက်မှတ်ရလေသည်။

အိပ်ရာပေါ်က မဆင်းရသော လူမမာအဖြစ် စစ်မှုရေးရာများကို လေ့လာသင်ကြားနေသည့် အချိန်များသည် လောကသစ်တစ်ခုသို့ မျက်မှောက်ပြုရသော ကာလပင် ဖြစ်တော့သည်။

ကျွန်ုပ် သက်သာပျောက်ကင်း ပြုလာချိန်မှာပင် 'အာသံအရေး' ပေါ်ပေါက်ခဲ့လေသည်။ အာသံအရေးနှင့် ပတ်သက်၍ သူက ထုံးစံအတိုင်း ကျွန်ုပ်ကို တိုတိုရှင်းရှင်းဖြင့် တိကျစွာ ပြောပြခဲ့သည်။

"အာသံစော်ဘွား၊ ချန္ဒရာကန္တဆင်းနဲ့ မင်းပြိုင် ပူရန်ဒါဆင်းတို့ချင်း ထီးနန်းရေး ရှုပ်ထွေးခဲ့ကြတာ၊ အပြန်အလှန် တိုက်ခဲ့ကြတာတွေကို ကိုရင်သိပြီးပြီ၊ ချန္ဒကန္တဆင်းဟာ ကျုပ်တို့ရဲ့ လက်အောက်ခံပဲ၊ သူ့ကို အာသံ ထီးနန်းပြန်ရဖို့ ကျုပ်တို့ နှစ်ကြိမ်တိုင်တိုင် အကူအညီ

www.burmeseclassic.com



ပေးခဲ့တယ်။ ဒါပေမယ့် အခု သူဟာ သစ္စာဖောက်ဖြစ်သွားပြီ။ ငွေကြေး၊ လက်နက်နဲ့ ကြေးစားစစ်သည်တွေကို တစ်ခြား နိုင်ငံတစ်ခုဆီက သူရယူပြီး ကျုပ်တို့ကို ထောင်ထား ခြားနားလာတယ်''

''ဗြိတိသျှတွေဆီက သူရတာ မဟုတ်လား''

''ဟုတ်တယ်၊ ဗြိတိသျှတပ်တွေကိုယ်တိုင် ဂူရဟတ်မြို့နားမှာ တပ်အခိုင်အမာ ချနေကြတယ်''

''ဂူရဟတ်…ဟုတ်လား မင်းကြီး၊ အာသံထဲက ဂူရဟတ်လား''

သူ့ကျေးဇူးကြောင့် နယ်စပ်မြေပုံများရှိ ဒေသများကို ကျွန်ုပ် ကောင်းစွာ ရင်းနှီးနေပြီ ဖြစ်သည်။

''ဟုတ်တယ်၊ အာသံဗိုလ်မှူး မဟာသီလဝ လွန်ခဲ့တဲ့ သုံးရက်ကပဲ နေပြည်တော်ကို ရောက်နေတယ်။ အာသံစော်ဘွားနဲ့ဗြိတိသျှအရေးကို ဗိုလ်မှူးမဟာသီလဝက အပြည့်အစုံ လျှောက်တင်ခဲ့တယ်''

အာသံသို့ နှစ်ကြိမ်စစ်ချီခဲ့ဖူးကြောင်း ကျွန်ုပ် မှတ်မိလိုက်သည်။ ထိုစစ်ကြောင်းများ၌ ကျွန်ုပ် မပါဝင်ခဲ့ပေ။ နတ်ရွာစံဘိုးတော်ဘုရားလက်ထက်က ဖြစ်ပေသည်။

''အာသံစစ်ပေါ်ဖို့ ရှိသလားမင်းကြီး''

www.burmeseclassic.com



သူဘာမှ ပြန်မဖြေဘဲ ခါးစည်းကြိုး၏ အထက် ကိုယ်ကျပ်အတွင်းဘက်သို့ လက်နှိုက်သည်။ ပြန်ထုတ်လိုက်သော သူ့လက်ထဲတွင် တွေ့ရသည်ကား ဟင်္သာပြဒါးရောင် တောက်နေသော စာချွန်ဗူးတစ်ခု။

စာချွန်ဗူးကို ကျွန်ုပ်ထံလှမ်းပေးသည်။

"မင်းတရားရဲ့ အမိန့်တော်စာပါတယ်"

စာချွန်ဗူးကိုဖွင့်၍ အထဲမှ စာချွန်လိပ်ကို ကျွန်ုပ် ဖြန့်ကြည့်လိုက်သည်။

"ဘုန်းတော်ကြီးမြတ်တော်မူသော ဘကြီးတော် ဘုရား အမိန့်တော်သက်ရောက်လိုက်သည်မှာ အလုံမြို့ဝန် မင်းကြီးမဟာဗန္ဓုလအား ဗိုလ်ချုပ်အဖြစ်ဦးစီးစေလျက် အာသံသို့ စစ်ပြုချီတက်၊ အရေးတော်ကုန်စင်အောင် ထမ်းရွက်ရမည်"

သဝဏ်ကို ဖြန့်ကိုင်ရင်း ကျွန်ုပ်ထက်သန်စွာ မေးလိုက်မိသည်။

"မင်းကြီး...ကျုပ်ကောဟင်... ကျုပ်..."

"ဗိုလ်နေမျိုးရဲခေါင်ကျော်ဟာ ကျုပ်ရဲ့စစ်ကဲနားခံအဖြစ် အာသံကို လိုက်ပါရမယ်"

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၂

စစ်ကဲနားခံတော်ဗိုလ်အဖြစ် ကျွန်ုပ်တစ်ချိန်လုံး သူနှင့်နီးကပ်စွာ ရှိခဲ့ရသည်။

ပထမဆုံး သူ့အမိန့်အရ ကျွန်ုပ်လုပ်ရသော တာဝန်ကား စစ်ချီအမိန့်တော်ဆင့်စာကို သူ့နှုတ်မှရွတ်သည့်အတိုင်း ပုရပိုက်ပေါ်တွင် ကညစ်နှင့်လိုက်ရေးရသည့်အလုပ် ဖြစ်လေသည်။

မျက်စိအစုံကို မှိတ်လျက်အထစ်အငေါ့မရှိ ပကတိ ချောပြေစွာ သူရေရွတ်လေသည်။

"တပ်ပါဗိုလ်၊စစ်ကဲ၊နာခံ၊ တပ်မှူးတို့အမိန့်တော်နှင့် အာသံကြောင်း ချီမည်။



BURMESE CLASSIC .com

www.burmeseclassic.com



လိုက်ပါထမ်းရွက်သင့် ရဲမက်တို့မှာ မျက်စိမှုန်မွဲ၊ တိမ်မျက်ခမ်းစပ်၊ ပန်းနာဒူလာအားကြီး၊ ကြက်ဝက်မှင်တက်ရောဂါ၊အိပ်ရာယောင်ယမ်း၊ ဦးဆံရှုပ်ထွေး၊ကိုယ်ထက်ဒူးရှည်၊ပေါင်ရှည်၊ခြေသိမ်၊လက်သိမ်၊အသက်နှစ်ဆယ် မပြည့်သူ၊အသက်ငါးဆယ်ကျော်သူ၊ထိုသူတို့ကို တပ်ပါရဲမက်ဆို၍ အခန့်အထားမရှိစေနှင့်၊ ဆိုခဲ့သည်လူကို ချန်လှပ်။

တပ်တော်ပါသင့်သော လူတစ်ကိုယ်လျှင် နှစ်ပြည်ဝင်ဆန်စလွယ်တစ်၊လွှာဖိနပ်၊ဆူးထွင်အပ် ကိုယ်စီပါစေ။ အသီးသီးလက်နက်ကိုင်ကျသည့် မြို့ကျေးရွာတို့သို့ စာတိုစာရှည်နှင့်ဆင့်။

လက်နက်ကိုင်သူတို့ ရွှေဖဝါးတော်အောက်ရောက်၍ တပ်စည်းကြပ်သည့်ကာလ၊ ငါးယောက်ကိုတစ်အိုးစားအဖွဲ့၊ တစ်အိုးစားလျှင် မိုးကာတစ်၊မယ်နလေး၊ကြေးအိုးတစ်၊ ဓားမတစ်၊ ပုဆိန်တစ်၊ တူးရွင်း ဓောက်တစ်၊ အပြားတစ်၊ဓောက်ခုံးတစ်၊စူးလွန်တစ်၊ လက်ရိုက်တစ်ပါစေပြီးလျှင် ရဲမက်သေနတ်တစ်လက်လျှင် ဘန့်ပွေးကြိုးသုံးလွန်းတင် အရှည်ခုနှစ်ထောင်၊ နားခွက်ဆေးချိန်တစ်ဆယ်သား၊ ကျည်ယမ်းတစ်ပိဿာ၊ ကျည်လုံးရေ



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ရာ၊ ယမ်းတောင့်ငါးဆယ်၊ မီးကျောက်ပြားငါး၊ ဒုန်းကုလား ကျောက်ဆတ်တစ်၊ အုန်းဆံကာပတ်များ ပါစေ.....................................
.........................................
........................................”

သည်မျှ တိကျစေ့စပ်လှသော စစ်ရေးပြင်ဆင်မှု အစီအရင်များကို သူဘယ်တုန်းက ဘယ်သို့ ဘယ်လို စဉ်းစားစိတ်ကူးခဲ့သည်လည်းမသိ။ သို့သော် ကျွန်ုပ်မှာ သူရွတ်သွားသမျှကို မီအောင်လိုက်ရေးနေရသဖြင့် အံ့သြချိန် မရလိုက်ပေ။

တပ်စုတပ်ဖွဲ့အင်အား၊ ချီတက်စဉ်ကာလ တပ်ဦး တပ်ဖျား အဆက်အသွယ်၊ကင်းတိုကင်းရှည် အစောင့် အနေအလုံးစုံကို အကြွင်းအကျန်မရှိ ထောင့်စေ့အံ့စေ သူ တွေးတောတတ်ပါပေသည်။

“.................. တပ်ပါအရာရှိတို့ ဓားစွဲ ကိုင်ပြီးဗိုလ်ချုပ်ထံ ညဥ့်ယံမအိပ်မီဝင်ထွက်ခစား၊ အရေး တော်၊တိုက်ရေး၊လှန်ရေး၊ လုပ်ကြံရေးတို့ကို၊ စောစော လျင်လျင် ဆေးဆေးလေးလေး လုပ်ကြံသင့်မသင့် သဘော ထင်မြင်သမျှတိုင်ပင်ကြစေ၊ သည်အတိုင်း



BURMESE CLASSIC .com

www.burmeseclassic.com



တပ်ပါ အရာရှိတို့ကိုဆင့်၊ ဗိုလ်ချုပ်မင်းကြီး မဟာဗန္ဓုလ အမိန့်တော်ဆင့်ဆိုလိုက်သည်။''

ပုရပိုက်ပေါ်တွင် ကျွန်ုပ်၏ကညစ်နောက်ဆုံး စာလုံးကို ရေးပြီးပြီးချင်း သူကအမိန့်ပေးသည်။

''ဆိုင်ရာ နားခံတော်တွေဆီ အမိန့်တော်ဆင့်စာ ပို့လိုက်ပါ ဗိုလ်ရဲခေါင်ကျော်''

ကျွန်ုပ်၏ဘွဲ့မည် နေမျိုးရဲခေါင်ကျော်ကို သူက 'ဗိုလ်ရဲခေါင်ကျော်'ဟု ခေါ်လိုက်သည်။ နားထဲတွင်ဆန်း သလိုလိုရှိသော်လည်း ဤအခေါ်အဝေါ်ထဲ၌ အမိန့်နှင့် သံယောဇဉ်နှစ်ခုစလုံး ပါနေသည်ဟုထင်ပြီး ကျွန်ုပ် ကျေနပ်ရလေသည်။

''ဒီနေ့ လဆုတ်ရှစ်ရက်၊ ဥပုသ်နေ့။ ကျွန်ုပ်တို့ လပြည့်ကျော် ဆယ့်တစ်ရက်နေ့ချီတက်မယ်၊ တပို့တွဲလ ဆိုတော့ အာသံပြည် ရူရဟတ်အထိအရောက် ခရီးတစ် လျှောက်လုံး ရာသီကြမ်းနဲ့ တွေ့ရလိမ့်မယ်''

လပြည့်ကျော် ဆယ့်တစ်ရက်နေ့တွင် ကျွန်ုပ်တို့ တပ်များနေပြည်တော်မှ စတင်ထွက်ခွာခဲ့ကြသည်။ လက်ဝဲစစ်ကဲအဖြစ် ဗိုလ်ရာဇမင်းခေါင်၊ လက်ျာစစ်ကဲ အဖြစ် ဗိုလ်နေမျိုးလှသူရိန်၊ တပ်ရေးအဖြစ် လက်ဝဲသီဟ



BURMESE CLASSIC .com

www.burmeseclassic.com



နော်ရထာနှင့် နေမျိုးကျော်တင် အာသံဗိုလ်မှူးကြီး မင်းကြီး မဟာသီလဝ၊ နားခံမင်းကြီးနန္ဒကျော်ထင်၊ တပ်ရေး နေမျိုးသူရသံတိုင်တို့က ဝမ်းလှိုင်ကြောင်းဖြင့် ချီခဲ့ကြလေသည်။

ကျွန်ုပ်တို့တပ်များအားလုံးမှ အင်အား လေးထောင်သာရှိသည်။ ဆင်နှစ်ဆယ်သာပါသည်။ မြင်းက ငါးရာ၊ တစ်ခုသော အကြောင်းခြင်းရာကို ကျွန်ုပ်တွေးမိနေသည်။ အာသံသို့နှစ်ကြိမ်ချီခဲ့ဖူးသည်။ ထိုစဉ်ကအလုံးအရင်းနှင့် ယခုအလုံးအရင်းကွာခြားလှချေသည်။ ပထမအကြိမ်က အင်အားတစ်သောင်းခုနှစ်ထောင်၊ မြင်းတစ်ထောင့်ခုနှစ်ရာဟု မှတ်သားရဖူးသည်။ ဒုတိယအကြိမ်တုန်းကလည်း ထိုနည်းနှင်နှင်။ ယခုမူကား ထိုအကြိမ်များထက် အင်အားလေးဆမျှ လျော့နည်းနေသည်။

သို့သော်... စစ်ချီသည့်နေ့က သူပြောခဲ့သော စစ်ချီမိန့်ခွန်းကို နားထောင်လိုက်ရသောအခါ ကျွန်ုပ်၏ သံသယများ ရှင်းသွားခဲ့လေသည်။

"ပထမနှစ်ကြိမ်တုန်းက ငါတို့ဟာ အာသံဘုရင် ချန္ဒရာကန္တဆင်းကို တွန်းလှန်ဖို့ဖြစ်တယ်။ ဒီကွာခြားမှုမှာပဲ ငါတို့စိတ်ဓာတ်ဟာ လေးဆမက တိုးမြင့်တက်ကြွ



BURMESE CLASSIC .com

www.burmeseclassic.com



နေပြီလို့ ယုံကြည်ရမယ်”

မှန်ပေသည်။ ကျွန်ုပ်တို့အားလုံး ‘ရွေးလူ’ချည်း ဖြစ်သည်။ အဘက်ဘက်တွင်ပြည့်စုံကုံလုံသော စစ်သည်တော်ကောင်းချည်းဖြစ်သည်။ ထို့အပြင်လည်း အိုးစားရဲမက်ငယ်မှအစ၊ တပ်မှူးအလယ်၊ဗိုလ်မှူးအဆုံးအလုံးစုံသော သူရဲကောင်းတို့သည် သူ့အုပ်ချုပ်မှုအောက်တွင် နာခံကြမည်ဟူသော စိတ်ဓာတ်အရာ၌ ဆံချည်တစ်မျှင်အစွန်းအရွေ့မထွက်။ တညီတညွတ်တည်း မိုးကောင်းသို့ ကျွန်ုပ်တို့ ရောက်ခဲ့ကြပေပြီ။

မိုးကောင်းတွင် အံ့သြစရာကောင်းသော ဖြစ်ရပ်တစ်ခုကို ကြုံရလေသည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၃

မိုးကောင်းတွင် တစ်ညဉ့်အိပ်တပ်ချပြီး နောက်တစ်နေ့နံနက်စောစော ဆက်ချီရမည်ဖြစ်သည်။ သူ့တဲအတွင်း တပ်မင်း၊နားခံ၊စစ်ကဲများ စုံညီစုဝေးတိုင်ပင်နေကြချိန်မှာပင် ကင်းစောင့်ရဲမက်တစ်ယောက်က ကျွန်ုပ်အနီးသို့ကပ်၍ ပြောလာသည်။

''ဗိုလ်မင်း... တောင်စားစော်ဘွားဗိုလ်တစ်ယောက်က ဗိုလ်ချုပ်ကို တွေ့လိုကြောင်းခွင့်တောင်းနေပါတယ်''

''ဘယ်သူ...''

''ကချင်သိန်းပေါ် တောင်စားစော်ဘွား ဗိုလ်တစ်ယောက်ပါ''



BURMESE CLASSIC .com

www.burmeseclassic.com



ကျွန်ုပ်တဲအပြင်ထွက်ခဲ့သည်။ တပ်စခန်းတစ်ဘက်တွင် တွေ့လိုက်ရသည်ကား ရဲမက်တစ်ထောင်ခန့် တပ်ကြီးတစ်တပ်။ တပ်ရှေ့တွင် ဗိုလ်တစ်ဦး။

ကျွန်ုပ် လျှောက်လာခဲ့သည်။

အသက်လေးဆယ်ခန့်၊ အသားလတ်လတ်၊ နှုတ်ခမ်းမွေးကျင်စွယ်နှင့် ပြုံးရွှင်သောမျက်နှာရှိသည့် ထိုလူက ကျွန်ုပ်ကို လက်ဆန့်တန်း၍ နှုတ်ဆက်သည်။

"ကျုပ်… မိုးကောင်းအထက်၊ ကချင်သိန်းပေါ်ဒေသက တောင်စားစော်ဘွားဖြစ်ပါတယ်။ ဗိုလ်နေမျိုးသိန်ပရာဇာလို့ ခေါ်ပါတယ်"

"ဟုတ်ကဲ့… ဗိုလ်မင်းအကြောင်းကိုလဲ မဏိပူရ စစ်ပွဲနဲ့ပတ်သက်ပြီး သိထားပါတယ်"

"ဗိုလ်မင်းကိစ္စက"

"မင်းကြီးမဟာဗန္ဓုလဦးစီးပြီး အာသံကို စစ်ချီကြမယ်လို့ သိထားပါတယ်။ ဒီနေ့မိုးကောင်းကိုရောက်မယ်လို့ သတင်းရတဲ့အတွက် ဆင်းတွေ့ပါတယ်။ကိစ္စက မင်းကြီးရဲ့ အုပ်ချုပ်မှုအောက်မှာ လိုက်ပါပြီးအာသံစစ်ပွဲမှာ အမှုတော်ထမ်းချင်လို့ပါပဲ ဗိုလ်မင်း၊ ကျုပ်မှာ အင်အားတစ်ထောင်ပါပါတယ်"



BURMESE CLASSIC .com

www.burmeseclassic.com



စိတ်အားထက်သန်စွာ ပြောနေသောကြောင့် ကျွန်ုပ်အစဉ်းစားရကျပ်သွားသည်။ ကျွန်ုပ်တို့တပ်များမှာ အမိန့်တော်ဆင့်စာထုတ်ပြန်၍ 'ရွေးလူ'ဖွဲ့ခဲ့ပြီးသား ဖြစ်သည်။ စစ်ချီကြောင်းတစ်နေရာ လမ်းခွတ်လပ်တွင် တွေ့လာရသောတပ်တစ်တပ်ကို လက်ခံရန်မှာမလွယ်ကူ သောကိစ္စ။

"ဗိုလ်မင်း… ကျုပ်ရဲ့ အသွေးအသားနဲ့တကွ ဟောဒီက ချင်းတောင်တန်းကြီးတွေကို သစ္စာပြုပြီးပြော ပါတယ်။ ကျုပ်တို့အာသံစစ်မှာ ဝင်ချင်လို့ပါ၊ ဗိုလ်မင်းရဲ့ မင်းကြီးကို ပြောစမ်းပါ"

သူ့လေသံ၊ သူ့အသွင်များ၌ ပကတိရိုးသားပွင့် လင်းသော အဓိပ္ပာယ်ကို အတိုင်းသားတွေ့နေရပြန်သည်။ ကျွန်ုပ်တစ်ဦးတည်းအဖို့မူ ထိုတောင်စား စော်ဘွားကို နှစ်လိုသည် အမှန်ပင်။သို့သော်… တိကျပြတ်သားစွာ ကွပ်ညှပ်စီမံလာခဲ့သော ကျွန်ုပ်တို့တပ်တွင် နောက်ထပ် အင်အားတစ်ထောင်ကို ဖြည့်သွင်းဖို့ အရေးမှာ…

ကျွန်ုပ်စဉ်းစားနေခိုက်တွင် တောင်စားစော်ဘွား သည် သူ့တပ်မှူးတစ်ယောက်ကို ခေါ်လိုက်သည်။တပ်မှူး ရောက်လာပြီးသူ့လက်ထဲသို့ တစ်စုံတစ်ခုလှမ်းပေးသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ရွှေခွက်တစ်ခု။ ခွက်ထဲတွင် ရဲရဲနီသော အရည်များ။

"ဗိုလ်မင်း… ဒီခွက်ထဲက သွေးတွေဟာ ကျုပ်တို့အားလုံးရဲ့ လက်မောင်းသွေးတွေ ဖြစ်ပါတယ်။ အခုလဲ…"

သူ့စကား အဆုံးမသတ်။ လျှင်မြန်လွန်းသော လှုပ်ရှားမှုတစ်ခု ရိပ်ကနဲသူ့ထံမှ ပေါ်လာသည်။ ခါးချပ်မှ ဓားမြှောင်ကိုထုတ်၍ သူ့လက်ဖဝါး လက်သန်းအောက်ခြေကို ဓားဦးဖြင့် ထိုးစိုက်ကာ ထွက်ကျလာသော သွေးစက်များကို ရွှေခွက်တွင် ခံလိုက်ခြင်းပေတည်း။

ထို့နောက် စော်ဘွားသည် ကြောက်မက်ဘွယ် ကျိန်စာများကို ရွတ်ဆိုကာ ရွှေခွက်ထဲမှ သွေးကိုသောက်ချလိုက်လေသည်။

ကျွန်ုပ်အလုံးစုံကို ရှင်းလင်းသဘောပေါက်သွားခဲ့ပေပြီ။ လက်မောင်းသွေးမက၊ လက်ဝါးသွေးကိုသောက်သော သွေးသောက်ကား သာမညမဟုတ်ချေတကား‥။

"ကျုပ်နဲ့ လိုက်ခဲ့ပါ‥ ဗိုလ်မင်း"

သူ့ကို တဲထဲသို့ခေါ်ခဲ့သည်။ မင်းကြီးရှေ့သို့ ချက်ချင်းဝင်၍ ကျွန်ုပ်မဆိုင်းမတွ ပြောလိုက်သည်။

www.burmeseclassic.com



“မိုးကောင်းအထက်၊ ကချင်သိန်းပေါ်ဒေသက၊ တောင်စားစော်ဘွား ဗိုလ်နေမျိုးသိန်းပရာဇာပါ၊ သူ့အင်အား တစ်ထောင်နဲ့ မင်းကြီးရဲ့အုပ်ချုပ်မှုအောက်မှာ လိုက်ပါပြီး၊ အာသံစစ်ပွဲအမှုတော်ထမ်းလိုကြောင်း တောင်းဆိုလာပါတယ်။ သွေးသောက် သစ္စာဆိုခဲ့ပါတယ်...”

မင်းကြီးက ကျွန်ုပ်ကို မျက်မှောင်ကြုတ်၍လှမ်းကြည့်သည်။ ထို့နောက် တောင်စားစော်ဘွားကို ကြည့်သည်။ ထို့နောက် သူ့မျက်လုံးများ ကျွန်ုပ်ဆီပြန်ရောက်လာသည်။ သူနှင့်ကျွန်ုပ်အကြည့်ချင်း ထွင်းဖောက်မတတ် ဆုံနေကြသည်။ သူ့မျက်လုံးများဆီမှ မေးခွန်းများကို ကျွန်ုပ်ကလည်း တိတ်ဆိတ်နက်ရှိုင်းစွာပြန်ဖြေသည်။

ကျွန်ုပ်ပြောလိုသော စကားအနက်အရှိုင်းကိုသူနားလည်ရမည်ဟု ကျွန်ုပ်ယုံကြည်ထားသည်။ အကြောင်းမူ သူ့မျက်ဝန်းရိပ်များဆီက သဘောထားကိုလည်းကျွန်ုပ်နားလည်သောကြောင့်ပင်။

ကြာမြင့်စွာသော အကြည့်ချင်းဆုံနေမှုကိုသူက မျက်တောင်တစ်ချက် ပုတ်၍အဆုံးသတ်သည်။ သူ့နှုတ်ခမ်းများ လှုပ်ရှားလာသည်။



BURMESE CLASSIC .com

www.burmeseclassic.com



“လက်ဝဲစစ်ကဲ ဗိုလ်ရာဇမင်းခေါင်တပ်နဲ့အတူ လိုက်ပါစေ”

တောင်စားစော်ဘွား ဗိုလ်နေမျိုးသိန်းပရာဇာသည် ကျွန်ုပ်ကိုတင်းတင်းကျပ်ကျပ် ပွေ့ဖက်၍ ညာဘက်ရင်အုပ်အပေါ်သို့ နမ်းရှုပ်လေသည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၄

မိုးကောင်းမှတစ်ဆင့် ကချင်တောင်တန်းများ၊ ချင်းတောင်တန်းများ၊ နာဂတောင်တန်းများ...။

မြင့်မားလှသော တောင်တန်းကြီးများ၊ ထူထပ်လှသော တောနက်ကြီးများကား တစ်ခုကိုဖြတ်ကျော်ပြီးတိုင်း နောက်တစ်ခုက ဆီးကြိုနေသည်။

ရိက္ခာအဖို့မူ ကျွန်ုပ်တို့တွင် ပါလာခဲ့သော အကြော်၊အမဲ၊ထမင်းခြောက်အပြင် တောထဲတွင်တွေ့ရသမျှသော စားကောင်းသည့် သစ်ဥသစ်ဖုနှင့် တောကောင်များကိုပါ ရှာဖွေပစ်ခတ်စားသောက်နိုင်ကြသဖြင့် မထောင်းသာလှ။



BURMESE CLASSIC .com

www.burmeseclassic.com



ခရီးမှာ ရှေ့တိုးလေလေ၊ တောနက်လေလေ၊ တောင်မြင့်လေလေ ဖြစ်လာသည်။ အထူးသဖြင့်ကား လက်သန်းခန့်ရှိ တောခြင်ကြီးများနှင့် စရည်းအိုးခန့် ကြီးမားသော ပျားအုံထက်မှ တောကြီးပျားများ၏ အန္တရာယ်ကား အဆိုးရွားဆုံး ဖြစ်လေသည်။

ထိုအခါမှာပင် အမိန့်တော်ဆင့်စာ၌ ကြပ်ကြပ်မတ်မတ် ဖိဖိစီးစီးအမိန့်ပေးကာ သူ လူရွေးခဲ့သည့် အဓိပ္ပာယ် ကိုပို၍ သဘောပေါက်မိသည်။

ကျွန်ုပ်တို့လူအားလုံးမှာ ဆန်ခါတင်လက်ရွေး အမာခံများချည်းဖြစ်ပေရာ အန္တရာယ်မှန်သမျှကို ကြံ့ကြံ့ခံနိုင်ကြသည်။သူကိုယ်တိုင်မှာလည်း အသွေးအသားနှင့် မဟုတ်မူဘဲ သံတွေသံခဲဖြင့် ဖွဲ့စည်းထားသည့်အလား အနာအဖျား အထိအခိုက် တစ်ချက်ကလေးမျှ မရှိ။ ပကတိ မာကျောသန်စွမ်းလှချေသည်။

စစ်ချီကြောင်းတွင် ကျွန်ုပ်တို့ အပင်ပန်း၊ အဆင်းရဲဆုံးကား သူ့အမိန့်ဖြင့် 'ဖောင်ပန်လှေတက်'များ ဆောက်လုပ်ကြရခြင်းပေတည်း။ ဖောင်ပန်လှေတက်များကို တပ်ဖွဲ့အလှည့်ကျ ဆောက်လုပ်ကြရသည်။သစ်လုံးဖောင် တစ်ဘက်တစ်ချက်စီရံသည့် တိုက်လှေအသွင်လှေများကို

www.burmeseclassic.com



ဆောက်ရာသို့ သူကိုယ်တိုင် လှည့်လည်ကြီးကြပ်သည်။

ထိုလှေများကို ဆင်များပေါ်တင်ခြင်း၊ ဖောင်ပန်လှေတက်သယ်လာသော ဆင်များကို တောကြီးတောင်ကြီးထဲတွင် မောင်းနှင်ချွန်းကိုင်ရခြင်းများမှာ ကျွန်ုပ်ကိုယ်တိုင်ပါဝင်ခဲ့၊ ကျွန်ုပ်ကိုယ်တိုင်သယ်ဆောင်ခဲ့၊ ကျွန်ုပ်ကိုယ်တိုင် ဖောင်ပန်လှေတက်များနှင့်အတူ ဂူရဟတ်သို့ ရောက်ရှိခဲ့သောကြောင့်သာ အမှန်တကယ်ဖြစ်ရပ်ပေတည်းဟု ယုံကြည်နိုင်ခြင်း ဖြစ်သည်။

အခြားသူတစ်ယောက်က ဤမျှမြင့်မားသီခေါင်သော တောင်တန်းအထပ်ထပ်၊ တောင်အထပ်ထပ်ကို ဖောင်ပန်လှေတက်တင်သည့် ဆင့်များဖြင့် ဖြတ်ကျော်ကူးရောက်ခဲ့ပါသည်ဟုဆိုလာလျှင် ထိုသို့ပြောလာသူသည် မင်းကြီးမဟာဗန္ဓုလပင် ဖြစ်စေဦးတော့ ကျွန်ုပ်ယုံမည်မဟုတ်။

သို့နှင့်အမျှပင် ခက်ခဲကြမ်းတမ်းသော စစ်ချီလမ်းကြောင်းကြီးကိုချီ၍ ဂူရဟတ်မြို့အစွန်တောအုပ် 'နော်ဂေါင်း'မြစ်အနီးသို့ ကျွန်ုပ်တို့တပ်များ ရောက်ရှိတပ်စွဲခဲ့ကြသည်။

တပ်စွဲစခန်းချသည့်နေ့မှာ တပေါင်းလပြည့်



BURMESE CLASSIC .com

www.burmeseclassic.com



ကျော် သုံးရက်နေ့ဖြစ်သည်။ ကျွန်ုပ်တို့ နေပြည်တော်မှ ထွက်ခွာခဲ့သည့်နေ့မှာ တပို့တွဲလပြည့်ကျော် ဆယ့်တစ်ရက်။ စစ်ချီကာလမှာ တစ်လပင်မပြည့်။

လက်ယာစစ်ကဲကြီး၊ နတ်စုလက်ဝဲဗိုလ်နေမျိုးမင်းလှသူရိန်က နော်ဝေါင်းမြစ်ကမ်းခြေသို့ ခြေတင်မိလျှင် တင်မိချင်းမှာပင် တအံ့တသြ ရေရွတ်လေသည်။

"အလိုလေး၊ ကျုပ်တို့ရှုရပဟာတ်ကို ရောက်လာကြပြီ။ တောတောင်အထပ်ထပ်၊ ရာသီကြမ်း၊ ခရီးကြမ်း အန္တရာယ်အသွယ်သွယ်ဖြတ်ပြီး ကျုပ်တို့ရောက်လာကြပါပကော၊ကြည့်စမ်း၊တပ်ချီချိန်ဟာ တစ်လတောင် မပြည့်ပါလား၊ မယုံနိုင်စရာပါလားဟေ့၊ပြီးခဲ့တဲ့နှစ်ကြိမ်တုန်းက လေးလ…လေးလ ကြာခဲ့တယ်၊ အခုကြည့်စမ်း၊တစ်လတည်းနဲ့ရောက်လာကြပြီ၊ မင်းကြီးမဟာဗန္ဓုလဟာ တန်တော့ လူယောင်ဆောင်ထားတဲ့ နတ်ဘီလူးစစ်သည်ပဲ ဖြစ်ရမယ်"

နော်ဝေါင်းမြစ်ကမ်းခြေတွင် ကျွန်ုပ်တို့တပ်စွဲပြီး နောက်တစ်နေ့မှာပင် စစ်ထိုးသည်။ ရန်သူအာသံဘုရင်သည် အင်အားသုံးသောင်းကျော်ဖြင့် ဆီး၍ခုခံလေသည်။

သို့သော် သူ့အစီအရင်ဖြင့် စစ်ကြောင်းသုံး



BURMESE CLASSIC .com

www.burmeseclassic.com



ကြောင်းဖြန့်၍ ကျွန်ုပ်တို့ တိုက်ကြသည်ဖြစ်၍ တိုက်ပွဲကာလမှာ ဘာမှမကြာလိုက်။ ချန္ဒရာကန္တဆင်း၏ကုလားစစ်ဗာရီနှစ်သောင်းကျော် အတုံးအရုံး ကျဆုံးလေသည်။

ရာသီဥတု ဆိုးရွားနေချိန်တွင် ကျွန်ုပ်တို့တပ်များ ရောက်လာခြင်းကပင် ရန်သူ့အပေါ် စိတ်ဓာတ်အရာ ကျွန်ုပ်တို့က ကြိုတင်အောင်ပွဲခံနိုင်ခဲ့ပြီး ဖြစ်သည်။

စစ်ဗာရီသေနတ်သမားတို့သည် ကျွန်ုပ်တို့ကို ပစ်ခတ်နေကြသော်လည်းသူတို့၏ရန်သူမှ ဟုတ်ပါလေစဟု ထင်နေကြဟန်ရှိသည်။

တိုက်ပွဲသုံးရက်အပြီးတွင် ချန္ဒရာကန္တဆင်းနှင့်သူ့တပ်များသည် နော်ဂေါင်းမြစ်ကြောင်း၊ ယမုံနာမြစ်ကြောင်းအတိုင်းလှေများဖြင့် စုန်ဆင်းထွက်ပြေကြသည်။ သို့သော် ကျွန်ုပ်တို့က လက်ဦးမှုရယူထားခဲ့ကြပြီ။

ဆင်များဖြင့် ခက်ခက်ခဲခဲ တင်ဆောင်လာခဲ့သော ဖောင်ပန်လှေတက်များ၏ အသုံးဝင်ပုံကို ယခုမှ သိကြရတော့သည်။ မြစ်ညာမြစ်အောက်များတွင် သူ့အမိန့်အတိုင်း သူညွှန်ပြသည့် နေရာများအတွင်းအသင့်ဆင်ထားပြီးဖြစ်သည့် ကျွန်ုပ်တို့၏ ဖောင်ပန်လှေတက်များကို ရန်သူတို့ မလွန်မြောက်နိုင်။



BURMESE CLASSIC .com

www.burmeseclassic.com



ကစဥ့်ကလျား စုန်ပြေကြသော ရန်သူ့လှေများကို ကျွန်ုပ်တို့က တိုက်ခိုက်နှစ်မြှုပ်ပစ်လိုက်ကြသည်။

ဤလှေတိုက်ပွဲတွင် ထူးထူးခြားခြားအစွမ်းပြခဲ့သူကား မယုံနိုင်စရာ တောင်တန်းသားစစ်သည်ဖြစ်သော တောင်စားစော်ဘွား ဗိုလ်ချုပ်နေမျိုးသိန်ပရာဇာဖြစ်သည်။ ဗိုလ်နေမျိုးသိန်ပရာဇာသည် ကြီးမားလှသော သူ့ဒူလေးကြီးကို အဆက်မပြတ်ပစ်ခတ်ကာ ရန်သူ့လှေနောက်သို့ ထက်ကြပ်လိုက်တိုက်သည်။ သူ့လှေဦးသည် တစ်ခါတစ်ရံ ရန်သူ့လှေပဲ့ပေါ်သို့ မေးတင်လုနီးအထိသူ အနီးကပ်တိုက်သည်။

နောက်ဆုံး ကျန်ရစ်ခဲ့သော ရန်သူ့လှေနောက်သို့ သူ မြစ်ကမ်းပေါ်မှ မြင်းနှင့် အမီလိုက်ပြီးရန်သူများကို ချေမှုန်းခဲ့သည်။

ဒူးလေးကြီးကိုထမ်း၍ ပြန်လာသော သူက စစ်သွေးတို့ဖြင့် ရဲရဲနီနေသော မျက်လုံးကြီးများကိုတဖျပ်ဖျပ် ပုတ်ခတ်ကာ ပြောလေသည်။

"ဖောင်ပန်လှေတက်တွေလုပ်ပြီး ဆင်နဲ့ ခက်ခက်ခဲခဲ တင်လာကတည်းက ဗိုလ်ချုပ်မင်းကြီး မဟာဗန္ဓုလရဲ့ သေနင်္ဂကို ကျုပ်ရိပ်စားမိခဲ့တယ်ဗျ၊



BURMESE CLASSIC .com

www.burmeseclassic.com



ပြီးခဲ့တဲ့ အာသံစစ်ပွဲနှစ်ကြိမ်တုန်းက သင်းတို့ဟာ နော်ဂေါင်းနဲ့ ယမုံနာမြစ်ကြောင်းအတိုင်းလှေလျှင်တွေနဲ့ အချိန်မီစုန်ဆင်း ထွက်ပြေခဲ့ကြတယ်လို့ ကျုပ်သိထားခဲ့တယ်လေ။ အခုတော့ ဒီအကောင်တွေ လွတ်လမ်းမရှိတော့ဘူး။ တောက်…ဒါပေမယ့် ဟို သစ္စာဖောက် စော်ဘွား လွတ်သွားတာတော့ ဆိုးသဗျာ''

ချန္ဒရာကန္တဆင်းသည် ဂိုဟတ်မြို့သို့ ထွက်ပြေးသွားခဲ့ပေသည်။ ဂိုဟတ်သည် ကချာနယ်ထဲတွင်ရှိသော မြို့တစ်မြို့ဖြစ်သည်။ ကချာနယ်ကားရန်လိုသူဗြိတိသျှ၏ နိုင်ငံချဲ့ရေး လက်တံရှည်ကိုဆန့်၍ ဖမ်းဆုပ်ရန်ကြိုးစားနေသည့်နယ်။

ချန္ဒရာကန္တဆင်းကို ကချာနယ်အထဲ လိုက်ဖမ်းသောကျွန်ုပ်တို့ဘက်မှ ဗိုလ်မှူးလက်ဝဲသီဟနော်ရထာ၏ တပ်များနှင့် ဗြိတိသျှတပ်တို့ မသင့်မတင့် ဖြစ်ခဲ့ကြသေးသည်။ သို့သော် တိုက်ပွဲမဖြစ်ခဲ့။

ချန္ဒရာကန္တဆင်းကို ကျွန်ုပ်တို့ထံအပ်ရန် တောင်းဆိုလိုက်သော်လည်း ဗြိတိသျှတို့က ငြင်းဆန်သည်။ ဗြိတိသျှတို့အပေါ် ကျွန်ုပ်တို့အားလုံး၏ မုန်းတီးမှုမှာပို၍သာ ကြီးထွားလာတော့သည်။



BURMESE CLASSIC .com

www.burmeseclassic.com



မည်သို့ဆိုစေ။ အာသံ၌ ဇန်းမော်မြို့စား သီရိ အတုလရတနာဒေဝီ၏ မောင်အရင်းဖြစ်သော သီရိစန္ဒရ သီဟဇော်ရဟိန်ဘွဲ့မည်ရ ဂျိုဂျက်ဝါဆင်းကို နန်းတင် နိုင်ခဲ့သည်။ အာသံပြည်အေးချမ်းပိပြားရေးအတွက်မူ ဗိုလ်မှူး မဟာသီလဝကို အစောင့်အနေအဖြစ် နေခဲ့ရန် မင်းကြီးက အမိန့်ချလိုက်သည်။ မဏိပူရတုန်းကလိုကျွန်ုပ် နေရစ်ခဲ့စရာမလိုတော့။

အာသံမှတပ်သိမ်း၍ ကျွန်ုပ်တို့တပ်များ နိုင်ငံတော်သို့ ပြန်ခဲ့ကြသည်။ မိုးကောင်းသို့ရောက်သော အခါ တောင်စားစော်ဘွား ဗိုလ်နေမျိုးသိန်ပရာဇာနှင့် လူချင်းတပ်ချင်း ခွဲခွာကြရလေသည်။

တောင်စားစော်ဘွားနှင့် ကျွန်ုပ်မှာ ညီအစ်ကို တမျှ သံယောဇဉ်ဖြစ်နေကြပေပြီ။ သူကကျွန်ုပ်ကို ပွေ့ ဖက်လျက် ဝမ်းခေါင်းသံကြီးနှင့် ပြောရှာသည်။

“အရေးတော်တစ်ခုခု ပေါ်ပြီဆိုတိုင်း ကျုပ်ကို ဆင့်ခေါ်ဖို့ ခင်ဗျားရဲ့ဗိုလ်ချုပ်ကို ပြောပေးပါဗျာ၊အမိန့် တော်စာ ရရချင်း ကျုပ်နေပြည်တော်ကို အမြန်ဆုံး လာခဲ့ပါမယ်”

မင်းကြီးမဟာဗန္ဓုလကလည်း သူ့ကို လက်ရုံး



BURMESE CLASSIC .com

www.burmeseclassic.com



စွမ်းထက်သူ။ အကြောက်အရွံ့ အလျှင်းကင်းသူအဖြစ် သဘောတကျရှိနေကြောင်းကို ကျွန်ုပ်က ပြောဆိုဖျောင်းဖျ ရလေသည်။

"သွေးသောက်ရေ... အရေးကြုံရင် မိုးကောင်းကိုသာ တက်ခဲ့ပေတော့"

ဟု တုန်တုန်ယင်ယင် နှုတ်ဆက်လေသောသူ့ကို ကြည့်ရင်း ကျွန်ုပ်လည်း ရင်ထဲမှာ ဆို့လာလေသည်။

ကျွန်ုပ်တို့နှစ်ဦး နှုတ်ဆက်နေသည့်နေရာသို့ သူ ရောက်လာသည်။

စော်ဘွားက ဒူးထောက်ရန် ဟန်ပြင်လိုက်သော်လည်း သူက ပခုံးကိုဆွဲထူကာ သူထုံးစံအတိုင်းအေးဆေး တည်ငြိမ်စွာ ပြောလေသည်။

"ဗိုလ်နေမျိုးသိန်ပရာဇာ၊ အာသံစစ်မှာခင်ဗျား ပွဲကောင်းရခဲ့ကြောင်း မင်းတရားကို ကျုပ် သံတော်ဦးတင်ပေးမယ်"

တောင်စားစော်ဘွားက ဝေသီသော မျက်လုံးများဖြင့် ငေးကြည့်ကာ ပြန်ပြောသည်။

"ဗိုလ်ချုပ်မင်းကြီးရဲ့ အုပ်ချုပ်မှုနဲ့နောက်ထပ်ပွဲတွေ ရဖို့အတွက်ကို ကျွန်တော်ပိုပြီးမျှော်လင့်ပါရစေ"



BURMESE CLASSIC .com

www.burmeseclassic.com



"ကောင်းပြီ။ ဟောဒီက ဗိုလ်နေမျိုးရဲခေါင်ကျော်ထံက တစ်ဆင့်ရောက်လာမယ့် အမိန့်တော်ဆင့်စာကိုသာ စောင့်နေပေတော့"

"အို…နားခစစ်ကဲကြီးလား၊ သူဆိုလျှင်တော့ သူ့ဆီကတစ်ဆင့်လာမယ့် အမိန့်တော်ဆင့်စာတင်မက သူကိုယ်တိုင်ပါ မိုးကောင်းကိုရောက်အောင် လာပါလို့ ကျွန်တော်ဖိတ်ကြားနေပါတယ် ဗိုလ်ချုပ်"

စော်ဘွား၏လေသံနှင့် အမူအရာမှာ စစ်ပွဲဝင် ဗိုလ်မင်းနှင့်မတူဘဲ ပကတိလူပျိုရွယ် ဟန်ပေါက်သွားသဖြင့် သူ မရယ်စဖူးရယ်လေသည်။

"ကောင်းပြီ…ကောင်းပြီ၊ တစ်နေ့နေ့ကျလျှင်တော့ သူ့ကို မိုးကောင်းအရောက် လွှတ်လိုက်ပါမယ်၊ ဟုတ်ပြီလား တောင်စားစော်ဘွား"

"ဟာ…ကျွန်တော့် လက်အစုံကို ဟောဒီ တောင်တန်းကြီးအပေါ် ဆန့်တန်းပြီး ဖွင့်ကြိုမှာပေါ့ ဗိုလ်ချုပ်ရယ်…"

ကျွန်ုပ်တို့အားလုံး လွတ်လပ်ပွင့်လင်းစွာ ရယ်မိကြသည်။ ရယ်ရင်းဖြင့်လည်း ကျွန်ုပ်ရင်ထဲတွင်အတွေး တစ်ခုဝင်လာနေသည်။ အတွေးဆန္ဒတစ်ခု…၊ ဆန္ဒ



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ခု . . .။

ချစ်ခင်လေးစားဖွယ်ကောင်းသော ဤကချင်သိန်းပေါ်ဒေသရှိတောင်စားစော်ဘွား နေမျိုးသိန်ပရာဇာရှိရာ မိုးကောင်းသို့ တစ်ဖန်ပြန်လာချင်သည့်ဆန္ဒ။

ဘာကြောင့်မှန်းမသိ။ တစ်နေ့နေ့မှာတော့ မိုးကောင်းသို့ ရောက်ရဦးမည်ဟု စိတ်ထဲမှာ ထင်နေမိလေသည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၆)

၁

မင်းကြီးမဟာဗန္ဓုလသည် သူ့ဇနီးရှင်မင်းဘူးနှင့် တစ်ဦးတည်းသောသား မောင်ကျန်ကြီးတို့ကို နေပြည်တော်သို့ ခေါ်ယူလိုက်သည်။ တစ်ကောင်ကြွက်ဖြစ်သော ကျွန်ုပ်မှာမူ သူ့မိသားစုနှင့်အတူ သူ့ဆီမှာသာ အိမ်သားအဖြစ်နေလိုက်သည်။

အာသံစစ်မှ ပြန်လာပြီးသည့်နောက်တွင် သူသည် ဘကြီးတော်ဘုရားက ချီးမြှောင့်သနားတော်မူသောဘွဲ့အဆောင်အယောင်သစ်တစ်ခုကို ထိုက်တန်စွာရရှိခဲ့သည်။

www.burmeseclassic.com



အဂ္ဂမဟာသေနာပတိဘွဲ့ဖြင့် သူသည် 'ဝန်ကြီး' အရာကို ရခဲ့ပေပြီ။

ရွှေနန်းတော်ကို ဝန်းရံလျက်ရှိကြကုန်သော ဝန်ကြီးစံအိမ်တော်များအနက် ခေါင်ငါးဆက်ရှိသည့် တစ်ခုသောစံအိမ်တော်ထက်တွင် သူသည်အဆောင် အယောင်၊ အခမ်းအနားပြည့်စုံစွာ စံမြန်းနိုင်ခဲ့ပေပြီ။ ဝန်ကြီးတစ်ပါးအဖြစ် မင်းတရား၏အတွင်းတော်သို့ဝင်၍ စစ်မှုရေးရာများကို တိုက်ရိုက်အကြံပေးနိုင်သော အခွင့် အာဏာကိုလည်း ရရှိခဲ့ပေပြီ။

ကျွန်ုပ်လည်း ဗိုလ်မှူးအဆင့်သို့ ရောက်ရှိခဲ့သည်။ သို့သော် လက်တွေ့အမှုတော်ထမ်းရသည်မှာ 'ဝန်ကြီး အဂ္ဂမဟာသေနာပတိ မဟာဗန္ဓုလ'၏ လက်ရုံးလူယုံ တော် စစ်မှူးဖြစ်လေသည်။

သူနှင့်ကျွန်ုပ်သည် ဘယ်သောအခါမှ မကွဲကွာ နိုင်တော့သော အခြေသို့ ရောက်ရှိခဲ့ပြီဖြစ်သည်။

ကိုယ်ရံတော်တပ်မှူးငယ်များဘဝက အရိုက် အရာ အဆင့်ချင်း အတူတူရှိခဲ့သော်လည်း သူ၏ပြည့်ဝ သော အရည်အသွေးများကြောင့် သူသည် အဆင့်ဆင့် ရာထူးတိုးတက်ခဲ့သည်ဖြစ်ပြီး ကျွန်ုပ်လည်း ကျွန်ုပ်၏

www.burmeseclassic.com



အရည်အသွေးပေါ်တည်မှီ၍ ထိုက်သင့်သောရာထူးကို ရခဲ့သည် ဖြစ်ပေသည်။

ထို့ပြင် သူသည် အမြဲတစေ ကျွန်ုပ်ထက်အရာ ခပ်သိမ်းတွင် 'ချွန်' သောသူဖြစ်ကြောင်း ကျွန်ုပ်အကြွင်းမဲ့ ယုံကြည်ပြီး ဖြစ်သည်။

ထို့ကြောင့် သူကဲ့သို့သော ပုဂ္ဂိုလ်မျိုး၏လက် အောက်တွင် အမှုထမ်းဖြစ်ရခြင်းကို ကျွန်ုပ်လုံးဝနှစ်သက် သဘောကျမိလေသည်။ ကျွန်ုပ်၏မင်းကြီးသည် တစ်ချိန် တည်းမှာပင် ကျွန်ုပ်၏ရောင်းရင်းဖြစ်နေသည့်အတွက် လည်း အတိုင်းမသိကြည်နူးမိ၏။

ဝန်ကြီးအရာကို ရသည့်နေ့မှစ၍ သူ့မှာ ကိုယ် ပိုင် အားချိန်ဟူ၍ မရှိတော့သလောက်ပင် ကြီးမားသော အမှုတော်ကို ထမ်းခဲ့ရသည်။ ရွှေနန်းတော်မှ စစ်ရေး အတွက် ဆွေးနွေးတိုင်ပင်ရန် ညီလာခံဆင့်ခေါ်ချိန်မှာ လည်း အချိန်သတ်သတ်မှတ်မှတ် မရှိတော့။ သူ့မှာ ရှေ့တော်မှောက်သို့ ဝင်ရ၊ ညီလာခံတက်ရ၊ တပ်မများ အတွက် စီမံခန့်ခွဲရနှင့် အနားယူချိန်ပင် မရတော့ပေ။ သို့သော် သူ့အသွင်မှာမူ မဟာသမုဒ္ဒရာတို့မည်သည် မည်မျှပင် ခပ်ယူသော်ငြားလည်း လျော့နည်းယိုယွင်း



BURMESE CLASSIC .com

www.burmeseclassic.com



သွားသည်ဟု မရှိသလို နွမ်းနယ်ပင်ပန်းခြင်း အလျှင်း မတွေ့ရ။ အမြဲတစေ တက်ကြွနိုးကြားနေချေသည်။

ကျွန်ုပ်ကိုယ်တိုင်မှာလည်း သူနှင့်လက်ပွန်းတတီး နေလာရသည်နှင့်အမျှ တဖြည်းဖြည်း အရည်အသွေး တိုးမြင့်လာပေသည်။ နေ၏အလင်းနှင့် အပူငွေ့ကို သောက်သုံး၍ ကောင်းစွာခိုင်ဖီးကြီးထွားလာသော ပန်းပွင့်တစ်ပွင့်နှင့် အလားတူသည်ဟု ဆိုရတော့မည်။

သူ့တန်ခိုးသတ္တိများက ကျွန်ုပ်၏ နှလုံးအိမ် အတွင်းသို့ ကူပျံ့စီးဆင်းလာကြသည်။

နေရာများစွာတွင် သူ့အတွေး၊ သူ့အယူအဆ၏ ထက်ဝက်မျှသော အစိတ်အပိုင်းအထိ ကျွန်ုပ်လည်း တွေးတော ဆင်ခြင်တတ်လာသည်။

မြဝတီဝန်ကြီးမဟာသီဟသူရက သူ့ကို လပြည့် ဝန်းဟု တင်စား၍ ကျွန်ုပ်ကို ရူဝံကြယ်ဟု ပမာတင်စား ပြောဆိုဖူး၏။

တေးကဗျာလင်္ကာ၌ကျွမ်းကျင်လှသော ဝန်ကြီး မဟာသီဟသူရ၏ ပမာပုံခိုင်းနှိုင်းယှဉ်ပြချက်ကို ကျွန်ုပ် များစွာ သဘောကျမိလေသည်။

သို့သော်...လပြည့်ဝန်း၊ ရူဝံကြယ်နှင့် အခြား



BURMESE CLASSIC .com

www.burmeseclassic.com



ကြယ်နက္ခတ်များသည် အပြောကျယ်သော ကောင်းကင်တစ်ခွင်၌ လွတ်လပ်မြူးပျော်စွာ မလင်းချင်းနိုင်ကြောင်း၊ ထိုလပြည့်ဝန်းနှင့် ကြယ်နက္ခတ်တို့အပေါ်သို့ မည်းညစ်သော တိမ်စိုင်တိမ်ခဲတို့က အထပ်ထပ်၊ အလွှာလွှာ ဆို့ဆိုင်းအုပ်မိုးလာကြကြောင်းကို ကန့်ပ်ကြုံခဲ့ရတော့သည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၂

ထိုညဉ့်သည် ကျွန်ုပ်၏အသိဉာဏ်ဗဟုသုတ တံခါးတစ်ချပ်ကို ဖွင့်လှစ်လိုက်သော ညဉ့်ဖြစ်သည်။

စံအိမ်တော်သို့ သူညဉ့်နက်မှ ပြန်ရောက်သည်။

သူ့ဇနီး ရှင်မင်းဘူးမှာ ဘုရားဆောင်ဝင်၍ အဓိဋ္ဌာန် ပုတီးစိပ်နေပြီဖြစ်သည်။ သူ့သားငယ် မောင်ကျန်းကြီးကိုလည်း ကျွန်ုပ်ကိုယ်တိုင်ချော့သိပ်၍ စက်ရာသို့ ပို့ခဲ့ပြီးဖြစ်သည်။

ရွှေနန်းတောင်မှ အခေါ်ရှိသည်ဆိုပြီး သူညနေစောင်းကတည်းက စံအိမ်မှထွက်သွားခဲ့သည်။ သူပြန်ရောက်ချိန်တွင် နေပြည်တော်သည် အိပ်မောကျနေပေပြီ။

ဝင်းမှူးနှင့် အိပ်ဖန်မှူးတို့ လာပြောသဖြင့်ကျွန်ုပ် စံအိမ်တော် ဝင်းတံခါးအထိထွက်၍ သူ့ကိုကြိုသည်။

မီးရောင်အောက်တွင် သူနှင့်အခြားလူနှစ်ဦးကို

www.burmeseclassic.com



ပါ တွေ့လိုက်ရသည်။

တစ်ယောက်မှာ ကျွန်ုပ်ရင်းနှီးပြီးသား မြဝတီဝန်ကြီး မဟာသီဟသူရဖြစ်သည်။ ကျန်တစ်ယောက်ကိုမူ ကျွန်ုပ်တစ်ခါမျှ မမြင်ဘူးချေ။ သို့သော် အဆောင်အယောင်မှာ မြို့ဝန်တစ်ယောက်ဖြစ်ကြောင်း သိလိုက်လေသည်။

ညှော့သည်နှစ်ယောက်ကို သူက…စံအိမ်တော်အတွင်းထိခေါ်လာခဲ့သည်။

သူတို့အားလုံး တိတ်ဆိတ်စွာရှိကြသဖြင့် အရေးကြီးသော ကိစ္စတစ်ရပ်ရပ်ကို တိုင်ပင်ဆွေးနွေးကြမည်ဖြစ်ကြောင်း ကျွန်ုပ်နားလည်လိုက်သည်။

ကညင်ဆီမီးတိုင်များအားလုံးကို ကျွန်ုပ်ကိုယ်တိုင် ထွန်းညှိလိုက်သောကြောင့် ခန်းမဆောင်အတွင်း အလင်းရောင်ကောင်းစွာ ရရှိသွားသည်။ သူတို့သုံးဦးစလုံး ရွှေရေးချစားပွဲတွင် သုံးပွင့်ဆိုင် ဝင်ထိုင်လိုက်ကြသည်။

"ကိုရင်လဲထိုင်ပါ"

သူကပြောသဖြင့် သူနှင့်မျက်နှာချင်းဆိုင် တစ်ဘက်ထိပ်ခုံတွင် ကျွန်ုပ်ဝင်ထိုင်လိုက်သည်။ အားလုံး



BURMESE CLASSIC .com

www.burmeseclassic.com



ထိုင်မိကြအပြီးတွင် သူက နက်ရှိုင်းသောအသံဖြင့်စပြော
လာသည်။

“မင်းကြီး မဟာကျော်စွာက စပြောပါ၊ မင်းကြီး
နောက်ဆုံးပို့လိုက်တဲ့ သဝဏ်ကို အပြည့်အစုံသိချင်တယ်”

မြို့ဝန် အဆောင်အယောင်ဖြင့် ပုဂ္ဂိုလ်ကို ကျွန်ုပ်
လှမ်းကြည့်လိုက်သည်။ မင်းကြီးမဟာကျော်စွာဟူသော
ဘွဲ့ရမြို့ဝန်၏အမည်ကို ကျွန်ုပ်ကြားဖူးနေသည်။ညိုသော
အသားအရောင်ရှိပြီး အရပ်အမောင်း မြင့်မားလှသူ
ဖြစ်သည်။

ထိုသူက...

“ကျုပ် စာနှစ်စောင်ပို့ခဲ့တယ်။ ဒုတိယစာကိုပဲ
ပြောတော့မယ်၊ ဒုတိယစာက အိန္ဒိယ ဘုရင်ခံချုပ်ဆီ
တိုက်ရိုက်ပို့ခဲ့တာပဲ...”

သူ့စကားသံမှာ ဝဲနေသည်။

ဝဲသောအသံကို ကြားလိုက်ရမှပင် သူသည်
အလွန်တိကျပြတ်သား တင်းမာသူဟု နာမည်ကြီးသော
ဧည့ဝတီမြို့ဝန် ဖြစ်ကြောင်း ကျွန်ုပ်အဖြေရသွား
လေသည်။

ဧည့ဝတီမြို့ဝန်၊ မြဝတီဝန်ကြီးတို့နှင့် ညှို့နက်



BURMESE CLASSIC .com

www.burmeseclassic.com



သန်းခေါင် ဆွေးနွေးတိုင်ပင်သည် ဆိုကတည်းက သည်အရေးသည် ရခိုင်အရေး။ သို့ဆိုလျှင် သည်အရေး သည် ဗြိတိသျှအရေး ဖြစ်ကြောင်း၊ ကျွန်ုပ် ချက်ချင်း ဆက်စပ် နားလည်လိုက်ပေတော့သည်။

ဧညဝတီမြို့ဝန်က အံကြိတ်လျက်ဆိုလေသည်။

"ရှင်မဖြူကျွန်းကို ခံတပ်ပြင်ဆောက်ရင် ဒက္ကား မြို့၊ မူရှိဒါဘတ်မြို့တွေကို ကျုပ်တို့ တိုက်ယူရလိမ့်မယ် ဖြစ်တဲ့အကြောင်း ဒီမြို့တွေဟာ ရှေးမူလကတည်းက ရခိုင် ဘုရင်တွေပိုင်ဆိုင်ခဲ့ကြောင်း ဒီဒေသတွေမှာ ရခိုင်စေတီ ပုထိုးတွေ ရှိနေကြောင်း ဘုရင်ခံချုပ်ဆီကို ကျုပ်စာပို့ လိုက်တယ်"

"သူ့ဆီက အကြောင်းပြန်ချက်က…"

မြဝတီဝန်ကြီးက မေးသည်။

"သူတို့ ဆတ်ဆတ်ခါ နာသွားကြတာပေါ့ဝန်ကြီး၊ လော့ဒ်ဟမ်းဟတ်က ရန်ဂပူနဲ့စီလဟတ်မှာရှိတဲ့ စစ်တပ် တွေကို အင်အားထပ်ဖြည့်ပြီး တပ်လှန့်ထားစေလိုက် တယ်လေ"

"သင်းတို့ မျက်နှာဖြူဗိုလ်မှူးကြီး မက်ခရီဦးစီး လာတဲ့ တပ်မကြီးဆိုတာကကော"



BURMESE CLASSIC .com

www.burmeseclassic.com



မြဝတီဝန်ကြီး၏မေးခွန်းကို ညောဝတီမြို့ဝန်က ခေါင်းယမ်း၍ ဖြေပြန်သည်။

“ဘုရင်ခံချုပ်ဆီ ကျုပ်သဝဏ်ပို့လိုက်တယ်ဆိုတာ သိရတော့ တပ်မကြီးချီဖို့အမိန့်ကို သူတို့ဘာသာသူတို့ ပြန်ရုတ်သိမ်းပြီး စစ်တကောင်းမှာပဲ စစ်ဗာရီတပ်စွယ် တစ်ခု ချထားလိုက်ကြတယ်”

“ရှင်မဖြူကျွန်းပေါ်မှာကော မြို့ဝန်မင်း”

“ကျုပ်တို့တပ်တွေစွဲထားတုန်းပဲ၊ တပ်ဆက်စွဲ ထားရမလား၊ ပြန်နုတ်မလား သိချင်လို့ မင်းတရားဆီ အမိန့်တော်ယူဖို့ ကျုပ်လာတာ၊ ဒီည ညီလာခံမှာဒီအရေး မပြတ်သားသေးတော့ ကျုပ်စိတ်ထဲ မတင်မကျ ဖြစ်နေ တယ်”

ညောဝတီမြို့ဝန်ကား ပွင့်ပွင့်လင်းလင်းသမား ဖြစ်ဟန် တူပေသည်။ သူ့ကိုကြည့်ရသည်မှာ အကယ်၍ ရွှေနန်းတော်က သူ့အား အရေးအရာကုန်သာ လွှဲအပ် ပါက အိန္ဒိယအထိ ချီတက်တိုက်ခိုက်မည့်သူမျိုးဖြစ်သည်။

“လော့ဒ်အမ်းဟတ်ကကော ယုံကြည်နိုင်စရာ ရှိတဲ့ အရာရှိတစ်ယောက်လို့ ခင်ဗျားထင်သလား မြို့ဝန်မင်း” မြို့ဝန်မင်းက စားပွဲကိုလက်ဝါးဖြင့်ခပ်ပြင်း

www.burmeseclassic.com



ပြင်းပုတ်၍…

"ဟာ… ဒီမျက်နှာဖြူတွေကို တစ်ယောက်မှ ကျုပ်မယုံဘူးမင်းကြီး၊ သူတို့ဟာ အမိန့်အမျိုးမျိုး ထုတ်ပြီး လုပ်ချင်သလို လုပ်နေကြတာပဲ၊ သူတို့ဟာ ရှုးသွပ်နေကြတဲ့ စစ်မိစ္ဆာကောင်တွေ"

ဤတွင် တစ်ချိန်လုံး ငြိမ်သက်နေခဲ့သော မင်းကြီးမဟာဗန္ဓုလ၏အသံက တည်ငြိမ်အေးဆေးစွာ ဝင်ပြောလိုက်လေသည်။

"ဗြိတိသျှတွေဟာ ရူးသွပ်နေသူတွေ မဟုတ်ဘူး။ ပရမ်းပတာ အမိန့်တွေကို တစ်မျိုးပြီးတစ်မျိုးထုတ်နေတာ လဲမဟုတ်ဘူး။ သူတို့ဟာ တစ်ခုတည်းသော ရည်ရွယ်ချက် လမ်းအတိုင်း တရွေ့ရွေ့လျှောက်လာရင်းနဲ့ ဒီလမ်းပေါ်မှာ ကျုပ်တို့စိတ်ကသိကအောက်ဖြစ်အောင် ပရိယာယ် အမျိုးမျိုးကို ထုတ်သုံးနေကြတာ"

"ဒီလိုဆိုရင် လော့ဒ်အမ်းဟတ်က သူ့လူတက် ခနတ်မြို့ တာဝန်ခံဗိုလ်ကို ဘာကြောင့်ရာထူးက ထုတ်ပစ်လိုက်သလဲ မင်းကြီး။ ပြီးတော့ စစ်တကောင်းအရေးပိုင်ကိုလဲ ကျုပ်တို့အကြောင်း မကောင်းသတင်း တမင် လုပ်ကြံပြီး ပို့တယ်ဆိုပြီး၊ သတိပေးတာကကောသူတို့ဟာ



BURMESE CLASSIC .com

www.burmeseclassic.com



အထက်အောက် အရာရှိအချင်းချင်းတွေကြားမှာပဲ မညီမညွတ်နဲ့ ရှုပ်ထွေးနေကြတာ မဟုတ်ဘူးလား"

ဧည့်ဝတီမြို့ဝန်က မကျေမချမ်း ရေရွတ်နေလေသည်။ မင်းကြီးမဟာဇေယျသူလက စားပွဲပေါ်သို့ လက်နှစ်ဖက်ကို တင်ပြီး -

"ကျုပ်တို့ ဒီရှင်မဖြူကျွန်းအရေးကို မူလကနီးက စပြီး ပြန်သုံးသပ်ကြရအောင်"

ရှင်မဖြူကျွန်းအရေးနှင့် ပတ်သက်၍ ကျွန်ုပ်သိထားပြီးသားဖြစ်သော်လည်း ယခုလို သူ့ထံမှအသေးစိတ် မကြားရသေးသဖြင့် စိတ်ဝင်စားမိသည်။

ဒေါသ၊ တက်ကြွခြင်း၊ မခံမရပ်နိုင်ဖြစ်ခြင်း စသော ဝေဒနာ ခံစားမှုများ မပါသည့်လေသံဖြင့် သူအေးဆေးစွာ စတင် ပြောဆိုလေသည်။

"ရှင်မဖြူကျွန်းဟာ စစ်တကောင်းနဲ့နတ်မြဝကြားမှာရှိတယ်ဆိုတာ ကျုပ်တို့အားလုံး သိပြီးသား။မြေပုံချပ်ကိုပြန်ကြည့်မယ်ဆိုရင်တော့ ရှင်မဖြူကျွန်းဟာ နတ်မြစ်ဝနယ်မှာ တည်တယ်။ သို့သော် နတ်မြစ်ဝဟာ စစ်တကောင်းနယ်ထဲမှာပါတယ်။ စစ်တကောင်းနယ်က သူတို့ပိုင်နက်ဖြစ်လို့ ရှင်မဖြူကျွန်းကိုလည်း သူတို့ပိုင်တယ်လို့



BURMESE CLASSIC .com

www.burmeseclassic.com



ဖြိတိသျှတွေက ကောက်ချက်ဆွဲပြတယ်၊ ဟုတ်လား”

သူ့စကား၌ သဘောညီဟန်ဖြင့် အားလုံး ငြိမ်သက်နေကြသည်။

“စင်စစ်မတော့ ရှေးအတိတ်ကတည်းကရှင်မဖြူကျွန်းဟာ ရခိုင်ဘုရင်တွေရဲ့ အာဏာစက်အောက်မှာရှိတဲ့ ပိုင်နက်ဒေသပဲ။ ရခိုင်ပြည်ဟာ ဗမာပြည်နဲ့ နှစ်ပြည့်တစ်ပြည် ရွှေလမ်းငွေလမ်းဖောက်၊ ထီးဖြူဘုန်းရိပ်တစ်ခုတည်းအောက်မှာ အတူတကွရှိကြတာမို့၊ ရှင်မဖြူကျွန်းဟာ ကျုပ်တို့ရဲ့ဒေသဆိုတာ ထင်ရှားပြီးဖြစ်တယ်။ ဒါကိုသိလျက်နဲ့ သူတို့က သူတို့ပိုင်တယ်လို့ ဗွတ်အရမ္မဝင်ပြောတာပဲ”

“ဟုတ်တယ်လေ။ လွန်ခဲ့တဲ့အနှစ် နှစ်ဆယ်တုန်းကဆိုလား၊ ရှင်မဖြူကျွန်းကို သူတို့က ဂရန်မြေအဖြစ်အငှားချပေးဖူးသတဲ့”

မြဝတီဝန်ကြီးက ဝင်ထောက်လေသည်။သူက ခေါင်းညိတ်၍...

“ဒါဟာရမည်ရှာ ယိုးမည်ဖွဲ့တဲ့ စကားအသေးအဖွဲ့ပဲကိုစ၊ ဘာပဲဖြစ်ဖြစ် သူတို့အကြောင်းပြချက်နဲ့သူတို့တပို့တွဲလထဲမှာ ကျွန်းပေါ် တက်သိမ်းလိုက်တယ်

www.burmeseclassic.com



မဟုတ်လား''

''မင်းတရားအမိန့်တော်အရ အိန္ဒိယဘုရင်ခံချုပ်ဆီကို သူတို့တပ်တွေ ကျွန်းပေါ်ကဖယ်ပေးဖို့ ကျုပ်ကန့်ကွက်ငြင်းဆိုစာတစ်စောင် ရေးပို့ခဲ့တယ်လေ၊ ဒါပေမယ့် ကင်းတပ်ကို ရွှေ့မပေးလို့ အင်အားတစ်ထောင်နဲ့သင်းတို့ကို မောင်းထုတ်လိုက်ခဲ့ရပြီကော၊ ဒီစစ်ပွဲကို မင်းကြီးမဟာဗန္ဓုလကိုယ်တိုင် သေနင်္ဂ စီမံရေးဆွဲစေလွှတ်လိုက်တာကော''

ဓညဝတီမြို့ဝန်မှာ ဒေါသအရှိန်ကြောင့် စကားအထစ်ထစ်၊ အငေါ့ငေါ့ဖြစ်နေသည်။ သူကမြို့ဝန်ကို စူးရှစွာ လှမ်းကြည့်လိုက်ပြီး...

''မြို့ဝန်မင်း... ခေါင်းအေးအေး ထားပြီး ကျုပ်တို့ စဉ်းစားပြောဆိုကြရအောင်''

သူ့သတိပေးသံ၌ တန်ခိုးအင်အား အပြည့်အဝပါလေသောကြောင့် မြို့ဝန်သည် ဆူပွက်နေသော သူ့ဒေါသကို ထိန်းသိမ်းရန် သတိတရကြိုးစားနေလေသည်။

''စစ်ရေးဆိုင်ရာဗျူဟာအရ ကျုပ်တို့ကြည့်ကြရအောင်၊ ကိုစရော မြို့ဝန်မင်းပါ မြင်ယောင်ကြည့်ကြပါ၊ ရှင်မဖြူကျွန်းဟာ ရခိုင်ပြည်ရဲ့ မျက်နှာစာတံခါးပေါက်



BURMESE CLASSIC .com

www.burmeseclassic.com



ဖြစ်နေပြီး ကချာနယ်က နောက်ဖေးပေါက်ဖြစ်နေတယ်၊ ကျုပ်တို့အရေးထားစရာ တံခါးနှစ်ပေါက်ရှိနေတယ်၊ ကချာနယ်ကိုလဲ ကျုပ်တို့သတိလွတ်လို့မဖြစ်ဘူး၊ဗြိတိသျှ ဟာ ကချာနယ်နဲ့ပတ်သက်ပြီး မဝင်နိုင်ဘူးဆိုတာ သိတယ်။ ရှင်မဖြူကျွန်းကိုပဲ သူတို့ အကြောင်းအမျိုးမျိုး ပြပြီး ထိပါးနိုင်တယ်။ ရှင်မဖြူကျွန်းဟာ ရခိုင်ပြည်ရဲ့ တံခါးပေါက်ဖြစ်သလို ရခိုင်ပြည်ဟာလဲ ကျုပ်တို့နိုင်ငံ တော်ရဲ့ တံခါးပေါက်ဖြစ်တယ်၊ ဒီတံခါးပေါက်အထိ ချဉ်းကပ်ဝင်နိုင်စရာ လမ်းဟာ ရေလမ်းရေကြောင်းပဲ"

သူ့စကား တိကျရှင်းလင်းလှဘိခြင်း။

'မြို့ဝန်မင်း...အခု သူတို့ဆီက တုံ့ပြန်ချက်တွေကို တစ်ခုစီ ပြန်ကြည့်စမ်း၊ ကျွန်းပေါ်မှာ ကျုပ်တို့ တပ်ဖွဲ့မရှိခိုက် ခြောက်ပေါင်ဒါ အမြောက်နှစ်လက်ပါတဲ့ တပ်ဖွဲ့နှစ်ခုလွှတ်ပြီး တက်သိမ်းတယ်၊ နယ်နမိတ်အရေး ဆွေးနွေးပွဲမှာ ခင်ဗျားလွှတ်လိုက်တဲ့ စစ်သံများက ကျွန်း ကိုကြားနေဒေသထားဖို့ ပြောပေမယ့် ကြားနေဒေသ မထားနိုင်ဘူးလို့ သူတို့က ငြင်းဆိုတယ်။ နောက်တစ်ခါ ပြာသိုလထဲတုန်းက ခင်ဗျားတပ်တွေ ကျွန်းပေါ်တက်သိမ်း ပြီး ဒေါင်းအလံစိုက်လိုက်ချိန်မှာ စစ်တစ်ကောင်းမြို့ဝန်က

www.burmeseclassic.com



ခင်ဗျားနဲ့ ဆွေးနွေးပါရစေလို့ စကားကမ်းပြန်တယ်။အဲဒီ အချိန်မှာပဲ ကျွန်းရဲ့အရှေ့မြောက်ဘက် ပင်လယ်ထဲမှာ စစ်သင်္ဘော အမြောက်တပ်သင်္ဘောတွေနဲ့သူတို့နေရာယူ ပြန်တယ်။ ဒီလိုတစ်ဆင့်ပြီးတစ်ဆင့် အမျိုးမျိုးရှုပ်ထွေးနေ တဲ့ အပြုအမူတွေရဲ့နောက်ကွယ်မှာ အိန္ဒိယဘုရင်ခံချုပ် လော့ဒ်အမ်းဟတ်ရယ်၊ စစ်တကောင်းမြို့ဝန်ရယ်၊သူတို့ သေနာပတိချုပ် အက်ဒဝမ်ပေးဂျက်ရယ် သူတို့သုံးဦးစလုံး ရဲ့ အကြံအစည်ဟာ တစ်ခုတည်းဖြစ်တယ်''

''ကျုပ်တို့ကို တိုက်ချင်လို့...ဒါပဲ''

မြဝတီဝန်ကြီးက လည်ချောင်းသံကြီးဖြင့် မှတ်ချက်ချသည်။

''မှန်တယ်၊သေနာပတိချုပ် အက်ဒဝမ်ပေးဂျက် ရဲ့ နေရာကနေ ကျုပ်စဉ်းစားကြည့်လိုက်တယ်။ဗမာပြည် ကိုတိုက်ဖို့ ကြည်းကြောင်းချီမယ်ဆိုယင် တောတောင် ချောင်းမြောင်း၊ အင်းအိုင်ထူတဲ့ ဒေသဖြစ်တဲ့အတွက် ကြည်းကြောင်းချီတက်ရေးဟာ အရှုံးကိုဖိတ်ခေါ်တာပဲ။ အဓိကနဲ့ တစ်ခုတည်းသော စစ်ဆင်နွှဲရေးလမ်းကြောင်း ဟာရေကြောင်းပဲ၊ ဒီလိုပဲအဖြေထွက်တယ်၊ သင်းတို့ဟာ ဖရန့်စစ်တွေအပေါ်မှာလဲ ရေကြောင်းတိုက်ပွဲဆင်နွှဲပြီးအနိုင်



BURMESE CLASSIC .com

www.burmeseclassic.com



ရထားသူတွေ ဖြစ်တယ်။ သူတို့ရေကြောင်းကို ဗဟို ထားပြီး ကျုပ်တို့ကို ကျူးကျော်လိမ့်မယ်''

''မင်းကြီး... ကျုပ်တို့ ဘာလုပ်ရမလဲ...''

ဧညဝတီမြို့ဝန်က လက်သီးကျစ်ကျစ်ပါအောင် ဆုပ်၍ မေးသည်။

သူကမြို့ဝန်၏ အမေးကိုမဖြေဘဲ ကျွန်ုပ်ကိုလှမ်း ကြည့်သည်။ ပုရပိုက်ပေါ်မှစာလုံးများကို ဖတ်ရဘိသကဲ့ သို့ သူ့မျက်နှာပေါ်မှ အဓိပ္ပါယ်အလုံးစုံကို ကျွန်ုပ် ရှင်းလင်းစွာ တွေ့မြင်လိုက်ရသည်။ သူ့ကိုယ်စား ကျွန်ုပ် ဝင်ဖြေနိုင်ပြီဟုလည်း နားလည်လိုက်သည်။ မြို့ဝန်ကို ကျွန်ုပ် မျက်နှာချင်းဆိုင်ပြီး...

''မင်းကြီးမဟာဗန္ဓုလကိုယ်တိုင် နတ်မြစ်ဝကို လာပါလိမ့်မယ် မြို့ဝန်မင်း''

ကျွန်ုပ်၏အဖြေကို သူက စကားတစ်ခွန်းဖြင့် ဖြည့်စွက်လိုက်သည်။

''မြဝတီဝန်ကြီးလဲ ပါလာလိမ့်မယ်''

♦ ♦ ♦

www.burmeseclassic.com

၃

'ရွေးလူ' ခြောက်ထောင်ကို တပ်မ အမာခံ အင်အားအဖြစ် သူကိုယ်တိုင် စိစစ်ရွေးချယ်သည်။

မင်းတရား ရှေ့တော်မှောက် စစ်ရေးပြသဘင် ပြီးဆုံးသည်နှင့် မဆိုင်းမတွပင် ကျွန်ုပ်တို့ ဧရာဝတီကို ရွေးချထားသော တိုက်လှေများဖြင့် ဖြတ်ကူးကာ စစ်ကိုင်း ဘက်ကမ်းသို့ တပ်ချီခဲ့သည်။

တန်ဆောင်မုန်းလထဲတွင် ကျွန်ုပ်တို့ စလင်း ဆင်ဖြူကျွန်းမြို့သို့ ရောက်သည်။ တစ်ရက်မျှသာ ဆင်ဖြူကျွန်းမြို့တွင် တပ်စွဲခဲ့ပြီး ဧည့ဝတီသို့ ဆက်ချီခဲ့ ကြသည်။

ဧည့ဝတီမြို့ဝန်၊ ဒွာရဝတီမြို့ဝန်၊ မေဃာဝတီ မြို့ဝန်တို့၏ စုစုပေါင်းနှစ်ထောင့်ငါးရာအင်အားရှိသော တပ်များကို ရှေ့ကာတပ်အဖြစ် လည်းကောင်း…



BURMESE CLASSIC .com

www.burmeseclassic.com



လက်ဝဲစစ်ကဲ ဗိုလ်ချုပ်အဖြစ် မြဝတီဝန်ကြီး မဟာသီဟသူရဦးစီးသည့် အင်အားငါးထောင်ရှိတပ်များကို ရှေ့ပြေးချီတပ်အဖြစ် လည်းကောင်း…။

သူကိုယ်တိုင်ဦးစီး၍ ဆင်ငါးဆယ်၊ မြင်းငါးရာ၊ သူရဲတစ်သောင်း ပါဝင်လျက် ဧည့်ဝတီကြောင်းချီပင်မတပ်အဖြစ်ဖြင့်လည်းကောင်း၊တပ်များခွဲဝေချီတက်ခဲ့ကြလေသည်။

ဂေါ်တော့ပလ္လင်အရောက်တွင် မြဝတီဝန်ကြီး မဟာသီဟသူရကို ပန်းဝါသို့ ချီတက်သွားရန်သူ့အမိန့်ပေးလိုက်သည်။ သူ့အမိန့်အရ မြဝတီဦးစသည်ကစ္ဆပနဒီပင်လယ်ဝတစ်ဘက် ဦးရင်တောင်ဘုရားအနီး စကားတောင်တွင် အခိုင်အမာတပ်စွဲထားလိုက်သည်။

ကျွန်ုပ်တို့တပ်များ ရောက်နေပြီကို သိသည်နှင့် ပန်းဝါတွင် တပ်စွဲထားသော ဗြိတိသျှတပ်များသည် ဂေါ်တော့ပလ္လင်ခံကတုတ်မှ ဆီးကြိုတိုက်ခိုက်ကြသည်။

သို့သော်… မင်းကြီးမဟာဗန္ဓုလ၏ အစီအမံအရ တောင်ကုန်းငယ်များထက်တွင် ခံကတုတ်များဆောက်လုပ်ထားပြီးဖြစ်သော ကျွန်ုပ်တို့က ဗြိတိသျှတပ်များကို အပြင်းအထန် တိုက်ခိုက်ပစ်လိုက်နိုင်ကြလေ



BURMESE CLASSIC .com

www.burmeseclassic.com



သည်။

ရန်သူများညတွင်းချင်းပင် ပန်းဝါသို့ ပြန်ဆုတ်သွားရသည်။

ရန်သူ့တပ် အကြီးအကဲမှာ တိုက်ရေးခိုက်ရေးတွင် စနစ်တကျရှိလှသည်ဟု သူတို့တပ်များမှာ နာမည်ကြီးလှသော ဗိုလ်နော်တင်ဆိုသူ ဖြစ်လေသည်။

ကျွန်ုပ်တို့အတွက်ပထမဆုံးတိုက်ပွဲနှင့်ပထမဆုံးအောင်ပွဲပေတည်း။

ဗိုလ်နော်တင်သည် ပန်းဝါသို့ ဆုတ်သွားပြီးနောက် စစ်တကောင်းသို့ စစ်ကူတောင်းလိမ့်မည်ဟု မင်းကြီးမဟာဗန္ဓုလက ကြိုတင်တွက်ချက် ခန့်မှန်းခဲ့သည်။ သူကား စစ်မှုရေးရာနှင့်ဆိုင်သော ပုရောဟိတ်ကြီးတစ်ဦးလည်း ဖြစ်ချေသည်။

သူ့ခန့်မှန်းချက်အတိုင်း ဖြစ်လာခဲ့သည်။

ကျွန်ုပ်တို့ဂေါ်တော့ပလ္လင်မှ ပန်းဝါသို့ ဆက်ချီသွားပြီး ပန်းဝါအရှေ့ဘက်မြစ်ကမ်းရှိ တောင်ကုန်းများကိုသိမ်းပိုက်တပ်စွဲလိုက်ချိန်တွင် ဗိုလ်နော်တင်လည်း စစ်ကူရနေပြီဖြစ်သည်။

မြစ်ကိုဖြတ်ကူးရန် ကြိုးစားသော်လည်း သူတို့၏



BURMESE CLASSIC .com

www.burmeseclassic.com



ခြောက်ပေါင်ဒါအမြောက်ကျည်များ ဖြောဖြောကျလာတတ်သဖြင့် ကျွန်ုပ်တို့မြစ်ညာဘက်သို့ ချီပြီးမှရန်သူတပ်များကို ဝိုင်းရံတည်ရှိနေသည့် ကန်ဘောက်ရိုးတစ်လျှောက်သို့ တပ်စွဲလိုက်ကြသည်။

သူတို့၏ အမြောက်တပ်စခန်းကို ဦးစွာ ဖြိုခွင်းရမည်ဟု သူကအမိန့်ထုတ်ကာ ကန်ဘောက်သို့အနီးကပ်ဆုံးဖြစ်အောင် ကတုတ်ကျင်းများ တရွေ့ရွေ့တူး၍ ကျွန်ုပ်တို့ ချည်းကပ်သွားကြသည်။ ရန်သူ့အမြောက်များအချည်းနှီးဖြစ်သွားတော့သည်။

ကန်ဘောင်ရိုးတိုက်ပွဲများကို တစ်ရက်လုံးလုံး တပ်ဖွဲ့တစ်ခုစီ၊တစ်ခုစီ အလှည့်ကျတိုက်ခိုက်ပြီးနောက်တွင် ရန်သူများသည် အမြောက်စခန်းကို စွန့်ခွာထွက်ပြေး သွားကြတော့သည်။

အင်အားလေးထောင်ရှိသော ရန်သူ့တပ်ကို ကျွန်ုပ်တို့၏တပ်များက ရာချီသောတပ်ဖွဲ့ အများအပြားဖြင့် အရပ်သုံးမျက်နှာမှ ဝိုင်းဝန်းပိတ်ဆို့ တိုက်ခိုက်ကြခြင်းဖြစ်ရာ သူတို့ မခံနိုင်တော့။

နာမည်ကြီးလှသော သူတို့၏သေနတ်တပ်မများထဲသို့ သူကိုယ်တိုင် မြင်းနှင့်အပြင်းဝင်၍ ထိုးခိုက်လေရာ



BURMESE CLASSIC .com

www.burmeseclassic.com



ရန်သူတို့ အကျအဆုံးများပြားစွာဖြင့် ကစဉ့်ကလျား ဆုတ်ခွာကြရလေသည်။

မိုလ်နော်တင် ဒဏ်ရာအကြီးအကျယ် ရပြီး နောက် သူ့နေရာကို လွှဲပြောင်းတာဝန်ယူ ဦးစီးသည့် ဗိုလ်ထရူးမင်းဆိုသူလည်း ကျွန်ုပ်တို့၏ မြင်းတပ်သားများ ဓားအောက်တွင် ကျဆုံးသွားလေသည်။

တပ်ရေးစစ်ကဲများ၏ သတင်းပို့ချက်များကို ကြားနာရင်း ပန်းဝါရှိ ဗြိတိသျှတပ်စွဲရာ ကျောက်တုံး အတိပြီးသော ရဲတိုက်စကြံတွင် လက်ပိုက်၍ မတ်တပ် ရပ်လိုက်သော သူ၏ခမ်းနားထည်ဝါလွန်းသည့် သေနာ ပတိဣန္ဒြေမှာ ကျွန်ုပ်မျက်စိထဲမှ မထွက်တော့။

သူ့ရှေ့တွင် သုံ့အဖြစ်ရလိုက်သော ဗြိတိသျှ စစ်ဗိုလ်စကော့နှင့် ကင်းဘဲတို့သည် ဒူးထောက်ရင်း သွေးဆုတ်ဖြူရော်သော မျက်နှာဖြင့် ထိတ်လန့်နေကြ သည်။ ဒဏ်ရာရမထားသော ဗြိတိသျှဗိုလ် စတန်လီဘရ ကလည်း သူ့ကိုအထပ်ထပ်အခါခါ အလေးပြုနေသည်။ သူ့ဘေးတွင် ရပ်နေသော ကျွန်ုပ်အဖို့မူကား ဤမြင်ကွင်း သည် တွေးမိတိုင်း ကြက်သီးမွေးညင်း ဖြန်းဖြန်းထသည် အထိ ဂုဏ်ယူဝမ်းမြောက်စရာကောင်းလှပေသော



BURMESE CLASSIC .com

www.burmeseclassic.com



မြင်ကွင်းပေတည်း။

ကျွန်ုပ်သဝဏ်ရေးရန် အသင့်ပြင်လိုက်သည်။

"မင်းတရားဆီပိုဖို့ သဝဏ်ရေးပါ"

"အသင့်ပါ…မင်းကြီး"

"ရန်သူသုံးရာကျော် ဗိုလ်နော်တင်၊ ဗိုလ်ထရူးမင်း၊ ဗိုလ်ပရင်းဂဲ၊ဗိုလ်ဂရစ်၊ဗိုလ်ဘင်းနက်၊သမားဗိုလ်မေးစမိုး၊အကြီးအကဲဗိုလ်ခြောက်ယောက်ကျဆုံး။စကော့၊ကင်းဘဲ၊စတန်လီဘရ ဗိုလ်သုံးယောက်ကိုသုံ့ရရှိ၊စစ်သားနှစ်ရာ့ငါးဆယ်ကျော် သုံ့ရရှိ၊ သေနတ်ငါးရာကျော်၊ရထားတင် အမြောက်ကြီးနှစ်၊မြင်းနှစ်ဆယ်၊ ဆင် ငါးစီးသိမ်းပိုက်မိကြောင်း"

"ရပါပြီ… မင်းကြီး"

"ပန်းဝါစစ်မှာ အမှုတော်ကို ရှုပ်ရှုပ်ချုံချုံ စွမ်းဆောင်ခဲ့ကြတဲ့ စစ်မှူးတွေကိုလဲ သဝဏ်မှာထည့်ပါ၊ ကျော်သူရွှေတောင် နော်ရထာ၊သူရအာကာ၊ဘုရင်သီဟနော်ရထာ၊ ရန်အောင်သီဟနော်ရထာ၊ နေမျိုးဂုဏ္ဏရတ်"

ကျယ်ပြန့်ရှုပ်ထွေးလှသော စစ်ရေးသေနင်္ဂကြီးတစ်ခုလုံးကို စီစဉ်အုပ်ချုပ်နေသည့်ကြားမှာပင် ရန်သူနှင့်သက်ဆိုင်သည့် အသေးစိတ် အချက်အလက်များ၊မိမိ၏



BURMESE CLASSIC .com

www.burmeseclassic.com



တပ်မတော်သားများနှင့် သက်ဆိုင်သည့် အတိအကျ ဖြစ်ရပ်များကို မမေ့မလျော့ သိနားလည်ထားသောသူ့ အရည်အသွေးကား ကျွန်ုပ်အဖို့ လေးစား၍ မကုန်နိုင်သော အရည်အသွေးပင်တည်း။

ကျွန်ုပ်ကို နေပြည်တော်သို့ပို့ရန် သဝဏ် အကြောင်း အမိန့်ပေးပြီးနောက် သူကရှေ့တွင် အလေးပြု နေဆဲဖြစ်သော ဗိုလ်စတန်လီဘရုကို စိုက်ကြည့်လိုက်ပြီး...

"စတန်လီဘရု... မင်းမြန်မာစကား ပြောတတ်တယ် မဟုတ်လား"

မျက်လုံးများ ဝိုင်းသွားသည်အထိ ဗြိတိသျှဗိုလ် အံ့ဩသွားသည်။

"ငါ အမိန့်ပေးတာတွေကို နားထောင်နေတဲ့ မင်းမျက်လုံးတွေဟာ မင်း...မြန်မာစကားတတ်ကြောင်း ဖော်ပြနေတယ်"

ဆံပင်နီနီ၊ အသားအရေနီနီနှင့် ခြေတံ လက်တံ ရှည်လျားသော ဗြိတိသျှဗိုလ်သည် သူ့ရှေ့သို့ဒူးထောက် ချလိုက်လေ၏။

"မင်းဟာ... ဘုရင်ခံချုပ်ရဲ့ လူယုံတော်



BURMESE CLASSIC .com

www.burmeseclassic.com



စစ်ဖိုလ်ဖြစ်တဲ့အကြောင်း၊ ဒီပန်းဝါတိုက်ပွဲကို မင်းရောက်လာခြင်းဟာ စစ်တိုက်ဖို့ထက် ငါတို့ရဲ့ စစ်ရေးသတင်းကို ထောက်လှမ်းဖို့ အဓိကတာဝန်နဲ့လာကြောင်း…ငါသိပြီး ဖြစ်တယ်၊ အခု မင်း…ငါ့ရဲ့ သုံ့ပန်း၊ ငါတို့အကြောင်းကိုတော့ မင်းဘာမှ သိခွင့်မရှိတော့ဘူး၊ မင်းရဲ့ဘုရင်ခံချုပ်ဆီကိုလဲ မင်းဘာမှအကြောင်းကြားခွင့်မရှိတော့ဘူး… နားလည်လား”

ဗြိတိသျှဖိုလ်သည် ကျောက်တုံးများခင်းထားသော စကြံလမ်းမြေပြင်နှင့် နဖူးထိလုမတတ်မျက်နှာကို ငိုက်ချကာ…

“ကျွန်ုပ်ကိုခွင့်လွှတ်ပါ၊ ကျွန်ုပ်ကိုခွင့်လွှတ်ပါ” ဟု မပီမသပြောနေသည်။

“ငါမေးတာကို… မင်းဖြေစမ်း”

သူ့အသံမှာ ပကတိအေးစက်တင်းမာနေပြီး ကြောက်စရာကောင်းနေသည်။

“မင်းရဲ့ဘုရင်ခံချုပ်ဟာ တို့ တိုင်းပြည်ကို ကျူးကျော်ဝင်ရောက် တိုက်ခိုက်သိမ်းပိုက်နိုင်ဖို့အထိအစီအစဉ်တွေ ချထားပြီးပြီ မဟုတ်လား…”

စတန်လီဘရ ခေါင်းမဖော်ချေ။



BURMESE CLASSIC .com

www.burmeseclassic.com



"ဖြေစမ်း…စတန်လီဘာရ၊ မင်းတို့ရဲ့စစ်ရေး ရည်ရွယ်ချက်ဟာ ပန်းဝါမဟုတ်ဘူး၊ ဧရာဝတီမြစ်ကြောင်းမှာ လှေသဘော်ချီပြီး နေပြည်တော်ကို လုပ်ကြံဖို့မဟုတ်လား…"

ဓားလှံသေနတ်ပေါင်း မြောက်မြားစွာဖြင့် ဝိုင်းဝန်း ချိန်ရွယ်၍ စစ်ဆေးသည်ကမှ သူ့အမေးစကားသံထက်ပို၍ သက်သာဖွယ်ရှိပေမည်ဟု ကျွန်ုပ်ထင်မိသည်။ သူ့အသံ၊ သူ့အကြည့်ကား…မီးလျှံခြောင်းခြောင်းလွတ်သော နဂါးတစ်ကောင်ပမာနှယ်တည်း။

"စတန်လီဘာရ"

ဟိန်း၍ထွက်လာသောသူ့အသံကို ဗြိတိသျှဗိုလ် မခံနိုင်တော့၊ ရဲရဲနီသော၊ သို့သော် အခိုးအငွေ့ လုံးဝမရှိတော့သော မျက်လုံးကြီးများကို လှန်၍ကြည့်ကာ တံတွေးကို အတန်တန်မျိုလျက် စတန်လီဘာရ အထစ်ထစ်အငေါ့ငေါ့ ဖြေလေသည်။

"ဟုတ်…ဟုတ်ပါတယ်၊ ဗိုလ်ချုပ်ကြီးခင်ဗျား"

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၇)

၁

ရေးနေရင်းမှ ကျွန်ုပ်၏ကညစ်သည် ပေပေါ်တွင် တုံ့ဆိုင်းသွားသည်။

အခြား တပ်မင်း၊ စစ်ကဲများကလည်း သူ့ကို ဝိုင်းကြည့်နေကြသည်။

မြဝတီဝန်ကြီး မဟာသီဟသူရက မျက်မှောင်ကြုတ်နေသည်။

"ဆက်ရေးပါ ဗိုလ်နေမျိုးရဲခေါင်ကျော်..."

သူ့အမိန့်အတိုင်း မင်းတရားကြီးထံ ပို့မည့် သဝဏ်ပေလွှာပေါ်သို့ ကျွန်ုပ်ကညစ်သွားကိုတင်လိုက်ရသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"...ဤသို့ စစ်တကောင်း၊ ပန်းဝါတို့ကို ကျွန်တော်မျိုးတို့ တိုက်ခိုက်အောင်မြင် အရေးတော်လှ သော်လည်း မျက်နှာဖြူတို့သည် ငြိမ်သက်နေကြလိမ့်မည် မဟုတ်ပါ။ ဟံသာဝတီနှင့်ဒဂုံကို ပင်လယ်ရေကြောင်းမှ ထိပါးနှောင့်ယှက်ရန်ရှိပါသည်။ ဟံသာဝတီတွင်လက်ရုံး နှလုံးပြည့်စုံသူ မှူးကြီးမတ်ကြီးတို့ အသင့်စီမံ၍ရပ်နေအပ် ပါကြောင်း ရွှေဖဝါးတော်အောက် တင်လျှောက်ပါသည်"

သဝဏ်ကို အပြီးသတ်၍ အနီးရှိနှားခံတစ်ဦးထံ ပေးလိုက်သည်။

ဝန်ကြီးဦးစက သဝဏ်အကြောင်း ဘာမှမပြော တော့ဘဲ သက်ပြင်းချလျက် အခြားမေးခွန်းတစ်ခုကို ပြောင်းလိုက်လေသည်။

"စစ်တကောင်းကို ဆက်ချီဖို့အရေးကော ဗိုလ်ချုပ်"

"စစ်တကောင်းကို မသိမ်းနဲ့၊ဒါပေမယ့်နတ်မြစ် တဝိုက်မှာ သူတို့အင်အား ထပ်ချထားနိုင်တယ်။ အနီး တစ်ဝိုက်ဒေသမှာ ရန်သူကို တွေ့ရင်တော့ တွေ့သမျှ နေရာမှာတိုက်ပြီး လက်နက်တွေကို သိမ်းပါ၊ ပန်းဝါမှာ တပ်အခိုင်စွဲပြီး မိုးတွင်းကာလမှာ ရပ်နေပါ၊ ဒီ အရေး

www.burmeseclassic.com



အတွက် ကိုစကိုပဲ ကျုပ်အရေးကုန် လွှဲလိုက်မယ်''

''ကောင်းပြီ ဗိုလ်ချုပ်''

''မိုးတွင်းကာလမှာ ဆန်စပါးရိက္ခာ စုဆောင်းသိုလှောင် ရပ်နေရင်းနဲ့လဲ ကိုစ တေးလင်္ကာရေးချိန်ရသွားတာပေါ့ . . .''

မြဝတီဝန်ကြီးက ပြုံးပြီး . . .

''အင်း . . . စစ်ချီမော်ကွန်းတွေချည်း ရေးဖွဲ့ဖြစ်လိမ့်မယ်ထင်တယ်''ဟုပြောလိုက်ရာတပ်မင်းများရယ်ကြလေသည်။

တပ်မင်း၊ စစ်ကဲများ ပြန်သွားကြပြီးနောက် ကျွန်ုပ်သည် မအောင့်အည်းနိုင်တော့သဖြင့် သူ့ကိုဖွင့်မေးရလေတော့သည်။

''မင်းကြီး၊ ကျုပ်တို့ပန်းဝါမှာ အရေးကုန်လှရဲ့သားနဲ့ ဘာကြောင့်စစ်တကောင်းအထိ ဆက်မသိမ်းတာလဲ၊ အခုဆိုရင် ဒက္ကား၊ကာလကတ္တားအထိ ချီလို့ရနေပြီမဟုတ်လား''

သူကကျွန်ုပ်ကို ပြုံး၍ လက်မောင်းကိုဆုပ်ကိုင်သည်။

''ကိုရင် သိပ်စစ်သွေးတက်ကြွနေလို့ဒီလိုပြော



BURMESE CLASSIC .com

www.burmeseclassic.com



တာဖြစ်မှာပါ၊ ခေါင်းအေးအေးထား စဉ်းစားလေ၊လူကျွံ တာထက် နွားကျွံတာက ပိုဆိုးတယ်မဟုတ်လား၊နွားကျွံ တာထက် တပ်ကျွံသွားတာက အဆိုးဆုံးပဲ၊ဘင်္ဂလားမြို့ တွေထဲကို ကျုပ်တို့တပ်တွေ ရောက်နေရင်ဒဂုံနဲ့ဟံသာ ဝတီမြို့တွေဟာ စည်းရိုးမဲ့တဲ့ အိမ်တွေလို ဖြစ်သွားမှာပေါ့၊ သူတို့စစ်သဘောတွေ အလုံးအရင်း ကြီးတယ်ဆိုတာကိုလဲ မမေနဲ့လေ. . .''

ကျွန်ုပ်မကျေနပ်နိုင်သေး။ ရန်လိုသော ဗြိတိသျှ တို့အား ယခုလို အသာစီးရနေချိန်တွင် အတွင်းအပြင် အကုန်အစင်တိုက်ခိုက် နှင်ထုတ်ပစ်လိုက်ခြင်းသည်သာ အကောင်းဆုံးဟု ထင်မိသည်။

''ရန်သူ့အင်အားကို ကျုပ်သိထားပြီးပြီကိုရင်၊ အာချီကင်းဘဲဆိုတဲ့ ဗိုလ်ချုပ်ဦးစီးတဲ့ တပ်တွေဟာ ရေကြောင်းတပ်တွေချည်းပဲ၊ဟောဒီမှာ ကြည့်၊ ဒါ. . . ပန်းဝါသုံ့ပန်း မျက်နှာဖြူဗိုလ်တွေကို စစ်မေးပြီး ရခဲ့တဲ့ အချက်တွေနဲ့ ကျုပ်တို့ရဲ့ အထောက်တော်တွေ စုံစမ်း ရခဲ့တဲ့ အချက်တွေကို စုပေါင်းအဖြေထုတ်ထားတဲ့စာရင်း ပဲ''

ဗြိတိသျှများအသုံးပြုသည့် ဖြူလွှသောဝါးစက္ကူ



BURMESE CLASSIC .com

www.burmeseclassic.com



တစ်ရွက်၊ မည်းနက်သော စာလုံးများမှာ…။

“ဗိုလ်ချုပ်မောရစ်ဆင်၊ ဗိုလ်ချုပ်အာချီကင်းဘဲ၊ ဗိုလ်မှူးချုပ် မက်ကရီ အုပ်ချုပ်သည့် တပ်မကြီးသုံးတပ်။ အမှတ်ဆယ့်သုံးနှစ်ဆယ့်လေး ရဲဂျီးမင့်တပ်များ၊ ဘုရင်ဧကရာဇ်၏ အမှတ်လေးဆယ့်တစ်နှင့် ရှစ်ဆယ့်ကိုး ရဲဂျီးမင့်တပ်များ၊ ဘင်္ဂလားတပ်အင်အားနှင့်ပေါင်းသော် စုစုပေါင်း တပ်သားတစ်သောင်း တစ်ထောင့်ငါးရာ။ အမြောက်တင် သင်္ဘောနှစ်ဆယ်၊ ပို့ဆောင်သင်္ဘော နှစ်ဆယ့်လေး၊ အရွယ်အစားအမျိုးမျိုး အမြောက်လေးဆယ့်ရှစ်…”

ကြီးမားလှသော အလုံးအရင်းပေပင်။

“ဆက်ဖတ်အုံး ကိုရင်”

“ကာလကတ္တားမှ ချီလာမည့် ဘင်္ဂလားတပ်မ မဒရစ်မှချီလာမည့် မဒရစ်တပ်မတို့ အတာသင်္ကြန် အပြီးလောက်တွင် အက်ဒမန်ကျွန်း၌ ဒဂုံ၊ မက်ကရီ ရေတပ်သည် မာန်အောင်ကျွန်း၊ ဝါဟင်ရေတပ်သည် ဟိုင်းကြီးကျွန်း…”

ဖတ်ပြီးသွားသောစာလုံးများကို ကျွန်ုပ်ငေးငိုင်ကြည့်နေမိသည်။ သူက ကျွန်ုပ်လက်ထဲမှ စက္ကူရွက်ကို



BURMESE CLASSIC .com

www.burmeseclassic.com



ဖြည်းညင်းစွာ လှမ်းဆွဲယူလျက်…

“ကျုပ်တို့တစ်တွေ မဏိပူရအာသံမှာ တိုက်နေကြကတည်းက ဗြိတိသျှတွေဟာ ဒီလိုအစီအစဉ်တွေချဖို့ ကျုပ်တို့ ပင်လယ်ကမ်းရိုးတန်းဒေသမှာ ပြင်ဆင်ခဲ့ပြီးသား ဖြစ်တယ်”

သူ့အမြော်အမြင် စီမံချက်အားလုံးကို ယခုမှပင် ကျွန်ုပ်နားလည်မိတော့သည်။

“စကြာဝန်ကြီးကို သွားခေါ်စမ်းပါကိုရင်၊ သူ့ကို ကျုပ်တာဝန်ပေးစရာရှိတယ်”

စကြာဝန်ကြီး သတိုးမဟာသေနာပတိကို ကျွန်ုပ်ကိုယ်တိုင် သွားခေါ်ရသည်။ သူ့စစ်တဲခန်းမတွင် အခြား တပ်မင်းစစ်ကဲများသာ လူပြောင်းသွားသော်လည်းသူကမူ တစ်ယောက်ပြီးတစ်ယောက်၊တစ်လှည့်ပြီး တစ်လှည့် ဒိုင်ခံတွေ့ဆုံအမိန့်ပေးနေသည်။

“စကြာဝန်… ကျုပ်ဒဂုံက ရေဝန်မင်းကြီးဆီကို ဗြိတိသျှတွေ အချိန်မရွေး ဝင်လာနိုင်ကြောင်း အကြောင်းကြားထားတယ်၊ ဒဂုံက အင်အားနည်းလှတယ်။ အကောင်းဆုံး အကာအရံဆိုလို့ လူသုံးရပ်တောင်မရှိတဲ့ သစ်တပ်ဝင်းပဲရှိတယ်၊ ခင်ဗျား ဒဂုံကို



BURMESE CLASSIC .com

www.burmeseclassic.com



သွားပါ။ ခင်ဗျားတပ်အားလုံး နုတ်ယူသွား၊ အမြန်ဆုံး ရောက်အောင်ချီ”

“ကောင်းပါပြီ ဗိုလ်ချုပ်”

စကြာဝန်ကြီးထွက်သွားသည်။

ထိုညတစ်ညလုံး သူမအိပ်ကြောင်း။ အိပ်တစ်ဝက် နိုးတစ်ဝက် ရှိနေခဲ့သော ကျွန်ုပ်လည်း သတိထားမိခဲ့ပေသည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၂

အငိုက်ဝင်ခြင်း၊ အလစ်စီးခြင်း၊ အင်အားကြီးစွာ အသုံးပြု၍ အလုံးအရင်းနှင့်ဖိခြင်း… တည်းဟူသော စစ်ရေးဗျူဟာကို ဗြိတိသျှတို့ အသုံးပြုကြပေပြီ။

ဓညဝတီတွင် အခိုင်အမာတပ်စွဲရင်း ရခိုင်ပြည်၏ ဗြိတိသျှရန်စလက်ငုတ်တို့ကို ရှင်းလင်းချေမှုန်းရင်း ရွှေနန်းတော်မှ 'တပ်ပြန်နှုတ်စေ အမိန့်တော်' ကို စောင့်ဆိုင်းနေရသော ကျွန်ုပ်တို့တပ်မများမှာ နိုင်ငံတော်အောက်ပြည်ဒေသမှ စစ်သတင်းများကို စိတ်မချမ်းမြေ့စရာ ကြားသိနေရလေသည်။

ကဆုန်လထဲတွင် ဒဂုံမြို့ကျခြင်း၊ သိင်္ဂုတ္တရကုန်းတော်ပေါ်တွင် ဗြိတိသျှတပ်တို့ တပ်စွဲလိုက်ကြခြင်း၊ သတိုးမင်းကြီး မဟာမင်းခေါင်နှင့် သတိုးမဟာသေနာ



BURMESE CLASSIC .com

www.burmeseclassic.com



ပတိတို့ ဦးစီးသော တပ်တော်များနှင့် ဗြိတိသျှအမြောက်တပ်တို့ ပြင်းစွာတိုက်ခိုက်ကြခြင်း၊ ကြည့်မြင်တိုင်တွင် တိုက်ပွဲကြီး သုံးကြိမ်ဖြစ်ပွားခြင်း၊ သန်လျင်ခံတပ်ကျခြင်း၊ ထို့နောက် ထားဝယ်၊မြိတ်၊မုတ္တမမြို့များနှင့်တကွ ပဲခူးအထိ ရန်သူတို့ ဝင်ရောက်သိမ်းပိုက်လိုက်ကြခြင်း။

နောက်ဆုံးတွင်ကား သတိုးမင်းကြီး မဟာကျဆုံးသွားကြောင်း သတင်းရရှိခဲ့လေသည်။ ထိုသတင်းကို ရပြီးသည့်နောက် သူက ဧည့ဝတီတပ်များ အာလုံးကို အသင့်ပြင်ထားရန် အမိန့်ထုတ်လိုက်သည်။

မရှေးမနှောင်းမှာပင် မင်းတရားထံမှ အမိန့်တော် ရောက်လာသည်။

"ညီတော်သာယာဝတီမင်း မဟာသီရိသီဟသူရဓမ္မရာဇ်ကို ဗိုလ်မှူးဗိုလ်ချုပ်ခန့်၍ အောက်ပြည်အရပ်ဒဂုံနှင့် မနီးမဝေးခနေဖြုသို့ တပ်စေတော်မူသည်။

မြဝတီဝန်ကြီးအား ဧည့ဝတီ၌ အုပ်ချုပ်မြဲတပ်တော်များနှင့်အတူ အုပ်ချုပ်နေစေ။

သတိုးမင်းကြီး မဟာဗန္ဓုလနှင့်တပ်များက ဟံသာဝတီစစ်မျက်နှာတွင် ကွပ်ညှပ်ရန် အမြန်ဆုံးပြန်လာစေ"



BURMESE CLASSIC .com

www.burmeseclassic.com



အမိန့်တော်ရောက်လာသည့်အချိန်ကာလ ကား ညေဝတီမှ စလင်းဆင်ဖြူကျွန်းအရောက်၊ ရိုးမတကျော၊ တောကြီးတောင်ကြီး၊ ချောက်ကမ်းပါးကြီးများတွင်မိုးကြီး သည့်ထန်စွာ ဖြိုင်ဖြိုင်ကျနေသော ဝါဆိုလပင်တည်း။

သည်မျှ ကြမ်းတမ်းခက်ခဲလှသော စစ်ဆုတ် လမ်းခရီးတွင် သည်မျှဆိုးရွားပြင်းထန်သော ရာသီဥတု ကိုဖြတ်၍ အင်းဝသို့ပြန်မည့်အရေးကား မတွေးဝံ့စရာ ပင် ဖြစ်တော့သည်။

ခြေကျင်းဝတ် အထက်အထိ ရေမြုတ်နေသော တပ်စခန်းကွင်းပြင်ကြီးထဲတွင် ကျွန်ုပ်တို့တပ်များ ပြင်ဆင် လိုက်ကြရသည်။

မိုးရေ ရွှဲရွှဲစိုသော သေနာပတိဝတ်ရုံစကြီးကို ဖါးဖါးလျားလျား ခြုံလွှမ်းကာ မြင်းပေါ်တွင် တည့်မတ်စွာ ထိုင်လျက်ခေါက်တုံ့ခေါက်ပြန် သွားနေသောသူ့ထံမှ တဝေါဝေါမိုးပေါက်သံကြီးကို ကျော်လွှားအုပ်မိုးသွားသည့် အသံဝါကြီး ထွက်ပေါ်လာလေသည်။

"တပ်တွေအားလုံးအသင့်ပြင်၊အဆိုးဆုံးရာသီ ဥတု အကြမ်းဆုံးခရီးကို အမြန်ဆုံးငါတို့ဖြတ်ကြရမယ်၊ ညေဝတီကနေ စလင်းဆင်ဖြူကျွန်းအထိ ချီတက်ချိန်



BURMESE CLASSIC .com

www.burmeseclassic.com



ကာလခုနှစ်ရက်ပဲ သတ်မှတ်တယ်၊ ကမ္ဘည်းတွင်မယ့် စစ်ခရီးကို ချီကြစို့ သွေးသောက်တို့''

ဧည့ဝတီသို့ ချီခဲ့စဉ်က နေပြည်တော်မှသည် ရှုရဟတ်သို့ စစ်ချီကာလမှာ တစ်လသာကြာမြင့်ခဲ့သဖြင့် ကျွန်ုပ်တို့ အတိုင်းမသိ အံ့ဩခဲ့ရသည်။

သို့ဆိုပါလျှင် ယခုဧည့ဝတီမှ စလင်းဆင်မဖြူ ကျွန်းသို့ မိုးကြီးလေကြီးထဲတွင် တောတောင်ချောက် ကမ်းပါးအထပ်ထပ်ကို ဖြတ်၍ ခရီးကြမ်းနှင်ခဲ့သော 'ရက်သတ္တပတ်'သည် 'မယုံနိုင်လောက်စရာ အံ့ဩဖွယ်ကောင်းသော'စစ်ခရီးဟု ဆိုရမည် ဖြစ်သတည်း။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၃

အမ်းမြို့မှသည် မင်းလွှင်ရွာ၊ မင်းလွှင်ရွာအနီး တောင်ကြားလမ်းမှတဆင့် မန်းချောင်းကိုစုန်၊ထို့နောက် အရှေ့ဘက်ကမ်းရှိ ငဖဲမြို့အထိ။

ဤလမ်းခရီးကို သူက 'အမ်းတောင်ကြားလမ်း စစ်ချီခရီး' ဟု အမည်ပေးလိုက်သည်။

တောင်ဆင်း တောင်တက်၊မြစ်ကူး၊ချောင်းကူး ခရီးတွင် တဝေါဝေါဝါးလုံးထိုးစီးနေသော တောင်ကျရေများ၊ ရေတံခွန်များက နေရာတိုင်းတွင် ဟန့်တားနေကြသည်။

ပုဆိန်များကိုအသုံးပြုကာ ဖောင်များဖွဲ့ကြရသည်။ ရဲမက်တစ်သောင်း၊ ဆင်ငါးရာ၊ မြင်းငါးရာ၊



BURMESE CLASSIC .com

www.burmeseclassic.com



သေနတ် အမြောက်စိန်ပြောင်းများကို ခက်ခက်ခဲခဲ ရွေးနုတ်၍ တပ်ချီရသည်။ နေ့ညဥ့်မပြတ် တဖြုန်းဖြုန်း ရွာချနေသော မိုးသီးမိုးပေါက်ကြီးများသည် ကြာသော် ကျွန်ုပ်တို့၏ စစ်ချီခရီးတစ်လျှောက်၏ ရင်းနှီးသောအဖော် ဖြစ်လာသည်။

သို့ဖြင့်...

သူ အမိန့်ထုတ်သည့် ရက်သတ္တတစ်ပတ်အတွင်း မှာပင် ကျွန်ုပ်တို့အားလုံး စလင်းဆင်မဖြူကျွန်းသို့ရောက် ခဲ့ကြလေသည်။

ဆင်မဖြူကျွန်းတွင် တပ်စွဲလိုက်သည့်ညဥ့်၊ တပ်မင်းစစ်ကဲဗိုလ်မှူးများ ဆုံကြခိုက် သူ့တဲထဲတွင်ကျွန်ုပ် မချုပ်မတီးနိုင် ထုတ်ဖော်ကြွေးကြော်မိလေတော့သည်။

"မင်းကြီး၊ အခု ကျွန်တော်တို့ ချီခဲ့ကြတဲ့ခရီးကို မင်းကြီးက အမ်းတောင်ကြားလမ်းလို့ အမည်ပေးခဲ့ပေ မယ့်နောင်သောအခါမှာ ဒီလမ်းကို'မင်းကြီးမဟာဗန္ဓုလ လမ်း'လို့ ဂုဏ်ပြုခေါ်ကြမှာ အမှန်ပါပဲ"

သူကရင်ကျက်သောအပြုံးဖြင့် ပြန်ပြောသည်။

"မဟာဗန္ဓုလနှင့်သွေးသောက်များလမ်းလို့ခေါ် တာ ပိုမှန်မယ်"



BURMESE CLASSIC .com

www.burmeseclassic.com



စလင်းဆင်ဖြူကျွန်းတွင် တပ်များစွဲထားစေပြီး နောက်တစ်နေ့မှာပင် ကျွန်ုပ်နှင့်ကျော်သူ ရွှေတောင်နော်ရထာတို့ နှစ်ယောက်ကိုခေါ်ပြီး သူ နေပြည်တော်သို့ ထွက်သည်။

ဟံသာဝတီဒေသရှိ ရန်သူ့အရေးအတွက် ကျွန်ုပ်တို့သည် ဘကြီးတော်မင်းတရား၏ အမိန့်တော်ကို ခံယူကြရဦးမည်။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၈)

၁

သေနတ်သမားသုံးသောင်းငါးထောင်၊မဏိပူရ မြင်းတပ်သား ခုနှစ်ရာ၊ ရဲမက်တပ်သား နှစ်သောင်း၊ ဆယ့်နှစ်အောင်စကျည်လုံးများကို ပစ်ခတ်နိုင်သည့်ဘီး လှည်းတပ် စိန်ပြောင်းငယ်များ၊ အမြောက်တင်ဆင်များ အလုံးအရင်းကြီးစွာ ပါဝင်သော ကျွန်ုပ်တို့တပ်မတော် ကြီးသည် ဆောင်းဦးရာသီမှာပင် နေပြည်တော်မှချီခဲ့ပြီး ရန်ကင်းစံရာ မြစ်ဝ၊လှိုင်မြစ်၊မှော်ဘီ၊ဂူကြီး၊ကျွဲကူးဆိပ်မှ တက်၍ ကျိုက္ကလို့နှင့် တံတားကြီးသို့အရောက် ချီတက် တပ်စွဲလိုက်ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



တပ်မတော်ကြီး၏ ဦးစီးချုပ်ကား ယခုအခါ စစ်တောင်းမြို့ကိုပင် မင်းတရားအမိန့်တော်အရ ထပ်မံပိုင်စားရပြီဖြစ်သော 'သတိုးသုဓမ္မမဟာ' ဘွဲ့မည်ဖြင့် ထပ်မံချီးမြှင့်ခြင်းခံရသော 'မဟာသေနာပတိ' မင်းကြီးမဟာဗန္ဓုလပင်တည်း။

ဒဂုံတိုက်ရန် စစ်ကြောင်းကြီးငါးကြောင်းခွဲ၍ ကျွန်ုပ်တို့ စစ်မျက်နှာ ဖွင့်လိုက်ကြသည်။

ဗိုလ်မင်း၊ တပ်မင်းအားလုံးစုံညီစည်းဝေးပွဲတွင် သူက ရဲရဲတောက်စကားကို ဆိုလေသည်။

"ရန်သူကို ဧရာဝတီဘက်ကနေ ငါတို့ခြောက်လှန့် မောင်းထုတ်လိုက်တယ်၊ ကုန်းကြောင်းနဲ့မဝင်သာလို့ သင်းတို့ ရေကြောင်းကဝင်ဖို့ကြိုးစားလာကြပြီ၊တစ်ကျွန်းသား ကုလားဖြူတွေရဲ့မိစ္ဆာစိတ်ကို မင်းတို့အားလုံးသိပြီးကြပြီဖြစ်တဲ့အတွက် ငါအရှည်အဝေးမပြောတော့ဘူး၊ အရေးအကြီးဆုံးတစ်ခုပဲ ပြောမယ်၊ ဒီအရေးကို အလေးအနက်ထားကြ၊ပေါ့ပေါ့ဆဆရှိယင် တစ်မျိုးလုံးသူ့ကျွန်ဖြစ်မယ်၊ သိင်္ဂုတ္တရကုန်းတော်မြေကို ငါတို့သွေးစက်၊ အသက်နဲ့လဲယူရမယ့်အရေး၊ သည်တစ်ပွဲပြီးရင်ဗြိတိသျှပိုင်တိုင်းပြည်အထိ တက်သိမ်းဖို့ပဲရှိတော့တယ်၊ ရင်မြေ



BURMESE CLASSIC .com

www.burmeseclassic.com



ကတုတ်လုပ်၊ ရှိသမျှလက်ရုံးနှလုံးအစွမ်းကုန် ထုတ်ပြီး တိုက်ကြတော့ သွေးသောက်တို့'' အမြဲတစေ အေးဆေး တည်ငြိမ်ခဲ့လေသော သူ့ထံမှ ဤမျှစိတ်လှုပ်ရှားဖွယ်ရာ စကားလုံးတို့ကို ကြားရကတည်းက သည်အရေးသည် သွေးနှင့် ကမ္ပည်းရေးထိုးရတော့မည့်အရေးတော်ကြီးဖြစ် ကြောင်း ကျွန်ုပ်နားလည်လိုက်တော့သည်။

ထို့နောက် သူသည်သက်ဆိုင်ရာ ဗိုလ်ချုပ်များကို တစ်ယောက်ပြီးတစ်ယောက်ခေါ်ကာ အမိန့်တစ်ခုပြီး တစ်ခု ထုတ်ဆင့်လေသည်။

''တံတားကြီးမှာ ဗဟိုတပ်မစွဲပြီး ဌာနချုပ်ထား မယ်၊ ဒလကနေကြည့်မြင်တိုင်၊ ကြည့်မြင်တိုင်ကနေ ပုဇွန်တောင်အထိ စက်ဝိုင်းခြမ်းသဏ္ဍာန်ထားပြီး ရန်သူ ကို ဝိုင်းရံမယ်... နားလည်ကြလား''

နားလည်ကြောင်း အားလုံးက ပြောကြသည်။

''မြို့လတ်ဝန်ကြီး မဟာမင်းလှမင်းခေါင်ကျော်''

''ရှိပါတယ် ဗိုလ်ချုပ်''

''အင်အားသုံးထောင်နဲ့ အရှေ့မျက်နှာ ပုဇွန်တောင်ကနေ စစ်ဖွင့်ချီ''

''ကောင်းပါပြီ ဗိုလ်ချုပ်''



BURMESE CLASSIC .com

www.burmeseclassic.com



“မင်းထင်မင်းခေါင်”

“ရှိပါတယ်မိုလ်ချုပ်”

မင်းထင်မင်းခေါင်ကား… သူ့ညီအရင်း ဖြစ်လေသည်။ မင်းထင်မင်းခေါင်သည် စိတ်လှုပ်ရှားနေဟန် ဖြင့်လက်များကို ပွတ်သပ်ဆုတ်နယ်နေသည်။ ဘာကြောင့်မှန်းမသိ၊ သူ့ကို လေးစားမြတ်နိုးသလောက်သူ့ညီ မင်းထင်မင်းခေါင်ကို ကျွန်ုပ်စိတ်ထဲတွင် မတွေ့လှ။

“အင်အားသုံးထောင်၊ မြောက်ဘက်မျက်နှာ ဆံတော်ကြိုလမ်းကချီ”

“ကောင်းပါပြီ မိုလ်ချုပ်”

မင်းထင်မင်းခေါင်အသံ မသိမသာ တုန်နေသည်ဟု ကျွန်ုပ်ထင်သည်။

“အတွင်းဝန်ကြီး မဟာမင်းလှရာဇာ၊ အင်အားသုံးထောင် ကုန်းတော်ခံတပ်ကို တိုက်”

“ကောင်းပါပြီ မိုလ်ချုပ်”

“လက်ဝဲမင်းမှူး မဟာမင်းလှဇေယျာသူနဲ့ စားတော်ဝန် မင်းလှမင်းခေါင် အင်အားလေးထောင်၊ အနောက်မျက်နှာ ကြည့်မြင်တိုင်”

“သတို့မင်းကြီး၊အင်အားသုံးထောင်၊ဒလဘက်ကချီ”



BURMESE CLASSIC .com

www.burmeseclassic.com



စစ်မျက်နှာဖြန့်လိုက်သော သူ့သေနင်္ဂကိုကျွန်ုပ် ရုပ်ပုံဖော်ကြည့်လိုက်သည်။ ရန်သူတပ်စွဲထားသည့် ရွှေတိဂုံကုန်းတော်ကို ဗဟိုပြု၍ ဝန်းရံလိုက်စေသော ဗျူဟာကား ဂဏန်းလက်မသဏ္ဌာန် စစ်ထိုးအစီအရင်ပင် ဖြစ်လေသည်။

ပြာသိုလပြည့်နေ့ နံနက်ခင်းမှ စတင်လှုပ်ရှား ချီတက်ကြသော တပ်မကြီးများသည်၊တစ်နေ့ခင်းအတွင်း မှာပင်ရွှေတိဂုံစေတီ၏ အရှေ့တောအုပ်စွန်းမှသည်ဒဂုံ နှင့် အမြောက်တစ်ကမ်းအကွာ ပုဇွန်တောင်မြစ်ကမ်း အထိ တပ်ချင်းဆက်မိသွားသည်။ ဗဟိုစစ်ကြောင်းကား စေတီတော်မြတ်ဘက် တောအုပ်အတွင်းမှာ ရှိနေလေ သည်။ တပ်စုံပြီးပြီးချင်း ကတုတ်ကျင်းများ တူးကြရာ ညနေမစောင်းမီမှာပင် စစ်ကြောင်းကြီးများကို ရန်သူ့ မြင်ကွင်းကွင်းမှ ကိုယ်ရောင်ဖျောက်နိုင်ခဲ့ကြပြန်သည်။

ဤစစ်ကြောင်းတစ်လျှောက်တွင် ကတုတ်ကျင်း တစ်ခုမှတစ်ခုသို့ တပ်တစ်ခုမှတစ်ခုသို့၊ နေ့နေ့ညည လှည့်လည် စစ်ဆေးနေတတ်သူမှာ သူ···မဟာဗန္ဓုလ ပင်တည်း။

ညဉ့်အချိန်များတွင် မထောင်းသာလှစေကာမူ



BURMESE CLASSIC .com

www.burmeseclassic.com



နေခြည်ဝင်းပြက်သော ဆောင်းတွင်းနေ့အချိန်များတွင်ကား သူဆောင်းသောရွှေထီးသည် ကုန်းတော်ပေါ်မှ ရန်သူတို့အတွက် အလွန်ထင်ရှားသော ပစ်ကွင်းဖြစ်နေသောကြောင့် သူ့အတွက် ကျွန်ုပ်စိုးရိမ်လှတော့သည်။

ထို့ကြောင့် သူ့ကိုကျွန်ုပ်က သတိပေးစကားပြောမိသောအခါ သူက ကျင်စွယ်နှုတ်ခမ်းမွေးများကို အသာအယာသပ်လျက်...

"မစိုးရိမ်ပါနဲ့၊သူတို့ပုံးဆန် ကျုပ်ကိုမရောက်နိုင်ပါဘူး"

ဟုပြောလေသည်။

မည်သို့ဆိုစေ...သူကိုယ်တိုင်စစ်ကြောင်းများအသီးသီးသို့လိုက်ပါ ကွပ်ကဲနေသောကြောင့် တပ်တော်သားတို့မှာ မကြုံဖူးအောင် တက်ကြွနေကြလေသည်။ ကျွန်ုပ်တို့တပ်များ၏ မြေကတုတ်ကျင်းများမှာလည်း တစ်စတစ်စ ဗြိတိသျှတပ်များချထားရာ ကုန်းတော်ဘက်ဆီသို့ တိုးရွေ့နီးကပ်လာကြသည်။

သို့သော် ရန်သူတို့မှာ တောင်ထိပ်ခံတပ်ကဲ့သို့ အကာအကွယ်ရထားလေ၏။ကုန်းတော်ပေါ်မှ စီးနင်းပစ်ခတ်ခွင့်ရနေကြသဖြင့် သူတို့ဘက်မှတစ်ပမ်းသာနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သွေးဆေးကန်တစ်ဘက် တောင်တန်းတစ်ဝိုက်ကား တိုက်ပွဲ အပြင်းအထန်ဆုံး ဖြစ်တော့သည်။

ဒုတိယအပြင်းအထန်ဆုံးမှာ ရန်သူ၏ ကြည့်မြင်တိုင်ခံတပ်နှင့် ကျွန်ုပ်တို့၏ လက်ယာဘက်စစ်ကြောင်းတပ်များ ရင်ဆိုင်တွေ့ကြသော တိုက်ပွဲပင် ဖြစ်လေသည်။

တိုက်ပွဲများ အပြင်းအထန်ပေါ်ပေါက်နေသည့် ကာလအတွင်းမှာပင် သူကစစ်ကြောင်းဦးစီးမှူးများကို ခေါ်ယူတွေ့ဆုံကာ ထိုးစစ်အစီအမံတစ်ခုကို ချမှတ်ပြန်သည်။

"မြစ်ကြောင်းမှာရန်သူ့စစ်သင်္ဘောတွေ ပိတ်ဆို့နေတာကို သဘောမကျဘူး၊ ဒါဟာအန္တရာယ်တစ်ခုပဲ၊ သူတို့ ကရူဇာစစ်သင်္ဘောတွေဟာ ကမ်းကိုကောင်းကောင်း ဒုက္ခပေးနိုင်တယ်"

သူ့အစီအမံဖြင့် ကျွန်ုပ်တို့သည် ဗြိတိသျှသင်္ဘောများကို ချောက်ချားနိုင်စေခဲ့ကြသည်။

ပုဇွန်တောင်ချောင်းနှင့် ကြည့်မြင်တိုင်ချောင်းတို့မှ ရေအကျတွင် မီးဖောင်များအချိန်ကိုက် လွှတ်မျှောလိုက်ကြသည်။

ကျွန်ုပ်တို့၏ မီးဖောင်များမှာ ဝါးများကိုဖောင်ဖွဲ့၊



BURMESE CLASSIC .com

www.burmeseclassic.com



ဝါးနှစ်စည်းသုံးစည်းကြားတွင် ရေနံ၊ ဂွမ်းလောင်စာ အပြည့်သိပ်သည့် မြေအိုးများကို ထည့်သည်။ ယမ်းပါ သော လောင်စာကိုမူ ဖောင်ပေါ်တွင် အနှံ့အပြား စုပုံ ထားလိုက်သည်။ ဝါးအဆက်ဆက်တွဲကာ နာဖားအရှင် ပြုလုပ်ထားသောကြောင့် ရန်သူ့စစ်သင်္ဘောရှိရာသို့ ဖောင်များ ရောက်သွားသောအခါ သင်္ဘောကို အလို အလျောက် ဝန်းရံရစ်ပတ်သွားကြသည်။ ဤသို့ဖြင့် စစ် သင်္ဘောမှာ မီးဝိုင်းလောင်ကျွမ်းခံကြရတော့သည်။

ည တိုက်ပွဲများမှာပင် ကျွန်ုပ်တို့၏ မီးဖောင်မှ မီးရောင်များသည် နေ့ကာလဟု ထင်ရလောက်အောင် မီးတထိန်ထိန် ထွန်းလင်းနေလေသည်။

သူတို့၏ သင်္ဘောများမှာ မီးဖောင်များကြောင့် ဒုက္ခတွေ့ကုန်ကြသည်။ 'တိမ်မောက်'အမည်ရှိ ကရူဇာ စစ်သင်္ဘောကား အကြီးအကျယ် မီးစွဲလောင်သွားလေ သည်။

သို့သော်… သူတို့ အင်အားကြီးစွာဖြင့် ခုခံ နေသော 'သိင်္ဂုတ္တရကုန်းတော်'သို့ ကျွန်ုပ်တို့တပ်များ မတက်နိုင်ကြသေး။

◆ ◆ ◆

www.burmeseclassic.com

၂

မိုလ်ချုပ်မင်းကြီး မဟာမင်းလှရာဇာ၏ တင်းမာသုန်မှုန်နေသော မျက်နှာထားကို တွေ့လိုက်ရကတည်းက အရေးတော်တစ်စုံတစ်ခု မလှမပဖြစ်နေပြီဟု ကျွန်ုပ်နားလည်လိုက်သည်။ မင်းကြီးမဟာ မင်းလှရာဇာကား တိုက်ပွဲအပြင်းအထန်ဆုံး သွေးဆေးကန်စစ်ကြောင်း၏ ဦးစီးမိုလ်ချုပ်ဖြစ်လေသည်။

တဲထဲသို့ ကျွန်ုပ်ဝင်သွားသောအချိန်တွင် သူနှင့် မင်းကြီးမဟာမင်းလှရာဇာတို့သည် တစ်ခုခုကို အကြိတ်အနယ် ဆွေးနွေးနေကြဟန်ရှိသည်။ သူက ကျွန်ုပ်ကို တစ်ချက်မျှ စွေကြည့်လိုက်ပြီး မင်းကြီးမဟာမင်းလှရာဇာနှင့် မျက်နှာချင်း ပြန်ဆိုင်သည်။

ရတနာပုံစာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com



“အကျအဆုံး အချိုးအစားချင်း တူတယ်ပဲဆို စေဦး သူတို့ဘက်က စစ်မြေပြင်အကွက်အကွင်းပိုပြီး ကောင်းနေတယ်ဗိုလ်ချုပ်”

မဟာမင်းလှရာဇာက ပြောလက်စဖြစ်ဟန်တူသော စကားကို ဆက်ပြောသည်။ ကျွန်ုပ်က သူ့နောက်ပါးသို့ ဝင်ရပ်ကာ သူတစ်ခုခု အမိန့်ပေးလျှင် အသင့်ရှိနေအောင် ပြင်ဆင်ထားလိုက်သည်။

“ကျုပ်တို့ အားကိုးနိုင်တဲ့ သေနင်္ဂက ပြောက်ကျားပဲ ရှိနေတယ်၊ သစ်ပင်ပေါ်က ခြုံပုတ်တွေထဲက ထွက်ပြီး တိုက်တယ်၊ ညဘက်မှာ ခံတပ်ကိုအလစ်ဝင်တိုက်တယ်၊ ဒါကျုပ်တို့အလုပ်နိုင်ဆုံးထိုးစစ်ပဲ၊သင်းတို့ရဲ့ အမြောက်တပ်ခံတပ်တွေကို အလုံးအရင်းနဲ့တက်စီးဖို့ အခွင့်မသာဘူး”

မဟာမင်းလှရာဇာသည် ပင်ပန်းနွမ်းနယ်နေဟန် ရှိလေသည်။ သူစကားပြော မှားသွားမည်ကို ကျွန်ုပ်က စိုးရိမ်နေမိသည်။

မဟာမင်းလှရာဇာက တစ်ခုခု ဆက်ပြောမည် အပြုတွင် သူက လက်ကာပြလိုက်လေသည်။ ထို့နောက် သူက တည်ငြိမ်သောအသံဖြင့်...



BURMESE CLASSIC .com

www.burmeseclassic.com



"စစ်ကြောင်းအားလုံးက သတင်းတွေကို ကျုပ်ရပြီးပါပြီ၊ အခြေအနေအရပ်ရပ်ကိုလည်း ကျုပ်သုံးသပ်ပြီးပြီ၊ ကျုပ်တို့လူတွေ ကိုင်ရတဲ့သေနတ်တွေဟာ၊သူတို့အရှေ့အိန္ဒိယကုမ္ပဏီက အသုံးမဝင်လို့ ဖျက်ဆီးပစ်ဖို့သိုလှောင်ထားတဲ့ အင်္ဂလိပ်လုပ် သေနတ်တွေဖြစ်နေတာက ဆိုးတယ်၊ ရဲမက်တစ်ယောက်ကို သေနတ်တစ်လက်အတွက် ကျည်ဆန်ဆယ်တောင့်နဲ့ ယမ်းမှုန့် ထုတ်ပေးရပေမယ့် တစ်တောင့်ထိုး သေနတ်တွေ ဖြစ်နေတယ်။ တစ်ခါပစ်ပြီးရင် နောက်တစ်ခါ ကျည်သွင်းဖို့အတွက် အချိန်ယူနေရတယ်၊ ရင်ဆိုင်တိုက်ပွဲမှာ ဒီလိုကျည်ဆန်အသစ်သွင်းဖို့ ယူရတဲ့အချိန်လေးဟာ အင်မတန် အရေးပါတယ်။ ကောင်လေးတွေ ကျည်အသစ်တစ်တောင့်အသင့်မဖြစ်ခင်မှာ သင်းတို့ လှံစွပ်တွေက ဝင်လာတယ်မဟုတ်လား…"

"ဟုတ်တယ် ဗိုလ်ချုပ်…"

"ကိုရင် သေစ်လှံရှည် ကမ်းလိုက်စမ်းပါ"

သူ့လက်ထဲသို့ လှံရှည်ထည့်ပေးလိုက်ရသည်။ သူက နံရံတွင် ချိတ်ဆွဲထားသော တိုက်ပွဲမြေပုံကားချပ်ဆီသို့ လှံသွားဖြင့် ထောက်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ဒီမှာ မြောက်ဘက်စစ်ကြောင်း၊ ဒါကရွှေတိဂုံဘုရား၊ ဒါခင်ဗျားရဲ့တပ်တွေမဟုတ်လား"

"ဟုတ်ပါတယ်…"

"ဘုရားမြောက်ဘက်က ခင်ဗျားတပ်တွေရယ်၊ လက်ဝဲစစ်ကြောင်းက မဟာမင်းလှမင်းခေါင်ရဲ့တပ်တွေရယ်၊ ဆံတော်ကြိုလမ်းက မင်းထင်မင်းခေါင်ရဲ့တပ်တွေရယ်၊ ဟောဒီလမ်းကြောင်းအတိုင်း ဆုတ်ခဲ့…"

လှံသွားသည် အရှေ့မြောက်အရပ်ဆီသို့ ရွေ့နေသည်။

"ကန်ပွဲနဲ့ တာမွေဝါးပိုးတပ်မှာ တပ်အားလုံးဆုံကြ၊ သစ်တပ်ကို အပြင်ကရံပြီးတပ်ဆောက်၊သစ်တပ်ဝန်းကျင်မှာ မြောင်းတူး၊ မြောင်းထဲမှာ ဝါးချွန်စိုက်၊ ခံတပ်ကို ဗယ်၊ ညာ သစ်တပ်နှစ်ခုနဲ့ ရံရမယ်၊တောင်ပံနှစ်ခုဟာ အရှည်အတောင်ရှစ်ရာ၊ အကျယ်ကအတောင်လေးရာရှိရမယ်… မှတ်မိလား"

"မှတ်မိပါတယ်"

"တပ်အားလုံးကို ခင်ဗျားကတစ်ဆင့် သိပါစေ၊ တပ်ဆုတ်တာ မဟုတ်ဘူး"

"မှတ်မိပါတယ်"

www.burmeseclassic.com



“ထိုးစစ်ကနေ ခံစစ်ပြောင်းတာ၊ ခံစစ်ဆိုတာဟာ စစ်တိုက်ခြင်းပဲ”

လုံသွားကို ပြန်ရုပ်လိုက်သည်။ မဟာမင်းလှရာဇာထံမှလည်း သူ့မျက်နှာလွှဲလိုက်သည်။ဗိုလ်ချုပ်မဟာမင်းလှရာဇာက သူ့ကို အတန်ကြာ စူးစိုက်ကြည့်နေပြီးမှ တိတ်ဆိတ်စွာ ထွက်သွားလေသည်။

မဟာမင်းလှရာဇာ အပြင်ရောက်သွားပြီးမှ သူက ကျွန်ုပ်ကို လုံရှည်ပြန်ပေးသည်။ လုံရှည်ကိုနေရာတွင် ပြန်သိမ်းပြီး ကျွန်ုပ်လည်း တဲထဲမှထွက်တော့မည်ဟု ခြေလှမ်း အပြင်လိုက်မှာပင်... သူက

“ခဏ နေအုံး... ကိုရင်သစ်”

သူ့အသံမှာ အမိန့်ပေးသံမဟုတ်၊ ရောင်းရင်းချင်း ရင်းနှီးစွာ ပြောသံဖြစ်နေသောကြောင့် ကျွန်ုပ်စိတ်ထဲ ထိခိုက်သွားမိလေသည်။

“ထိုင်စမ်းပါအုံး...”

သူ့ရှေ့တွင် ထိုက်လိုက်သည်။

“ရန်ကုန်တိုက်ပွဲအခြေအနေအကြောင်း ကိုရင်သိပြီးပြီမဟုတ်လား”

မမျှော်လင့်သော မေးခွန်းကြောင့် ကျွန်ုပ်ဘာ



BURMESE CLASSIC .com

www.burmeseclassic.com



ပြန်ပြောရမှန်းမသိ။ စင်စစ်မူ စစ်ပွဲအခြေအနေကိုသူနှင့် အနီးကပ်ဆုံးဖြစ်သော ကျွန်ုပ်က အခြားစစ်ဦးစီးဗိုလ်ချုပ်များထက်ပင် ပိုသိလိမ့်မည်ဟု ထင်သည်။ယခုလိုသူက မေးလာသည်မှာလည်း စင်စစ်မူ၊မည်ကာမတ္တ အမေးစကားသာ ဖြစ်သည်။ အဖြေကိုတောင်းသည့် အမေးစကားမဟုတ်၊ တစ်ခုခုပြောလို၍ ပျိုးသောစကားနိဒါန်းသာ ဖြစ်မည်ထင်သည်။

"ရန်ကုန်စစ်မြေပြင်မှာ ကျုပ်တို့အရေးမသာကြဘူး၊ မြစ်ထဲမှာစစ်လှေနှစ်ရာ ဆုံးခဲ့တယ်၊ ကုက္ကိုင်းနဲ့ သွေးဆေးကန် တိုက်ပွဲတွေမှာ ကျုပ်တို့ဘက်က အများအပြားကျဆုံးခဲ့ရတယ်၊ ကျုပ်တို့ ခံတပ်တွေဟာ အခုအချိန်မှာ ရန်သူ့အမြောက်ဆန်၊ ဗုံးဆန်ကို ဖွင့်ကြိုဆိုနေတဲ့ ပစ်မှတ်တွေ ဖြစ်နေကြတယ်၊ လက်နက်ချင် မယှဉ်သာအောင် ဖြစ်နေတယ်"

ရှုံးနိမ့်ခြင်းအကြောင်းကို ကျွန်ုပ်လည်း နားမထောင်ချင်၊ သူ့ကိုလည်း မပြောစေချင်၊ စိတ်လက်မချမ်းသာစွာဖြင့် ကျွန်ုပ်မှာ ဆက်နားထောင်နေရသည်။

"စစ်သည် တစ်ဦးချင်းအနေနဲ့၊ ဗြိတိသျှတွေကို ကျုပ်တို့ ရဲမက်တွေဟာ အချိန်မရွေး ယှဉ်နိုင်ပေမယ့်



BURMESE CLASSIC .com

www.burmeseclassic.com



အခုစစ်ပွဲဟာ ဓားလှံတို့ရဲ့ပွဲမဟုတ်တော့ဘူး ကိုရင်၊ ခံတပ်၊ အမြောက်၊ စစ်သင်္ဘောတွေပါဝင်တဲ့ သေနင်္ဂ အသစ် ဖြစ်သွားပြီ၊ ဒီအရေးကို ကျုပ်တွေးမိလို့ ဒဂုံမြို့ဝန်ကို မဆွကတည်းက သတိပေးခဲ့ပေမယ့်…ရွှေနန်းတော် ကိုယ်နှိုက်က သဘောမပေါက်ခဲ့ဘူး၊ ကျုပ်နဲ့သဘောချင်း တူတာ ကိုစတတ်ယောက်ပဲ ရှိတယ်"

မြဝတီဝန်ကြီးကို ကျွန်ုပ်လည်း သတိရနေသည်။

"အခု ကန်ပဲ့ တာမွေကိုဆုတ်ပြီး ခံစစ်ပြုဖို့ စီမံလိုက်တာ ကိုရင်အကြားပဲ၊ သို့သော် ဒါဟာလဲရန်သူ့ အတွက် အဟန့်အတား ဖြစ်ရုံကလွဲပြီး ထူခြားတဲ့ အကျိုး ရှိမှာမဟုတ်ပေဘူး၊ ခုချိန်မှာ ရနိုင်သမျှစစ်ကြောင်းကနေ ဖြစ်နိုင်သမျှ အဟန့်အတားကိုပဲ တစ်ဆင့်စီ တစ်ဆင့်စီ ထုတ်သုံးရလိမ့်မယ်၊ ရန်သူဟာ ကျုပ်တို့ခံစစ်တွေကို အကျအဆုံးများစွာနဲ့ တိုက်ရင်း၊ သိမ်းရင်း၊မြစ်ကြောင်း အတိုင်း ထက်ကြပ်မကွာ လိုက်ပါလာကြလိမ့်မယ်…"

ကျွန်ုပ် ဆက်နားမထောင်ချင်၊ ဖြစ်နိုင်လျှင်သူ့ ရှေ့မှ ထွက်သွားချင်သည်။ ကျွန်ုပ်အဖို့ ကြီးကျယ်ခမ်းနား လှစွာ အားကိုးအထင်ကြီးလှသော သူ့နှုတ်ဖျားဆီမှဤသို့ သော 'အပျက်' စကားတွေကို နည်းနည်းမှ မကြား

www.burmeseclassic.com



ချင်ပေ‥။

“ကိုရင် သေစ်”

သူ့လေသံ ရုတ်တရက်ပြောင်းသွားသည်။

“ကိုရင်…ဆင်ကျုံး သွင်းဖူးသလား‥”

“ဟင်…”

“ဆင် ကျုံးသွင်းဖူးသလား”

ခေါင်းညိတ်မိသည်။ သူပြုံးသည်။ စိတ်နှလုံးနောက်ကျိနေသော ကျွန်ုပ်၏ အမူအရာကို သူရိပ်စားမိဟန်ရှိသည်။

“ရောဝတီမြစ်ကို ကျုံးလိုသဘောထား၊ရန်သူဗြိတိသျှကို ဆင်လိုသဘောထား၊ ဒါဆိုယင် ကိုရင်နားလည်လောက်ရောပေါ့…”

မိုးတိမ်အစိုင်အခဲကို လေပြင်းတစ်ချက် တိုးဝှေ့ဖယ်ရှားလိုက်သလိုပင်၊ အုံ့မှိုင်းနေသော ကျွန်ုပ်၏အတွေးများ ချက်ချင်းကြည်လင်သွားသည်။

“အခု…အခု…ဘယ်လိုသေနင်္ဂမျိုးနဲ့…”

ဝမ်းသာလွန်းသောကြောင့် ကျွန်ုပ်မှာ စကားထစ်နေတော့သည်။

သူကအပြုံးမပျယ်သေးသော မျက်နှာဖြင့် ပြော



BURMESE CLASSIC .com

www.burmeseclassic.com



လေသည်။

“လှိုင်မြစ်ဝမှာ မင်းကြီးမဟာမင်းခေါင် အင်အား တစ်ထောင့်ငါးရာတပ်၊ မှော်ဘီမှာ မဟာသီလဝ၊ အင်အားတစ်ထောင့်ငါးရာတပ်၊ ပဲခူးမှာ သတိုးမဟာရဲ့ တပ်၊ ထန်းတပင်ကျွန်းမှာ မင်းလှမင်းခေါင် မင်းလှသူရိန်နဲ့ မဟာဇေယျသူတို့ကို အင်အားငါးထောင်နဲ့အဆင့်ဆင့် ရပ်ခံစေရမယ်...”

“ကိုရင်ကကော”

ကြီးစွာသော စစ်အစီအရင်ကို သူပြုနေပြီဟူသော ဝမ်းသာစိတ်ကြောင့် ကျွန်ုပ်၏နှုတ်မှ ‘ကိုရင်’ဟု လွှတ်ကနဲ ခေါ်မိသွားသည်။

ညိုမှောင်စွေးစွေး သူ့မျက်လုံးများ အရောင်ထွက်လာကြသည်ဟု ထင်ရသည်။ သူဖြည်းညင်းလေးနက်စွာ ဆိုလေသည်။

“ဓနုဖြူ”

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

## အခန်း (၉)

၁

ရန်ကုန်တစ်ဝိုက် တိုက်ပွဲများတွင် အရေးမသာသောကြောင့် ဆုတ်ခွာရသည့် မရှေးမနှောင်းမှာပင် ရန်သူတို့က ကျွန်ုပ်တို့၏ နယ်စွန်နယ်ဖျား အရံအတား အင်အားများကို သိမ်းယူကြပြန်သည်။

မဏိပူရနှင့် အာသံတို့ ရန်သူ့လက်တွင်း ကျရပြန်သည်။

စစ်မြေပြင် ကျဉ်းမြောင်းလာခဲ့ပေပြီ။

သို့သော…

အထက်အောက် ခရီးလမ်းဆုံကျသော ပုသိမ် ရန်ကုန်ခရီးမှာလည်း အချက်အချာကျသော ရိက္ခာ



BURMESE CLASSIC .com

www.burmeseclassic.com



ထောက်ပံ့မှုအတွက်လည်း ဗဟိုကျသော ‘ခနေဖြူ’တွင် ကျွန်ုပ်တို့ အခိုင်အမာ ခံတပ်ဆောက်ပြီးကြပြီ။

ဗြိတိသျှ ဗိုလ်ချုပ်ကင်းဘဲသည် လှိုင်မြစ်အထိ လုံးဝ အခုအခံမရှိဘဲ တက်လာသည်ဟု သတင်းရသည်။ သူတို့၏ရေကြောင်း ဗိုလ်မှူးချုပ်ကား ‘ကော့ဘွန်’ဆိုသူ ဖြစ်သည်။ ရန်သူ့အင်အားကိုလည်း ကျွန်ုပ်တို့ အတိအကျ ရထားပြီးပြီ။

ကြည်းကြောင်းချီ နှစ်ထောင့်ငါးရာ၊ ရေကြောင်းချီ တစ်ထောင့်နှစ်ရာခုနှစ်ဆယ်၊ ဒိုင်ယာနာအမည်ရှိ အမြောက်တင်စစ်သင်္ဘော။

♦ ♦ ♦

BURMESE CLASSIC .com

www.burmeseclassic.com

၂

မိုးကောင်းမှ တောင်စားစော်ဘွား နေမျိုးသိန်ပရာဇာကို ကျွန်ုပ်အထူးတလည် သတိရနေသည်။ယခုလို ခနဖြူခံတပ်ကြီးတွင် သူဘယ်လောက်'ပွဲဝင်'ရှာချင်လိမ့်မလဲဟုလည်း တွေးမိနေသည်။

သူ့ကို အချိန်မရွေးဆင့်ခေါ်လိုက်ပါ၊သူ့လူနှင့်သူ ကြားရာအရပ်က လာပါမည်ဟု စော်ဘွားက အားတက်သရော ကတိပေးခဲ့သည်ကိုလည်း ကြားယောင်နေမိသည်။

ခံတပ်ကို လှည့်လည်စစ်ဆေးနေသည့်သူ့အား တစ်နေ့သောအခါ တောင်စားစော်ဘွားနေမျိုးသိန်ပရာဇာကို ကျွန်ုပ်သတိရနေကြောင်း ပြောပြမိသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"စော်ဘွားကို ဒီလှမ်းခေါ်ဖို့ကတော့ မဖြစ်နိုင်ပေဘူးကိုရင်၊သို့သော် ဆင်ကျုံးသွင်းပြီးရင်တော့ ကိုရင်မိုးကောင်းကို အလည်အပတ်လေး ဘာလေးသွားချင်သွားပေါ့"ဟု သူကဆိုသည်။

သည်မျှထက်ပို၍လည်း သူ့ကို ကျွန်ုပ်စကားပြောခွင့်မရ။ ခံတပ်ကို တစ်လအတွင်း အပြီးဆောက်ရမည် ဖြစ်သောကြောင့် ရဲမက်အားလုံး မနားမနေ အလုပ်လုပ်ကြရသည်။ သူကိုယ်တိုင်လည်း ခံတပ်ဆောက်သည့်နေရာအနှံ့အပြားသို့ နေ့နေ့ညည လှည့်လည်ဦးစီးနေသည်။

နွေဦးမပေါက်ခင်မှာပင် ကျွန်ုပ်တို့ ခံတပ်ကို အပြီးအစီးဆောက်လုပ်နိုင်ခဲ့ကြသည်။ ဤမျှ တိုတောင်းသော တစ်လတာကာလအတွင်း ဤမျှကြီးကျယ်သော ခံတပ်ကို ဆောက်လုပ်နိုင်ခဲ့ကြသည်မှာ နောင်တစ်ချိန် ဤသို့ ပြုလုပ်နိုင်ပါဦးမည်လောဟု မိမိတို့ကိုယ်မိမိ သံသယ ဝင်လောက်အောင်ပင် ကျွန်ုပ်တို့ စွမ်းဆောင်နိုင်ခဲ့ကြချေသည်။

သူ့မြေပုံကားချပ်ပေါ်က ခံတပ်ပုံစံငယ်သည် ဧရာဝတီ၏အနောက်ဘက်ကမ်း အမြင့်ဆုံးကမ်းပါးပေါ်

www.burmeseclassic.com



တွင် ထီးထီးမားမားကြီး ပေါ်ပေါက်လာပေပြီ။

ခနေဖြူကိုဖြတ်၍ စီးဆင်းသွားသော ဧရာဝတီသည် ခံတပ်ကြီးနေရာ၌ အလွန်ဆုံး အတောင်တစ်ထောင့်ငါးရာခန့် (ကိုက် ၇၀၀ကျော်ခန့်)မျှသာ ကျယ်ဝန်းပေသည်။ ထို့ကြောင့် ခနေဖြူ၏အရှေ့ဘက်မျက်နှာမှနေ၍ မြစ်အတိုင်း ဆန်လာမည့်ရန်သူ့ရေတပ်ကို ချုပ်ကိုင်ထားနိုင်သော အခြေအနေကို သဘာဝအလျောက်ပင် ကျွန်ုပ်တို့ ရရှိနေပေသည်။

ကျွန်းသစ်လုံး နံရံကြီးများက ဆယ့်နှစ်တောင်နီးပါးရှိသည်။

သစ်လုံးခံတပ်အတွင်းတွင် အုတ်ရိုးခံတပ် တစ်ထပ်ရှိသည်။

အုတ်ရိုးသူရဲပြေပေါ်တွင် အမြောက် တစ်ရာ့ငါးဆယ်။

ထို့ပြင် တပ်တွင်းမှာလည်း ကတုတ်ကျင်းများ မြောင်းရှည်ကြီးများ။

ခံတပ်အပြင်တွင်လည်း ကျုံးတူးထားသည်။ကျုံးအတွင်း၌ ဝါးချွန်၊ သံချွန်၊ ကျင်းကတုတ်၊ ဆင်ခလုတ်၊ မြင်းခလုတ်အပြည့်။



BURMESE CLASSIC .com

www.burmeseclassic.com



ခံတပ်ရှေ့ရှိ သစ်တောကြီးများအတွင်း သစ်ပင်များပေါ်၌လည်း မျှော်စင်၊ အမြောက်စင်များကိုပြုလုပ်ကြရသည်။ ထိုမျှော်စင် အမြောက်စင်များပေါ်တွင် ရဲမက်နှစ်ဦး နေနိုင်သည်။ ရဲမက်များ၏လက်နက်မှာ ပေါင်သုံးစိတ် အမြောက်ဆန် ထည့်ပစ်နိုင်သော 'ဂျင်ဂယ်' အမြောက်ငယ်များ ဖြစ်လေသည်။

ခံတပ်ကြီး ဆောက်ပြီးသည့်နေ့တွင် သူက တပ်မင်းတပ်မှူးများအားလုံးကို စုံညီစုဝေးစေလိုက်သည်။ ထို့နောက် ခံတပ်အတွင်း တပ်စွဲရမည့်နေရာများ၊ အင်အားခွဲဝေပုံများ၊ ရန်သူ့သင်္ဘောများလာမည့် မြစ်ပြင်စစ်မျက်နှာဆီသို့ ပစ်လွှတ်ရမည့် အမြောက်များအကြောင်းကို သူအကျယ်တဝင့် ရှင်းလင်းပြသည်။

သူ့အမိန့်ကို နားထောင်ရင်းဖြင့် ကျွန်ုပ်မှာစစ်ပွဲတွင် ဤမျှအခက်အခဲတွေ့ကာ ခံစစ်ပြုနေရသော ကာလ၌ ဤသို့သော ခံတပ်ကို သေသပ်ကျနစွာ အုပ်ချုပ်တည်ဆောက်ကာ စေ့စပ်သော စစ်ရေးအစီအမံကို ပြုလုပ်နိုင်စွမ်းသူကား သူမှတပါး အခြားမည်သူမျှ မရှိနိုင်တော့ဟု ယုံကြည်နေမိသည်။

"နေမျိုးရဲထင်၊ နေမျိုးရဲဖျားနဲ့၊ မဟာမင်းခေါင်



BURMESE CLASSIC .com

www.burmeseclassic.com



သင်္ချိုင်းယာတို့ ရှေ့ထွက်ခဲ့စမ်း…”

ငယ်ရွယ်နုပျိုသော တပ်မှူးသုံးယောက်ရှေ့ထွက်လာကြသည်။ သူတို့သုံးဦးမှာ သွေးဆေးကန်တိုက်ပွဲတွင် ‘ပွဲရ’ နာမည်ကျော်ခဲ့သူများပင်။

“မင်းတို့သုံးယောက်ကို တစ်ခြားတစ်နေရာ လွှတ်ရလိမ့်မယ်”

သူက နေမျိုးရဲထင်၏ ပခုံးကို ဖက်၍ ပြောသည်။

“ကျိုက်ကလွန်ပွန်စေတီနေရာမှာ တို့ခံတပ်ငယ် တစ်ခု ဆောက်ရလိမ့်အုံးမယ်၊ စေတီပရဝုဏ်နဲ့ ရင်ပြင်တောကို ပတ်ပြီး ခံတပ်တံတိုင်း တာရိုးဆောက်ကြရမယ်”

နေမျိုးရဲထင်၏ မျက်နှာပြင်၌ စစ်သွေးတို့ နီမြန်း နေသည်ကို တွေ့ကြရလေသည်။

“ရန်သူဟာ ဒီ ဓနုဖြူခံတပ်ကြီးကို ရောက်မလာခင် မင်းတို့ ကျိုက်ကလွန်ပွန်ခံတပ်နဲ့ အရင်တွေ့စေရမယ်။ ပွဲကြမ်းတွေ့ရလိမ့်မယ်၊ ကြားလား၊ သေနတ်တစ်ကမ်း တိုက်ပွဲတွေ အများဆုံးရှိမယ်”

သေနတ်လက်ဖြောင့် တပ်မှူးငယ်သုံးဦးမှာ ရင်ကို မတ်မတ်မားမား ကော့ချီ၍ သူ့အမိန့်ကို နား



BURMESE CLASSIC .com

www.burmeseclassic.com



ထောင် နေကြသည်။

"အားကုန်သွန်တိုက်ကြ လူလေးတို့၊ ဒီတစ်ခါတို့ ခံတပ်တိုက်ပွဲဟာ အဆုံးအဖြတ်တိုက်ပွဲပဲ၊ ငါတော့ငါ့ကိုယ်ငါ သရဏဂုံတင်ပြီးပြီ၊ ဖြစ်လေရာဘဝတိုင်းမှာ အမိနိုင်ငံတော်နဲ့ အမျိုးဘာသာ သာသနာကို စောင့်ရှောက်ကာကွယ်ရတဲ့ စစ်သည်တော်ပဲဖြစ်ရပါလို၏လို့လဲ ဆုတောင်းပြီးပြီ၊ မင်းတို့လဲ ကျိုက်ကလွန်ပွန်စေတီမှာ ခံတပ်မဆောက်ခင် သရဏဂုံတင်၊ ဆုတောင်းကြ ဟုတ်လား"

တပ်မှူးများက သူ့စကားအဆုံး၌ ရယ်ကြသည်။ ကျွန်ုပ်မှုမရယ်မိ။ ကျိုက်ကလွန်ပွန်သို့သွားမည့် တပ်မှူး ငယ်သုံးယောက်အတွက် စိတ်ပူနေမိသည်။

ထိုနေ့ ညနေမှာပင် တပ်မှူးသုံးယောက်တို့ ထွက်သွားကြသည်။ ကျွန်ုပ်တို့တပ်များကား တိုက်လှေကြီးများပေါ်သို့ ခြောက်ပေါင်ဒါ၊ ကိုးပေါင်းဒါနှင့်ဆယ့်နှစ်ပေါင်ဒါအမြောက်ကြီးများကို တင်ရသည့်အလုပ်ဖြင့် ထိုညတစ်ညလုံး မအိပ်ကြ။

"နောက်နေ့ တစ်မနက်ခင်းလုံး အိပ်ချိန်ပေးမယ်၊ ဒီတစ်ညတော့ အမြောက်တွေအားလုံး လှေပေါ်အပြီး



BURMESE CLASSIC .com

www.burmeseclassic.com



တင်ကြ”

ဟု သူကဆိုသည်။

သို့သော်··· နောက်နေ့တစ်မနက်ခင်းလုံး အိပ်ရာဝင်ခွင့်မရကြ။ အကြောင်းမူကား ဗြိတိသျှတို့ထံမှ သူတို့ဗိုလ်ချုပ်၏ သဝဏ်လွှာတစ်စောင်ကို ယူဆောင်လာသော အလံကိုင်တပ်ဖွဲ့တစ်ခု ရောက်လာသောကြောင့် ပေတည်း။

♦ ♦ ♦



BURMESE CLASSIC .com

www.burmeseclassic.com

၃

ဗြိတိသျှအလံကိုင်တပ်ဖွဲ့၏ သဝဏ်လွှာကို ကျွန်ုပ်ဖတ်ပြရသည်။

ဗိုလ်ချုပ် ကော့တွန်၏ သဝဏ်လွှာပင် ဖြစ်လေသည်။ သဝဏ်ပါ အကြောင်းအရာကား လက်နက်ချ အညံ့ခံရန် စက်နာရီတစ်နာရီအတွင်း အကြောင်းပြန်ရန် ရာဇသံပေးခြင်းပင်။

ရန်သူဗိုလ်ချုပ်၏ သဝဏ်ကိုကြားရသောအခါ တပ်မင်းများ ရှုံးရှုံးရှားရှား ဒေါသထွက်ကုန်ကြသည်။ သူကမူ ပကတိအေးဆေးတည်ငြိမ်စွာ ကျွန်ုပ်ဘက်လှည့်၍ အမိန့်ပေးလိုက်လေသည်။

**ရတနာပုံစာအုပ်တိုက်**

www.burmeseclassic.com



"ဗိုလ်နေမျိုးရဲခေါင်ကျော်၊ ပြန်ကြားသဝဏ်ရေးပါ…"

ကျွန်ုပ်အသင့်ဖြစ်သည်နှင့် သူ့ဆီမှ ပြတ်သားသော စကားလုံးများ တစ်လုံးစီ ထွက်လာလေသည်။

"သတိုး သုဓမ္မ မဟာဇန္ဓုလက ဗိုလ်ချုပ်ကျော့တွန်အား ပြန်ကြားသိစေလိုက်သည်….။

သင်နှင့်ကျွန်ုပ်တို့သည် မိမိတိုင်းပြည်အတွက် အသီးသီးစစ်တိုက်နေကြသည်။ ကျွန်ုပ်တို့၏ မယိမ်းမယိုင် ခုခံနေမှုကို သင်တွေ့မြင်နေရပြီ။ ကျွန်ုပ်ကိုနိုင်လျှင် သင့်ဂုဏ်သိက္ခာကို ထိန်းထားနိုင်သည်။ မိတ်ဆွေအဖြစ် ဓနုဖြူခံတပ်ကို ကြည့်ရှုလိုလျှင် ကျွန်ုပ်ကိုယ်တိုင်လိုက်လံပြသမည်။ ရန်သူအဖြစ်လာလျှင် ကမ်းသို့တက်၍ တပ်ချင်းယှဉ်နိုင်သည်…"

ကျော့တွန်၏အလံကိုင်တပ်ဖွဲ့သည်။ သူ့ကို အလေးပြုကာ သူ၏ခန့်ညားသော သဝဏ်ကိုယူ၍ ပြန်သွားကြလေသည်။

အလံကိုင်တပ်ဖွဲ့ပြန်သွားပြီးနောက် သူက ကျွန်ုပ်ကို အနီးသို့ခေါ်၍…

"ကိုရင် ဒီညနေ ကျုပ်ကို အထူးတလည်ကူညီ

www.burmeseclassic.com



စရာတစ်ခုရှိတယ်''

ဟုပြောသည်။ ကျွန်ုပ်က 'ဘာလဲမင်းကြီး'ဟု မေးရာ 'ကျုပ်ဆီသာ လာခဲ့ပါ'ဟု ဆိုလေသည်။

ညနေဘက်တွင် ခံတပ်အတွင်းရှိ သူ့စံအိမ်သို့ ကျွန်ုပ်ဝင်သည်။

ကြီးမားလှသော သေတ္တာကြီးသုံးလုံးကို သူနှင့် အတူ တွေ့ရသည်။

သူက ကျွန်ုပ်ကို သေတ္တာဖွင့်ခိုင်းနေ၍ အထဲမှ ပစ္စည်းများကို ထုတ်စေသည်။ ခိုင်ခန့်သောပိုးကြိုးများနှင့် ချည်ထားသည့် မှိုင်းကိုင်စက္ကူထုပ်များကို ထုတ်ယူရသည်။ ကြိုးဖြည်၍ စက္ကူကို ခွာလိုက်သောအခါ...

''ဟင်...''

''အဲဒါတွေပဲကိုရင်၊ ကျုပ် ဒါကို အသုံးပြုခွင့် ကြုံတော့မယ်၊ ကိုင်း...ကျုပ်ကို ကူပါအုံး''

ပထမဦးစွာ ထူထဲသော ကတ္တီပါကိုယ်ကျပ်ကို သူ့ကိုယ်ပေါ်၌ ဝတ်ပေးရသည်။ ထို့နောက် အောက်ခံ ကတ္တီပါပေါ်တွင် ကြေးမှုပွင့်များကို ပန်းကွက်ဖော်၍ရိုက် ထားသောအင်္ကျီ။ ထို့နောက် ကြေးမှုအကွက်ရိုက်ထား သည့် အမောဝိုင်းလည်ပင်းအုပ်။



BURMESE CLASSIC .com

www.burmeseclassic.com



သံကွင်းဆက်ဖြင့်ရက်သည့် နားကာသည် ပခုံးအထိ ဆက်နေသည်။

လက်မောင်းနေရာတွင် ထူထဲသောသံပြားများ တစ်ဘက်တစ်ချက် ဖုံးအုပ်ထားသည်။ လက်ဖျံနေရာတွင်မူ တံတောင်ဆစ်မှ လက်ကောက်ဝတ်အထိ လက်ကို အားလုံးဖုံးမိအောင် သံပြားခေါင်းပွကို ခွေသဏ္ဌာန်ဖုံးကာထားသည်။ ရင်ဘတ်အသည်းနှလုံးနှင့် ရင်ညွန့်တည့်တည့်နေရာတွင်မူ သံပြားအဝိုင်းကြီးတစ်ပြားစီကို ဖုံးအုပ်ပေးရသည်။

ပေါင်နေရာတွင်မူ အပြင်တစ်ဘက်တစ်ချက်ဆီမှ သံပြားများရှိနေသည်။ ဒူးမှခြေဖျားကိုင် ထူထဲသော ကတ္တီပါ ဖိနပ်ရှည်ကြီးကား အဝတ်ရအခက်ဆုံးပင်။ ပန်းပွင့်ဖော် ခါးစည်းကြိုးကိုလည်း ထူထပ်စွာ စည်းပေးရသည်။

ဘေးတစ်ဘက်တစ်ချက်တွင် သံနန်းကြိုးကလေးများကို စေ့စပ်ထူထဲစွာ ကွင်းဆက်ယက်ဖောက်ထားသည့် နားကာနှစ်ရွက်ပါသော သံပြားကာ ခမောက်ကို ဆောင်းပြီးသောအခါတွင်ကား သူ့အတွက် ‘သံချပ်ဝတ်စုံဆင်မြန်းခြင်း’’ အမှု ပြီးစီးလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



သံချပ်ဝတ်စုံမှာ အမြင်အားဖြင့် ကြီးမားခန့်ညား သလောက် ဝတ်ဆင်လှုပ်ရှားရာတွင် ပေါ့ပါးလှသည်ကို တွေ့ရသည်။ သူက နန်းကြိုးသေးသေးမျှင်မျှင်လေးများ ခတ်ထားသောလက်အိတ်အတွင်းရှိ လက်ချောင်းများကို ဆုပ်ချည် ဖြန့်ချည်ပြုလျက်။

"ကျိုက်ကလွန်ပွန် ခံတပ်တိုက်ပွဲပြီးရင် ဗြိတိသျှတွေ ဓနုဖြူခံတပ်ကို မဆိုင်းမတွလာကြမှ သေချာတယ်၊ တပ်တွေအားလုံးကို စစ်လှန့် စစ်နှိုးထားရလိမ့်မယ်"

"ရန်သူ့စစ်သင်္ဘောတွေဟာ ဧရာဝတီမြစ်ထဲမှာ အတုံးအရုံး ဖြစ်ကုန်ကြမှာပါ ဗိုလ်ချုပ်"

ဓနုဖြူခံတပ်ကြီး၏အင်အားကို စိတ်ချယုံကြည်စွာဖြင့် ကျွန်ုပ်က ပြန်ပြောလိုက်သည်။

သူ ဣန္ဒြေကြီးရင့်စွာ ပြုံးသည်။

ခံတပ်ကင်းတာဝန် လဲလှယ်သည့်အချက်ပေး မောင်းသံထွက်ပေါ်လာသည်။

♦ ♦ ♦



BURMESE CLASSIC .com

www.burmeseclassic.com

၄

တပေါင်းလဆန်း၏ ညဦးအချိန်သည် ကျွန်ုပ်တို့လိုချင်သောအမှောင်ကို ကောင်းစွာပေးတတ်သည်။

ခံတပ်အတွင်းရှိ သစ်ပင်မျှော်စင်ထက်မှကြည့်လိုက်လျှင် မှုန်ပျပျ ဧရာဝတီမြစ်ပြင်ကို ကျယ်ပြန့်ရှင်းလင်းစွာ တွေ့နေရသည်။ မြစ်ပြင်ထက်တွင်ကား မည်းမည်းသဏ္ဌာန်များက အစုအဝေးလိုက် မရွေ့မလျား ရှိနေကြသည်။ ထိုသဏ္ဌာန်များကား ဗြိတိသျှ စစ်သင်္ဘောများပင်။

ကျိုက်ကလွန့်ပွန် ခံတပ်ငယ်နှစ်ခုတွင် ပြင်းထန်သောတိုက်ပွဲများ ဖြစ်ပေါ်ပြီးခဲ့ပြီ၊ ရန်သူတို့က အမြောက်နှင့် ဒုံးများကို အသုံးပြုခဲ့ကြသည်။



BURMESE CLASSIC .com

www.burmeseclassic.com



ခံတပ်အတွင်း သေနတ်တစ်ကမ်း တိုက်ပွဲများ ပေါ်ခဲ့သည်။

သူတို့ဘက်မှ စစ်ကြောင်းနှစ်ကြောင်းဦးစီး ကပ္ပတိန်၊ ကပ္ပတိန်ကင်နွန်တို့ ကျဆုံးသွားခဲ့သလို ကျွန်ုပ်တို့ဘက်မှ ဗိုလ်နေမျိုးရဲထင် ကျဆုံးခဲ့ရသည်။

ကျိုက်ကလွန်ပွန် ခံတပ်တိုက်ပွဲတွင် ရန်သူတို့ အင်အားလျော့ပါးသွားခဲ့သည်ကား အမှန်ပင်။

ဗြိတိသျှတို့သည် ရှိထားသော အင်အားဖြင့် ကျွန်ုပ်တို့ ဓနုဖြူခံတပ်ကို မတိုက်ရဲကြောင်း သေချာလှသည်။

မြစ်ပြင်တွင် ကျောက်ချရင်း ခံတပ်ကို လက်ဝဲ၊ လက်ျာတောင်စံညှပ်၍ လခြမ်းသဏ္ဌာန်ဝန်းရပ် တပ်စွဲထားကြသည်။ သူတို့ စစ်ကူစောင့်နေကြသည်။

"အပေါ်ဆုံးအဆင့်ထိ တက်ကြမယ်"

သူကပြောပြောဆိုဆို သစ်ပင်မျှော်စင်၏အပေါ်ဆုံးအထပ်သို့ ဆက်တက်သွားသည်။

ကျွန်ုပ်နှင့် အခြားဗိုလ်မှူးတပ်မင်းများလည်း သူ့နောက်မှ လိုက်ခဲ့ကြသည်။

"မှန်ပြောင်း"

www.burmeseclassic.com



အပေါ်ဆုံးထပ်သို့ ရောက်ရောက်ချင်း သူက မြစ်ပြင်သို့ လှမ်းကြည့်ကာ မှန်ပြောင်းတောင်းသည်။

သူ့လက်ထဲသို့ မှန်ပြောင်းရှည် ထည့်ပေးလိုက်သည်။

ရန်သူတပ်များထံမှ သိမ်းပိုက်ရရှိသည့်ပစ္စည်းများတွင် အမြောက်ကျည်များနှင့် မှန်ပြောင်းများမှာ ကျွန်ုပ်တို့ဖို့ အသုံးအဝင်ဆုံးပင် ဖြစ်လေသည်။

မှန်ပြောင်းကို တရွေ့ရွေ့ နေရာရွေ့လျက် သူကြည့်သည်။

"မြစ်ညာဆီက ရွေ့လာတဲ့သင်္ဘောတွေကို တွေ့ရတယ်၊ ပြည်ကိုဆန်သွားတဲ့ ဗိုလ်ချုပ်ကင်းဘဲရဲ့တပ်တွေ စစ်ကူလာပြီနဲ့ တူတယ်၊ ကြည့်ကြစမ်း..."

ဗိုလ်မှူးသုံးယောက်ကလည်း မှန်ပြောင်းများ ထုတ်၍ ကြည့်ကြသည်။

သူတို့ကလည်း တရွေ့ရွေ့ခုတ်မောင်းလာသော သင်္ဘောများကို မြင်ရကြောင်း ပြောလေသည်။

"သူတို့ သင်္ဘောချင်း ပူးပေါင်းမိသွားပြီးရင် ကင်းလှည့်ထွက်မှာ သေချာတယ်၊ တို့ သေနတ်သမားတွေ လှေတစ်စင်း လူငါးဆယ်ခွဲပြီး ထွက်တိုက်ရမယ်၊ဆိုင်ရာ



BURMESE CLASSIC .com

www.burmeseclassic.com



တပ်တွေကို အမိန့်ဆင့်စမ်း၊ လမဝင်ခင် အမှောင်ကို အကာအကွယ်ယူပြီး ထွက်တိုက်မယ်''

ကျွန်ုပ်တို့ မျှော်စင်ထက်မှ ဆင်းခဲ့ကြသည်။

မကြာမီမှာပင် စစ်မောင်းသံများ၊ တံပိုးခရာသံများ၊ အမိန့်သံများ ခံတပ်အတွင်း သောသောညံသွားလေသည်။

ခံတပ်ပစ္စင်ရင်ထားရှိ အမြောက်တပ်ဖွဲ့များ အားလုံးသည် အဆင်သင့်။ ခံတပ်အပြင် ကျုံးတစ်ဘက်တွင်လည်း မြင်းတပ်စုများ အဆင်သင့်။

ဧရာဝတီမြစ် ရေပြင်ထဲသို့ ထွက်ခွာသွားသည်။

ကျွန်ုပ်တို့၏ သေနတ်သမားတင် လှေများသည် ညဥ့်အမှောင်အောက်ဝယ် ညင်သာစွာ လှုပ်ရှားနေကြလေသည်။

ခံတပ်အတွင်းမှ တိုက်ပွဲစရန် အချက်ပေးလိုက်သည့် အမြောက်သံကြီး တုန်ဟည်းသွားသည်။

တစ်ဆက်တည်းမှာပင် ကျွန်ုပ်တို့၏ သေနတ်သမားများဆီမှ တဖြောင်းဖြောင်း သေနတ်မီးပေါက်ကျည်သံများ ပေါ်လာသည်။

ခနေပြုတိုက်ပွဲကို ကျွန်ုပ်တို့၏ အမြောက်ဆန်ဖြင့်



BURMESE CLASSIC .com

www.burmeseclassic.com



ဖွင့်လှစ်လိုက်ပြီ။

စောစောက မည်းမှောင်တိတ်ဆိတ်နေသော ဧရာဝတီသည် ချက်ချင်းပင် အမြောက်သံများ၊ စိန်ပြောင်းသံများဖြင့် လင်းထိန်ဆူညံသွားသည်။ မီးကျည်များ၏ ပြိုးပြက်သော အလင်းရောင်အောက်တွင် ရန်သူ့စစ်သင်္ဘောများကို အထင်အရှား တွေ့လိုက်ရသည်။

ဧရာဝတီနှင့် ခနေပြုခံတပ်၏ အထက်ကောင်းကင်ကား နေ့ခင်းကာလနှင့် မခြားတော့။ တစ်ခဲနက် ဆူညံနေသော အမြောက်သံများအကြား တဝုန်းဝုန်းပေါက်ကွဲနေသော ဗုံးဆန်များအကြားတွင် ရွှေပြောင်းကူးလူးကာ တပ်ဖွဲ့များကို အမိန့်ပေးနေသည့် သူ့အသွင်ကို နေရာတိုင်းတွင် တွေ့နေရသည်။

လူသာမန်မက နတ်ဘီလူး စစ်သည်တမျှ 'ပွဲဝင်' နေသောသူ့ကိုကြည့်၍ တပ်သားများအားလုံး တက်ကြွနေကြသည်။

အမြောက်ဆန်၊ ဗုံးဆန်တို့ ပေါက်ကွဲသံများအကြားတွင် ကျွန်ုပ်တို့၏ စစ်မောင်းသံများကလည်း တဝေဝေ။

♦ ♦ ♦

www.burmeseclassic.com

၅

ကျွန်ုပ်တို့၏ အမြောက်တင်လှေကြီး ဆယ့်ငါးစီး အချိန်မှန်ကင်းလှည့်နေသည့် ရေလယ်ကျွန်းကို ရန်သူတို့က မိုးပျံများဖြင့် ဖျက်ဆီးကာ ရေလယ်ကျွန်းပေါ်သို့ တက်ရောက် တပ်စွဲလိုက်ကြလေသည်။

ထို့ပြင် ကင်းဘဲ၏ ကြည်းကြောင်းချီတပ်မသည် ခံတပ်၏မြောက်ဘက် ရှေးဟောင်းစေတီနေရာတွင် ကတုတ်ကျင်းများတူးလျက် အခြေခံစစ်စခန်း ပြုလုပ်လိုက်ကြသည်။ စေတီပတ်လည်တွင် မြေမြုပ်ဗုံးများ တူးမြုပ်ထားကြသည်ဟုလည်း ကျွန်ုပ်တို့ အခိုင်အမာ သတင်းရထားပြီးဖြစ်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



သည်ကြားထဲတွင် ကျွန်ုပ်တို့က ခံတပ်တွင်းမှ နေ၍ အဝေးပစ်အမြောက်ကြီးများဖြင့် အပြင်းအထန် ဆီးကြိုပစ်ခတ်နေသည့်ကြားထဲက သူတို့၏ဒိုင်ယာနာ အမည်ရှိ စစ်သင်္ဘောက ခံတပ်ဆီသို့ချီလာသည်။ ရန်သူ့ ရေတပ်များချီလာနေစဉ် ကြည်းကြောင်းတပ်မှ စိန်ပြောင်း များဖြင့် ခံတပ်ရှေ့ပိုင်းကို ပစ်ပေးနေကြသည်။

ခံတပ်အတွင်းသို့ တဝုန်းဝုန်း ကျရောက်ပေါက် ကွဲနေသော အမြောက်ဆန်များကား မိုးရွာသည်နှင့်မခြား မီးခိုးလုံးကြီးများက နေရာတိုင်းတွင် တလိပ်လိပ်တက်နေ သည်။

ပစ္စင်ရင်တားပေါ်ရှိ အမြောက်တပ်ဖွဲ့များကား အမြောက်တပ်သားများ လူချင်းလဲ၍ မလောက်နိုင်တော့။ အချို့နေရာများတွင်ကား အမြောက်တပ်သားများ အစု လိုက်၊ အပြုံလိုက် ကျဆုံးနေကြသည်။ အဝေးပစ် အမြောက်ကြီးအချို့မှာ လုံးဝသုံးမရတော့အောင် ပျက်စီး သွားကြသည်။ ကျွန်ုပ်တို့ ဤမျှသဲသဲမဲမဲ ပစ်နေသည့်ကြား ထဲက ရန်သူ့ရေတပ်သည် ခံတပ်ကိုလွန်၍ အထက်ဘက်မှ ကြည်းကြောင်းတပ်နှင့် ပူးပေါင်းမိသွားလေသည်။

"မြစ်ကမ်းဘက်ကို အမြောက်အားလုံးလှည့်"



BURMESE CLASSIC .com

www.burmeseclassic.com



သူကိုယ်တိုင်ပင် အမိန့်ပေးပြီးပြီးချင်း အမြောက်တစ်လက်ကို မြစ်ကမ်းဘက် လှည့်ချိန်လိုက်သည်။

“ဗိုလ်နေမျိုးရဲခေါင်ကျော် …ခံတပ်ကျောဘက်တံခါးကို သွားဖွင့်…”

သူ့အမိန့်အတိုင်း ကျွန်ုပ်ခံတပ်အောက်ဆင်းခဲ့ရသည်။ နောက်တံခါးကို ဖွင့်လိုက်သည်။

ခဏအကြာတွင် လုံးဝမယုံနိုင်စရာ မြင်ကွင်းတစ်ရပ်ကို တွေ့ရတော့သည်။

မောင်းသံများ တဒူဒူပေါ်လာသည်။

စစ်မောင်းသံများကြားတွင် ရှေ့ဆုံးသို့တိုက်ဆင်များ၊ နောက်မြင်းတပ်၊ ထို့နောက် ခြေလျင်တပ်။

ဆင်တစ်စီးတွင် တပ်သား ငါးယောက်နှင့်အမြောက်စိန်ပြောင်းနှစ်လက်စီ တင်လာသည်။

ဤမျှသော အချိန်အတွင်း ဤသို့သောတပ်ကိုလျှပ်တစ်ပြက်စီမံလိုက်နိုင်သူမှာ သူမှလွဲ၍ အခြားမည်သူမျှ မရှိနိုင်။

“ရန်သူ့လက်ျာတောင်ပံကို ဝင်တိုက်ကြမယ်၊ အသေခံတပ်ဖွဲ့ထွက်”

ရွှေထီးအောက်မှထွက်ကာ သူကိုယ်တိုင်ရှေ့ဆုံးမှ



BURMESE CLASSIC .com

www.burmeseclassic.com



တိုက်ဆင်ပေါ်သို့ တက်လိုက်သည်။

ထို့နောက် ခံတပ်ကျောဘက်တံခါးမှ ထွက်ခွာသွားလေသည်။

မြစ်ဘက် မျက်နှာပြင်တွင်လည်း တခြိမ့်ခြိမ့် ပစ်ကြဆဲ။

ညနေမိုးချုပ်မှ ဆင်တပ်ပြန်ရောက်လာသည်။

သွားစဉ်က ဆင် ဆယ့်ခုနစ်စီး။

ယခု အပြန်တွင်ကား ဆင် ဆယ်စီးသာပါလာတော့သည်။

သူစီးလာသော တိုက်ဆင်ကြီးမှာလည်း ကျည်သင့်ဒဏ်ရာမှ သွေးများ အလူးလူးအလိမ်းလိမ်း။

သူကိုယ်တိုင်မှာမူ ဒဏ်ရာတစ်စုံတစ်ရာမရခဲ့။ ပကတိ လန်းဆန်းလျက်ပင်။

သူ့သံချပ်ဝတ်စုံက ကောင်းစွာ အကာအကွယ်ပေးဟန်တူပေသည်။

သို့သော် တိုက်ပွဲအခြေအနေကို ကျွန်ုပ်ရိပ်စားမိလိုက်ပေပြီ။

ကင်းဘဲ၏ ကြည်းကြောင်း စစ်ကူတပ်ကို လက်ျာတောင်ပံမှ ဖြိုဖျက်ပစ်ရန် သူကိုယ်တိုင်ဦးစီး၍ ထွက်



BURMESE CLASSIC .com

www.burmeseclassic.com



သည်။

သို့ရာတွင် ရန်သူ့အမြောက်ဒိုးကျည်အင်အားကို မဖောက်သာ။ အရေးတော်မလှဘဲ ခံတပ်တွင်းသို့ ပြန်ဆုတ်ခဲ့ရပြီ။

ရန်သူသည် ရေတပ်၊ ကြည်းတပ် ဆက်မိသွားပေပြီ။

ဓနုဖြူခံတပ်ကြီးသည် အထက်ဘက်မှ တစ်နေရာ၊ အနောက်ဘက်မှ တစ်နေရာ၊ တောင်ပံနှစ်ခု ဖြန့်ကာ အဝိုင်းခံလိုက်ရပြီ။

သံချပ်ဝတ်စုံ လက်အိတ်များကိုချွတ်ရင်း သူက ကျွန်ုပ်ကို အမိန့်ပေးသည်။

''ဗိုလ်နေမျိုးရဲခေါင်ကျော်၊ နေပြည်တော်ကို သဝဏ်ပို့ပါ၊ အတွင်းဝန်မဟာဥဇနာနဲ့ မဟာမင်းခေါင်ရဲထင်တို့ရဲ့ အင်အားငါးထောင်တပ်ကို စစ်ကူပို့ဖို့ အကြောင်း''

♦ ♦ ♦



BURMESE CLASSIC .com

www.burmeseclassic.com

# အခန်း (၁၀)

၁

ဆယ့်ရှစ်ပေါင်ဒါ အမြောက်ဆန်များ ဖြောဖြော ကျနေသည်။

တညဥ့်လုံး အဆက်မပြတ် ပေါက်ကွဲနေသော စိန်ပြောင်းသံများကြောင့် ကျွန်ုပ်မှာ နားကွဲမတတ် ဖြစ်နေသည်။

ဆင့်ကဲဆင့်ကဲ ပေါ်ထွက်နေသော ပေါက်ကွဲသံများအောက်တွင် ခံတပ်ကြီးမှာ အပျက်အစီး တဖြည်းဖြည်း များလာသည်။

မြစ်ဘက်မျက်နှာရှိ ပစ္စင်ရင်တားများကား အထိခိုက်အများဆုံးပင်။



BURMESE CLASSIC .com

www.burmeseclassic.com



တဝုန်းဝုန်း ပေါက်ကွဲလွင့်စင်နေသော ဗုံးဆန် တစ်ချို့ကို တိမ်းရှောင်ရင်း သူက ဗိုလ်များအားလုံးကို စုရုံးဆင့်ခေါ်သည်။

ကမူတစ်ခုပေါ်သို့ သူ တက်လိုက်သည်။

လင်းစ နေရောင်ခြည်သည် သစ်ပင်မျှော်စင် ကြားမှ ထိုးဖောက်ကာ သူ့မျက်နှာပေါ်သို့ ကျရောက် လျက်ရှိသည်။

''သွေးသောက်တို့...လက်နက် လူ သူ အင်အားချင်း အဆမတန်ကွာခြားတဲ့အတွက် ငါတို့ အခု အရေးတော် ပျက်ပြယ်စ ပြုလာတယ်။ ဒါပေမယ့် စစ်သည်တော်ရဲ့ ဝီရိယနဲ့သတ္တိကို တစွန်းတစမှ မထိခိုက် ဘူးလို့ ငါယုံကြည်တယ်''

မလှမ်းမကမ်းဆီတွင် ကျရောက်ပေါက်ကွဲသော ဗုံးဆန်ကြောင့် သူရပ်နေရာဆီသို့ မြေမှုန့်များ တဖွားဖွား လွင့်စင်ကျလာသည်။

မီးခိုးလုံးများ၊ ဖုန်လုံးများကြောင့် သူ့အသွင်ပင် ရုတ်တရက် ပျောက်သွားသည်။

ကျွန်ုပ် မချုပ်တီးနိုင်၊ အော်ဟစ်လိုက်မိသည်။

''ဗုံးဆန်တွေ စိပ်လွန်းပါတယ် မင်းကြီး၊ အကာ



BURMESE CLASSIC .com

www.burmeseclassic.com



အကွယ်ယူပြီး နေပါ”

ကျွန်ုပ်၏ အော်သံသည်လည်း နောက်ထပ် ဆင့်ကဲ ပေါက်ကွဲလိုက်သော ဗုံးသံအောက်တွင် ပျောက်ကွယ်သွားပြန်သည်။

မီးခိုးလုံးများ လွင့်ပါးကျဲစင်သွားသည်။

စောစောက နေရာတွင် သူရပ်နေဆဲ၊ မရွေ့ မပြောင်း...

“စစ်သူကြီး ထင်ရှား ရှိနေပါလျက်နဲ့ အရေးတော်ပျက်ခဲ့ရင် ရာဇဝင်ညှိုးငယ်လှသည်။ စစ်သူကြီး ကျဆုံးလို့ အရေးပျက်ရတယ်ဆိုရင်တော့ တိုင်းပြည်ကိုပဲ ဖြစ်ဖြစ်၊ မင်းတို့ကိုပဲဖြစ်ဖြစ် အပြစ်ဆိုစရာမရှိဘူး၊ အခု ငါရှိနေသေးတယ်၊ အရေးတော် မပျက်စေရဘူး၊ အမိ တိုင်းပြည်နဲ့ လူမျိုးရဲ့ဂုဏ်ကို နောက်ဆုံးအချိန်အထိ ငါတို့ ဆောင်ကြဉ်းကြစို့၊ ရန်သူ့ဗုံးဆန်ကို မကြောက်မရွံ့ ရင်ဆိုင် ကြစို့...”

ကမူထက်မှ သူဆင်းသည်။ လက်မတင်လေးပင် ဖြစ်တော့သည်။ သူဆင်းပြီး၍ ချက်ချင်းမှာပင် ကမူထက် သို့ ဗုံးဆန်တစ်ဆန် တည့်တည့်ကြီး ထိမှန်ပေါက်ကွဲ လေသည်။ မြေစိုင်ခဲများ ဖွားကနဲလွင့်စင်သွားကာ နားကွဲ

www.burmeseclassic.com



မတတ် အသံကြီးပေါ်လာ၏။

"မင်းထင်မင်းခေါင်...လာစမ်း..."

ဗိုလ်မှူးမင်းထင်မင်းခေါင် ရှေ့သို့ တိုးထွက်သွားသည်။

မင်းထင်မင်းခေါင်ကား သူ၏ ညီအရင်းဖြစ်လေသည်။

သို့သော် မဝံ့မရဲဟန်ရှိသော မင်းထင်မင်းခေါင်ကို ကျွန်ုပ်သဘောမတွေ့လှပေ။

"ငါမရှိရင် ခံတပ်ကို မင်း တာဝန်ယူရမယ်ကြားလား..."

မင်းထင်မင်းခေါင်က တွေဝေစွာ ရပ်နေသည်။ သူက သူ့ညီကို တစ်ချက်မျှစွေကြည့်ကာ အမြောက်တပ်ဖွဲ့ရှိရာသို့ လှည့်ထွက်သွားသည်။ ကျွန်ုပ်လည်း သူ့နောက်မှ လိုက်လာခဲ့သည်။

တန်ခူးနေသည် တဖြည်းဖြည်း မြင့်တက်လာသည်။

"ဟော့...ဒီမှာ ဒဏ်ရာရတဲ့လူသုံးယောက်ရှိနေတယ်။

မင်းတို့ ခွာကြတော့ လူလဲပြီးပစ်ကြ"



BURMESE CLASSIC .com

www.burmeseclassic.com



အမြောက်တစ်လက် အနီးတွင်သူရပ်၍ စီစဉ်နေသည်။ ခံတပ်၏မြောက်ဘက်အစပ်သို့ ကျွန်ုပ်တို့ရောက်လာကြသည်။ ဤနေရာကား ဗုံးဆန်တို့ အပေါက်ကွဲဆုံး အမြောက်ဆန်များ အထူထပ်ဆုံး ကျရာနေရာ မြစ်ပြင်ဆီမှာ တရှီရှီပျံသန်းလာသော ဗုံးဆန်များသည် ကျွန်ုပ်တို့၏ ဝဲယာရှေ့နောက် ဝန်းကျင်တွင် တဝုန်းဝုန်း ပေါက်ကွဲနေလေသည်။

အမြောက်ဗုံးသံများကို သူကြားမှကြားပါလေစဟု ကျွန်ုပ်ထင်မိသည်။

သူသည် ဤမျှအဆက်မပြတ် ထွက်ပေါ်နေသော ပေါက်ကွဲသံများကို လျစ်လျူရှုကာ အမြောက်ဆန်များကို ကိုယ်တိုင်ဝင်သယ်ပေးသည်။

စနက်တန်ကို ကိုယ်တိုင်မီးရှို့သည်။

အမြောက်တပ်ဖွဲ့ရဲမက်များသည် သူတို့ဗိုလ်ချုပ်ကို ဤသို့တွေ့ရသောအခါ အတိုင်းအသိ တက်ကြွနေလေသည်။

မြေကြီးတုန်ခါသွားသည့် ပေါက်ကွဲသံကြီးတစ်သံကြားလိုက်ရသည်။

မြောက်ဘက်ဆီမှ····

www.burmeseclassic.com



"ဟော့...ဒါဟာ ကြက်တိုက်ကုန်းဘက်ဆီက မဟုတ်လား..."

"ဟုတ်ပါတယ် ဗိုလ်ချုပ်...."

"ငါ...အဲဒီဘက်သွားမှပဲ၊ ကောင်လေးတွေ နေရာအယူမှန်ကြရဲ့လား မသိဘူး"

"ဗိုလ်ချုပ်မသွားပါနဲ့...ဗိုလ်ချုပ်၊ ကြက်တိုက် ကုန်းဘက်မှာ ဗုံးထုပ်ထပ်လွှန်းလှပါတယ်"

"ဗိုလ်ချုပ်...မသွားနဲ့"

"မသွားပါနဲ့...မင်းကြီး၊ အဲဒီကိုမသွားပါနဲ့.."

အားလုံး တောင်းပန်နေကြသံများကြားထဲမှ သူ ထွက်လာသည်။

သူ့နောက်မှ ထက်ကြပ်လိုက်ပါရန်မှအပ အခြား မရှိတော့။

ကြက်တိုက်ကုန်းသည် အမြင့်ဘက်ကျသော နေရာဖြစ်လေ၏။

မြေပြင်ကား အထပ်ထပ် ထယ်ထိုးထားသော လယ်ကွင်းနှင့်မခြား ဖြစ်နေပေပြီ။ နေရာတိုင်းတွင် မွှမွ ကြဲနေသည်။ အဆက်မပြတ်သော ပေါက်ကွဲသံများဖြင့် တစ်ခဲနက် ဆူညံနေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



"ရဲမက်တို့...ရန်သူသင်္ဘောကို တည့်တည့် ချိန်လွှတ်ကြဟေ့..."

အမြောက်တစ်လက်နောက်သို့ သူသွားသည်။ ဒဏ်ရာရထားသော ရဲမက်တစ်ယောက်ကို သူပွေ့ချီကာ ကျင်းထဲသို့ချပေးသည်။ ထိုရဲမက်နေရာသို့ သူဝင်ယူလေသည်။ အမြောက်ဆန်ကို မီးရှို့သည်။

ထိုအခိုက်မှာပင် ဥပါပျံသကဲ့သို့သော အသံကြီး တစ်သံကို မြစ်ပြင်ဆီမှ ကြားလိုက်ရသည်။ ကျွန်ုပ်တစ်ကိုယ်လုံးရှိ သွေးများ ရပ်တန့်သွားသည်။ တရှဲရှဲသံကြီးကို ကြားနေရင်းမှပင် ဤအသံနှင့်အတူ ပျံသန်းလာမည့် ဗုံးဆန်သည် သူနှင့်တည့်တည့်နေရာသို့ ရောက်ရှိပေါက်ကွဲတော့မည်ဟု ကျွန်ုပ်အလိုလို သိလိုက်သည်။

ကျွန်ုပ်ဘာကိုမျှ မမြင်တော့...

"မင်းကြီး...ဗုံးပျံလာနေပြီ"

အသံကုန်အော်ရင်း သူ့ဆီသို့ တစ်ဟုန်ထိုးပြေးဝင်လိုက်၏။

ဗုံးပျံထက် အလျင်ဦးစွာ ကျွန်ုပ်ရောက်နိုင်ရမည်။

မြေစိုင်ခဲများ ကျွန်ုပ်အနီးတစ်ဝိုက်တွင် လွင့်စင်နေသည်။



BURMESE CLASSIC .com

www.burmeseclassic.com



မီးခိုးလုံးများအကြား တိုးဝင်ခဲ့သည်။

အလဲလဲအပြိုပြို အတိုးတိုးအဝှေ့ဝှေ့ဖြင့်…။

“မင်းကြီး…ကျင်းထဲခုန်ချပါ…ခုန်ချပါ”

ပျက်စီးနေသော အမြောက်တစ်လက်ကို ဝင်တိုက်မိသောကြောင့် ကျွန်ုပ်တလိမ့်ခေါက်ကွေး လိမ့်ကျသည်။

နာကျင်မှုကို မေ့ပျောက်လျက် ပြန်ထသည်။

တရှီရှီအသံကြီးက ပို၍ ကျယ်လောင်လာနေဆဲ…။

“မင်းကြီး…”

ပြင်းထန်လှသော ပေါက်ကွဲသံကြီးတစ်ခု။

ပတ်ဝန်းကျင်တခွင်လုံး ပြိုးပြက်ဝင်းထိန်သွားသော မြင်ကွင်း…။

ထို့နောက် မီးခိုးလုံးကြီးများ တလိပ်လိပ်။

“မင်းကြီး…”

အမြောက်ငယ်သည် ငှက်မွေးတစ်ပင်အလား လေထဲတွင် လွင့်စဉ်သွားသည်။

မီးခိုးများကြောင့် ကျိန်းစပ် ပူလောင်နေသော မျက်စိကို အားယူ၍ ဖွင့်ကြည့်လိုက်သည်။



BURMESE CLASSIC .com

www.burmeseclassic.com



လွင့်စင်သွားသော အမြောက်နှင့်အတူ လေထဲတွင် မြောက်ပါသွားသော သဏ္ဍာန်တစ်ခု…။

ထိုသဏ္ဍာန်သည် အောက်ဘက်ကျင်းထဲသို့ ကျသွားသည်။

ကျွန်ုပ် ခုန်ချလိုက်သည်။

ဘုရား…ဘုရား…၊ သူ…သူ…လွတ်ပါစေ။

ပိတ်ဆို့နေသော မီးခိုးလုံးများထဲသို့ ကျွန်ုပ်ဝင်ခဲ့သည်။

တစ်စုံတစ်ခုနှင့် ဝင်တိုက်သည်။

ဘာမျှမမြင်ရ။

တုန်နေသောလက်နှင့် ထိုအရာကို စမ်းသပ်ကြည့်လိုက်သည်။

ပူနွေးစေးထန်းသည့်အရည်များ…။

နှလုံးသည် ခံတွင်းပေါက်မှတဆင့် လွင့်စင်ထွက်သွားတော့မည် ထင်ရသည်။

မြစ်ပြင်ဘက်မှ လေပြင်းတစ်ချက် ဝှေ့သည်။

ကြက်တိုက်ကုန်းထက်ရှိ မီးခိုးများ ချက်ချင်းလွင့်သွားသည်။

ကျိုးကြေမက် ကြိတ်ခဲထားရသည့်အတွက်



BURMESE CLASSIC .com

www.burmeseclassic.com



အံသွားများနာကျင်နေသည်။

မျက်ရည်တို့ဖြင့် မသဲမကွဲဖြစ်နေသော်လည်း ကောင်းစွာ မြင်ရပေပြီ။

ရဲရဲနီသော သွေးတို့အလိမ်းလိမ်းရွှဲစိုနေသည့် သူ့မျက်နှာပြင်ထက်ဆီမှ စူးရှသော မျက်စိအစုံတို့သည် ခနဲဖြူခံတပ်၏ အရှေ့ဘက် ဧရာဝတီမြစ်ပြင်ဘက်ဆီသို့ ကြည့်လျက်သား...။

ရန်သူ့စစ်သဘော်များရှိရာ အရပ်သို့ကြည့်လျက်သား...။

သူ့သွေးများသည် ကျွန်ုပ်၏ မျက်ရည်များနှင့် ရောသွားသည်။

"ရန်သူကို ဆက်တိုက်လို့ အမိန့်ပေးခဲ့တဲ့ သဘောနဲ့ ဧရာဝတီဘက်ကို ကြည့်သွားတာလား ကိုရင်ရယ်..."

♦ ♦ ♦



BURMESE CLASSIC .com

www.burmeseclassic.com

တန်ခူးလပြည့်နေ့တွင် ကျွန်ုပ်ခံတပ်ကို ခွာခဲ့သည်။

တစ်ဦးတည်း…။ မြင်းတစ်စီးဖြင့်…။

သူ့ညီ မင်းထင်မင်းခေါင်ကား ခံတပ်ကို ဆက်ပြီး မဦးစီးခဲ့။

သူရဲဘောကြောင်သော ထိုသူသည် တပ်အချို့နှင့်အတူ တိတ်တဆိတ်ထွက်ပြေးသွားသည်။

အဦးအစီးမဲ့ပြီဖြစ်သော ခံတပ်ကြီးသည် ဖရိုဖရဲ ဖြစ်ရပြီ။

တပ်မှူးများသည် နေပြည်တော်သို့ အပြင်းဆုတ်သွားကြသည်။

**ရတနာပုံစာအုပ်တိုက်**

BURMESE CLASSIC .com

www.burmeseclassic.com



သူမရှိတော့ပြီဖြစ်သောကြောင့် ဤစစ်ကြောင်းများသည် ကျွန်ုပ်အတွက် ဗလာဟင်းလင်းဖြစ်သွားလေသည်။

ကြက်တိုက်ကုန်းပေါ်သို့ မြင်းကို ဒုန်းစိုင်းလိုက်သည်။

ဧရာဝတီမြစ်ထဲတွင်ကား ရန်သူသင်္ဘောများအမြောက်တစ်ချက်ချင်းဖောက်ကာ ခံတပ်ဆီသို့ ခုတ်မောင်းလာနေကြသည်။

အခုအခံမဲ့ခဲ့ပြီဖြစ်သော ဤခံတပ်ကြီးကို သင်းတို့မကြာမီပင် အလွယ်တကူစီးဝင် သိမ်းပိုက်ကြတော့မည်။

ကုန်းမြင့်တစ်နေရာသို့ ငုံ့ကြည့်မိသည်။

သူ ကျဆုံးခဲ့သည့်နေရာ။

ကျခဲ့သည့်မျက်ရည်တို့ကို တောက်ခေါက်၍ သိမ်းဆည်းလိုက်သည်။

သူကိုင်နေကျ လှံရှည်ကြီးကို ကျစ်ကျစ်ပါအောင်ဆုပ်လိုက်သည်။

မြင်းဇက်ကို တစ်ဘက်သို့လှည့်ယူလိုက်သည်။

ဓနုဖြူခံတပ်ကို ယခုအချိန်မှစ၍ အပြီးအပိုင်စွန့်ခွာရတော့မည်။

ရတနာပုံစာအုပ်တိုက်

BURMESE CLASSIC .com

www.burmeseclassic.com



သို့သော်...

သူနှင့်သူ့ဝိညာဉ်ကမူ ကျွန်ုပ်အသက်ရှင်နေသရွေ့ ကာလပတ်လုံး ကျွန်ုပ်နှင့်အတူ ရှိနေလိမ့်မည်။

မပြီးသေးသော တိုက်ပွဲများအတွက် ကျွန်ုပ်နှလုံးသားထဲတွင် သူကိန်းအောင်းနေလိမ့်ဦးမည်။

မိုးကောင်းမှ တောင်စားစော်ဘွားနေမျိုးသိန်ပရာဇာကို ဓနုဖြူခံတပ်တိုက်ပွဲအကြောင်းနှင့် ကြီးကျယ်မြင့်မြတ်စွာ သူကျဆုံးသွားပုံအကြောင်း ကျွန်ုပ်ပြောပြရမည်။

တောင်စားစော်ဘွားနှင့်အတူ ကျွန်ုပ်သည် သူစားဦးညွှန်ခဲ့သော စစ်မျက်နှာများဆီသို့ တိုက်ပွဲထွက်ရဦးမည်။

ကြက်တိုက်ကုန်းတစ်ဘက်သို့ ဆင်းခဲ့သည်။

အခြားတစ်ဘက်တွင် ဓနုဖြူခံတပ် ကျန်ရစ်ခဲ့လေတော့သည်။

ချစ်ဦးညို

♦ ♦ ♦

www.burmeseclassic.com

# မဟာသေနာပတိ

ချစ်ဦးညို



GRADE COMMANDER
Artist Ko San
Oil on Canvas
36" x